# လိုင်းကြာဖြူ

အဆိပ်တက်အိပ်မက် . . .

အိပ်ပျက်ညပေါင်းများ ကုဖို့ရှာ . . .



## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | – ပထမအကြိမ်၊ ၂၀၁၇၊ ဇွန်လ။ |
| ထုတ်ဝေသူ | – ဦးအေးလွင် (၀၀၄၀၅) ရွှေပဒေသာစာပေတိုက် အမှတ် (၃၃)၊ ကျိုက်တော်လမ်း။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | – ဦးအေးလွင် (၀၀၂၄၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် ၃၃၊ ကျိုက်တော်လမ်း။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချေး | – ၁၆၀၀ ကျပ် |
| အုပ်ရေ | – ၅၀၀ အုပ် |

၈၉၅.၈၃

လှိုင်းကြာဖြူ (လားရှိုး)

အဆိပ်တက်အိပ်မက် အိပ်ပျက်ညပေါင်းကုဋေကုဋာ/လှိုင်းကြာဖြူ(လားရှိုး)–

ရန်ကုန်၊

ရွှေပဒေသာစာပေ ၊ ၂၀၁၇။

၂၈၀ – စာ ၊ ၁၂ . ၇ × ၁၈ စင်တီ။

(၁) အဆိပ်တက်အိပ်မက် အိပ်ပျက်ညပေါင်းကုဋေကုဋာ


# အဆိပ်တက်အိပ်မက် အိပ်ပျက်ညပေါင်းကုဋေကုဋာ


လှိုင်းကြာဖြူ (လားရှိုး)

# အခန်း (၁)

''မှတ်တိုင်ပါတယ်''

''အမလေးတော်''

''အို ဖွတ်ကြီးပဲ''

''ဘယ်လိုဖြစ်ပြီး ဒီလောက်ထိ တိုးနေရတာလဲ''

ကိုယ့်အာရုံနှင့်ကိုယ် နားထဲ နားကြပ်တိုးထည့်ကာ သီချင်းသံကို တစိမ့်စိမ့် နားထောင်နေသော ဝင့်ဝါဖူးမှာ ရှေ့ဘက်သို့ ယိုင်လုအောင် တိုးခံရသဖြင့် လှည့်အော်ပစ်လိုက်သည်။

ဝင့်ဝါ ဘတ်စ်ကားစီးစီး၊ လမ်းလျှောက်လျှောက် နားထဲ

နားကြပ်ထည့်ထားတတ်တာက အကျင့်ဖြစ်နေပြီ။

ကိုယ့်ကိုလာတိုးသော သူကို လှည့်အော်ပစ်သည်။ မကြည့်သလို ကြည့်လိုက်တော့ တစ်ဖက်အမျိုးသားက တစ်ခုခုပြောတော့ ပြောသည်။

ဘာပြောမှန်းမသိ။

"ပြောရင် မသိသလိုလို ဘာလိုလိုနဲ့ ဘတ်စ်ကားပေါ်မှာဆိုပြီး ယုတ်ယုတ်လုပ်မယ်တော့ မကြံနဲ့ ဟွန်း"

တစ်ဖက်လူမှာ ဥပဓိရုပ်သန့်သန့် အသားညိုညို၊ အရပ်မြင့်မြင့်နှင့် ယောကျ်ားတစ်ဦးဖြစ်သည်။

စပို့ရှပ်အစင်းနှင့် ဘောင်းဘီအနက်ရောင်ကို ဝတ်ဆင်ထားပြီး လူရဲ့ ပုံပန်းသဏ္ဍာန်ကတော့ သန့်ပါရဲ့။

သို့သော် –

ဝင့်ကို တောင်းပန်ရကောင်းမှန်းမသိဘဲ ရှေ့သို့ ဖွတ်ဖို့ ပြင်နေတာကိုတော့ လုံးဝသည်းခံ၍ မရပေ။

"ဟော့လူ၊ ပြောနေတာကို မကြား။ အို ဒါ ဘာလုပ်တာလဲ"

"မင်းတစ်ယောက်တည်း ရန်တွေ့တတ်တာ မဟုတ်ဘူး မိန်းကလေး။ မင်းပြောတာကို ငါ မကြားတာမဟုတ်ဘူး။ ငါပြောတာကို



မင်းမကြားတာကွ"

"အို . . . တိုးတိုးအော်ပါရှင့်"

ရန်တွေ့ကောင်းနေသော ဝင့်ရဲ့နားမှာတပ်ထားသောနားကြပ်ကို ထိုလူက ဆွဲဖြုတ်ပြီး အော်ပြောလေသည်။

ကားပေါ်ကလူတွေက တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် အော်နေကြသော ဝင့်တို့နှစ်ယောက်ကို ပြုံးစိစိနှင့်ကြည့်သူက ကြည့်၊ ရှုံ့မဲ့မဲ့ကြည့်သူကကြည့်နှင့် ရှိသော်လည်း ဝင့်ကတော့ ပတ်ဝန်းကျင်ကို ဂရုစိုက်ရကောင်းမှန်းမသိဘဲ –

"ဒီလောက်ထိ ရှေ့တိုးနေရအောင် သူများတွေလည်း ပြေးပြေးလွှားလွှားနဲ့ အလုပ်လုပ်နေကြတဲ့ လူတွေချည်းပဲ။ ရှင်တစ်ယောက်တည်း အလုပ်ရှိနေတဲ့လူ မဟုတ်ဘူး"

"ဟမ် . . . ကျုပ်တစ်ယောက်တည်း အလုပ်ရှိနေတယ်လို့ မင်းကို မပြောပါဘူး"

"ဘာ . . . ရှင် စောစောတုန်းက ပြောလိုက်ပါတယ်၊ လူကို ဖြောင်လိမ်ဖြောင်စားနဲ့"

သူသာမက ကားပေါ်ကလူတွေအားလုံး ပြုံးစိစိဖြစ်သွားသော ဝင့် ပြောလက်စ စကားကို ရပ်လိုက်သည်။

စောစောတုန်းက ကိုယ် နားစွန်နားဖျား ကြားလိုက်ရတာကို ဘာမှန်းမသိ။ ယခုလည်း ပါးစပ်က ထွက်မိထွက်ရာ ထွက်သွားလေသည်။

“ရှေ့က အစ်ကိုနဲ့အစ်မ ရန်ဖြစ်ချင်ရင် အိမ်ရောက်မှ ဖြစ်ကြပါ။ ကားဆရာရေ မှတ်တိုင်ပါသေးတယ်”

“အံမာ”

သူနှင့်ကိုယ့်ကို ဘာလိုလိုပြောသဖြင့် ဝင့် ဒေါသူပုန်ထသွားရသည်။

မှတ်တိုင်တွင် ဝင့်ကောသူပါ မဆင်းကြပါ။ ကားပေါ်မှ ဆင်းသူက တစ်ယောက်နှစ်ယောက် ကားပေါ်သို့ တက်လာတာက လေးငါးဆယ်ယောက်ဆိုတော့ စောစောတုန်းက အာကျယ် အာကျယ် အော်ခဲ့သော ဝင့်မှာ အော်လည်းမထူးတော့။

ကားပေါ်သို့ တက်လာသောလူများကြောင့် သူမှာ ရှေ့တိုးရာကနေ ခရီးမရောက်တော့ဘဲ နောက်ပြန်ဆုတ်ရလေသည်။

ထိုင်ခုံတစ်ခုံ၏ နောက်တန်းကိုကိုင်ကာ အသေရပ်နေသော ဝင့်က မရွှေ့ဘဲ သူက ဝင့်ရဲ့နောက်သို့ အော်တိုမတ်တစ်ရောက်လာသည်။





ဝင့်က ကျောနောက်ဘက်တွင်ရှိသောသူကို မျက်စောင်းလှည့်ကြည့်ထိုးပုံကြောင့် ထိုလူမှာ ဝင့်အသားနှင့် မထိရေးအတွက် အသေအလဲ ကြိုးစားနေရရှာသည်။

ဒါကိုမြင်လျက်သားနဲ့ ဝင့် လုံးဝ အလျှော့မပေးဘဲ ခပ်မိန့်မိန့် ပြုံးလိုက်သည်။

တကယ်ဆိုရင် ဘတ်စ်ကားပေါ်မှာ တစ်ဦးနှင့်တစ်ဦး ထိမိခိုက်မိသည့်ကိစ္စမှာ ပြောရ ရန်ဖြစ်လောက်သောကိစ္စတစ်ခုတော့ မဟုတ်ပါ။

အပေါ်ထပ် ဝေ့စ်ကုပ်အင်္ကျီအိတ်ကပ်ထဲတွင် ထည့်ထားသော ဖုန်းရဲ့ vibrate ကြောင့် ဝင့် ထိုင်ခုံပေါ်တွင် ကိုင်ထားသော လက်ကို ဖယ်ကာ ဖုန်းကို နားထောင်လိုက်သည်။

“အေး ... ပြော ယုယ”

“မိန်းမ ... နင် ခုထက်ထိ မရောက်သေးဘူးလား”

“လာနေတာပဲဟာ၊ နင့်အဖေပိုင်တဲ့ကားနဲ့ လာရတာမဟုတ်ဘူး။ ဘတ်စ်ကားနဲ့လာရတာ”

“အမလေးတော် ... နင်ပြောပုံကလည်း။ စကားများမနေနဲ့ အစာလွတ်တော့မယ်”

"မလွတ်အောင် နှင်ထိန်းထားပေါ့။ အမြန်လာဆိုတိုင်း လာရအောင်လည်း ငါ့ကိုယ်ပေါ်မှာ အတောင်ပေါက်ပြီး ပျံထွက်လာမှပဲ ရမယ် သိလား"

ဝင့်က ဖုန်းပြောပြီဆိုလျှင် ပတ်ဝန်းကျင်ကိုမေ့ကာ တစ်ဖက်ဖုန်းရှင်နှင့် ရင်ဆိုင်ပြောနေရသလို ခြေဟန်လက်ဟန်တွေ ပါကုန်သည်။

"နင့်ကိုပြောလိုက်ရင် အဲဒီလိုပဲ အမြဲတမ်း။ အေး . . . ဒါဆိုရင်လည်း ဒါပဲ"

ယုယက မကျေနပ်သလို မှတ်ချက်ချကာ ဖုန်းကိုချသွားသည်။

"ကျွီ"

"အမလေး"

အမှတ်တမဲ့မို့ ဖုန်းပြောနေသော လက်ကို ခုံတန်းတွင် ပြန်မကိုင်မိဘဲရှိနေစဉ် ကားက ဘရိတ်ဆောင့်အုပ်လိုက်လေသည်။ ခြေလွတ် လက်လွတ် ဖြစ်သွားသော ဝင့်မှာ ကျောနောက်ဘက်တွင် ရပ်နေသော လူတစ်ယောက်ရဲ့ ရင်ခွင်ထဲ ပစ်စလက်ခတ် ရောက်သွားသည်။





"ဒီကားသမား အရမ်းပဲ"

နောက်ဘက်တွင် ထိန်းထားပေးသော ယောကျ်ားကို ကျေးဇူးတင်ရကောင်းမှန်းမသိစွာ မျက်စောင်းတစ်ချက်ထိုးကာ ကားသမားကို အပြစ်လှမ်းတင်လိုက်မိသည်။

"ဟောဗျာ ခင်ဗျားကလည်း ကျွန်တော့်ဘာသာ ကျွန်တော် နေတာ ခင်ဗျားက တိုက်လည်း တိုက်သေးတယ်၊ ကျေးဇူးတင်ရကောင်းမှန်းမသိပါလား"

"အို . . . ဘာလို့တင်ရမှာလဲ၊ မတင်နိုင်ပေါင်"

ဝင့် မျက်နှာနီနီနှင့် ရှက်ယမ်းယမ်းကာ ရှေ့ဘက်သို့ တိုးခဲ့မိသည်။

ဝင့်တို့နှစ်ယောက်ကိုပဲ ပြုံးစိစိနှင့် စိတ်ဝင်တစားကြည့်နေသော လူတွေကြောင့် ပို၍အနေခက်သွားသည်။

"မှတ်တိုင်ပါတယ်"

"ဟား ဟား"

နောက်က ခပ်သဲ့သဲ့ရယ်သံကြောင့် မျက်စောင်းလှည့်မထိုးမိအောင် အတင်းထိန်းထားရသည်။

ကိုယ်လိုရာခရီးကို မရောက်သေးသော်လည်း ကိုယ့်ဘာသာ

ကိုယ် မျက်နှာပူတာကော ဝင့်ရဲ့အမှားကို ထောက်ပြသော ယောကျ်ား ပျိုကိုလည်း မသိမဆိုင် ခွဲထည့်စိတ်ဆိုးကာ ကားပေါ်မှ လျှင်မြန်စွာ ဆင်းလိုက်သည်။

စပယ်ယာလေးကလည်း ပြုံးစိပြုံးစိနှင့်မို့ မျက်စောင်း အသေ ထိုးပစ်ခဲ့လိုက်သေးသည်။

ဟင်းနော်။

ဒီနေ့ ငါ ဘယ်လိုဖြစ်ပြီး အမှားတွေ တစ်ခုပြီးတစ်ခု မှားနေရ တာလဲ။

ဝင့်ရဲ့ အထက်လူကြီးသာသိလျှင် –

"ညည်းဟာ အမြဲတမ်း ရှုပ်ပြာရှုပ်ပြာနဲ့ တစ်ခုမဟုတ်တစ်ခု ပြောစရာတွေချည်းပဲ ဝင့်ဝါဖူး"

ဟု ထောပနာပြုပေလိမ့်မည်။

❋



# အခန်း (၂)

အိမ်အောက်ထပ်မှာ ကလေးတွေဆူညံနေသောကြောင့် ဒိုးရှုပ်နှင့်ဖိုးတုတ်တို့ ညီအစ်ကိုတွေ ရောက်နေကြောင်း 'ထင်ရဲမာန်' သိလိုက်သည်။

ဒေါ်လေးမှာ သူတို့နှင့်ခြံချင်းကပ်လျက်တွင်ရှိသော ဖိုးရှုပ်နှင့် ဖိုးတုတ်တို့ အမြွှာနှစ်ယောက်ကိုပဲ အဖော်ပြုနေရသည်။

သူ့ကိုဆို ဆီလို ရေလို အပေါက်ရှာကာ ပေါက်ပေါက်ဖောက် နေသော ဒေါ်လေးမှာ မျောက်ညီနောင်နှစ်ယောက် ဘာလုပ်လုပ် ဘာပြောပြော သဘောတွေကျကာ ချစ်မဝ ရှိနေလေသည်။

ထို့ကြောင့် တစ်ခါတလေ –

"ဒေါ်လေးက ကျွန်တော့်ကိုဆို မလိမ္မာတဲ့ကလေးများ မှတ်နေသလားမသိဘူး။ ဆူလို့ ပေါက်လို့ကို မပြီးဘူး။ ဟိုညီအစ်ကိုတွေနဲ့ဆိုရင် တည့်ပါ့"

"အမလေး တူလေး။ မင်းက ဘယ်အရွယ်ရောက်နေလို့ ကလေးတွေနဲ့ လိုက်တွက်ကပ်နေရတာလဲ"

"ဟာ ... ဒေါ်လေးကလည်း"

သူ့ကို ကလေးတွေနှင့် လိုက်တွက်ကပ်နေသည်ဟု ပြောသဖြင့် သူ့မှာ ရှက်ကိုးရှက်ကန်း ဖြစ်သွားရလေသည်။

တကယ်တော့ ဖိုးရှုပ်နှင့် ဖိုးတုတ်ဆိုသည့် နာမည်မှာ သူတို့အိမ်က နာမည်ပြောင်ပေးထားခြင်း ဖြစ်သည်။

သူတို့နှင့် ခြံချင်းကပ်လျက်တွင် ပြောင်းလာသော လင်မယားနှစ်ယောက်မှာ သူ့ထက် ငယ်ကြပါသည်။

သူတောင် ယခုမှ အသက် (၃၀) ဝန်းကျင် ရှိသေးသည်။

ဖိုးရှုပ်နှင့် ဖိုးတုတ် ညီအစ်ကိုရဲ့အသက်မှာ (၁၀) နှစ်ဝန်းကျင်ဆိုတော့ ဒီကောင်လေးနှင့်ဒီကောင်မလေး အရွယ်မတိုင်ခင် အိမ်ထောင်များ ကျလေသလားဟု သူ ကြံကြံဖန်ဖန် တွေးမိသည်။





"တူလေးရေ ... သားသမီးရဲ့အသီးအပွင့်ကို စားရမယ့်သူဆိုတာ အဲဒီလို မိဘတွေကိုခေါ်တာကွဲ့"

"ဟင် ... ဒေါ်လေးကလည်း ဘာမှမဆိုင်ဘူး"

သူက ခါးခါးသီးသီး ပြောတော့ ယောကျ်ားတစ်ခါမှ မယူဖူးဘဲ အိမ်ထောင်ရေးတရားဟောတတ်သည့် ဒေါ်လေးက ခပ်ပြုံးပြုံးပြီးကာ –

"ဆိုင်လား။ မဆိုင်လားတော့ မသိဘူး။ အရင်တုန်းကဆို သားသမီးတွေကို အရွယ်ရောက်လာတာနဲ့ လူကြီးမိဘတွေက အိမ်ထောင်ချပေးတော့တာပဲ။ မိဘတွေအရွယ်ကောင်းချိန်မှာ သားသမီးတွေကလည်း အရွယ်ရောက်ပြီ၊ မိဘတွေလည်း ခေတ်နဲ့အရမ်းကြီး နက်ခြေမပြတ်ဘူးပေါ့။ အရွယ်လွန်ခါမှ အိမ်ထောင်ပြုရင် သားသမီးတွေ အရွယ်ရောက်ချိန် မိဘက အရွယ်လွန်နေပြီ"

"ဒီတော့"

"ဒီတော့ မိဘရဲ့စကားကို သားသမီးတွေက လေးစားမှုနည်းသွားပြီ။ ခေတ်ကလည်း အရမ်းကွာနေတော့ ကိုယ်မြင်တဲ့အမြင်နဲ့ သားသမီးတွေမြင်တဲ့အမြင်က မတူတော့ဘူး။ နောက်ပြီး မိဘဆိုတာ သားသမီးဆီက ဘာမှ မမျှော်ကိုးတာတော့ မှန်တယ်။ ဒါပေမဲ့ ...

သားသမီးတွေရဲ့ သိတတ်မှုကိုတော့ မိဘတွေက လိုလားကြတယ်။ ကိုယ်က အရွယ်လွန်နေပြီ သားသမီးတွေက ပညာသင်တုန်းအရွယ်။ ကိုယ်ကွယ်လွန်တိမ်းပါးမှ ဒါမှမဟုတ် သားသမီးက အလုပ်နဲ့အကိုင်နဲ့ ဒီထက်ဆိုးတာ အိမ်ထောင်တွေဘာတွေကျဆိုတော့ ဘယ်သားသမီးရဲ့ လုပ်စာကို စားခွင့်ရတော့မလဲ''

''ဒေါ်လေးကလည်း တွက်ချက်ရေးကတော့ ဟုတ်နေတာပဲ နော်။ ဒါပေမဲ့ တစ်ခုတော့ရှိတယ် ဒေါ်လေး။ သားသမီးရဲ့လုပ်စာကို စားရဖို့ဆိုတာ သူ့ရဲ့ကုသိုလ်ကံနဲ့လည်းဆိုင်သေးတာပဲ မဟုတ်လား''

''တူလေး ... မင်းက ဒေါ်လေးကို မိကျောင်းမင်း ရေခင်းပြ နေတာလား''

သူများတွေ ဒေါသထွက်ပြီဆိုရင် ကြောက်စရာကောင်းသော်လည်း ဒေါ်လေးဒေါသထွက်ပြီဆိုလျှင် ကြောက်စရာမကောင်းဘဲ ရယ်စရာတောင် ကောင်းနေသေးသည်။

သူတို့အိမ်မှာ ဘယ်သူမှ စကားကို ကြမ်းကြမ်းတမ်းတမ်း ရိုင်းရိုင်းစိုင်းစိုင်း မပြောတတ်သဖြင့် ဆဲတာ ဆိုတာ၊ အော်တာ ဟစ်တာမရှိဘဲ စိတ်ဆိုးလို့ အော်သံလေးသံမှာတောင် ဝေါက်ငမ်းမှုတွေ မပါ။





''ကျွန်တော် လူပျိုကြီးမလုပ်ပါဘူး ဒေါ်လေးရာ။ အင်း ဒါပေမဲ့ ကံပါလို့ လူပျိုကြီးဖြစ်ရင်တော့ မသိဘူးပေါ့နော်''

''မင်းပြောလိုက်ရင် အဲဒီလိုတွေချည်းပဲ။ နေဦး မင်းယူလာတာကို ငါမစောင့်နိုင်တော့ဘူး။ ငါကိုယ်တိုင်ပဲ မင်းအတွက် သတို့သမီး အရှာထွက်တော့မယ်''

''ဟာ ... ဒေါ်လေး အဲဒီလိုတော့မလုပ်နဲ့နော်။ ကျွန်တော့် သဘောဆန္ဒမပါဘဲ ဘာမှမလုပ်ပါနဲ့။ ပြီးမှ မျက်နှာပျက်ရတာတွေ ဖြစ်ရင် မကောင်းဘူး''

ဒေါ်လေးစံပယ်က သူ့ကို မကြည်သလိုကြည့်သော်လည်း သူ မသိချင်ယောင်ဆောင်လိုက်သည်။

သူ ခံယူထားတာကတော့ လူတစ်ဦးနှင့်တစ်ဦး ပေါင်းဖက်သည့်ကိစ္စတွင် ကြားပွဲစားမလိုအပ်ဟု။

တစ်ယောက်နှင့်တစ်ယောက်အကြောင်း မသိသည့်သူစိမ်းလူနှစ်ယောက်။ ကိုယ့်စိတ်နှင့်ကိုယ်တောင် တစ်ခါတလေ နိုက်ရန်ဖြစ်ပွားနေတာ။ သူစိမ်းလူနှစ်ယောက် အတူနေကြလျှင် ပိုဆိုးတာပေါ့။

သူ့အကြောင်းကိုယ်မသိ၊ ကိုယ့်အကြောင်း သူမသိ။ နားလည်မှုသာတည်ဆောက်မထားလျှင် ထိုလူနှစ်ယောက် မည်ကဲ့သို့

ပေါင်းဖက်ကြမည်နည်း။

နားလည်မှုတည်ဆောက်ဖို့ဆိုတာကလည်း ကိုယ့်စိတ်နှင့် တွေ့သောသူကိုသာ နားလည်မှုတည်ဆောက်နိုင်မည် မဟုတ်လား။

"အင်းပေါ့လေ . . . မင်းက ဒေါ်လေးရဲ့စကားကို ဘယ်နား ထောင်ချင်မလဲ"

"ဟာ . . . ဒေါ်လေး"

ဝမ်းနည်းသလိုပြောလိုက်သော ဒေါ်လေးရဲ့စကားကြောင့် သူ လန့်ဖျပ်သွားသည်။

ဒေါ်လေးလည်း သူ့စကားကို နားမထောင်လျှင် တစ်ခါ တစ်ခါ ဒီလိုပဲ ဝမ်းနည်းသွားတတ်သည်။

အင်းပေါ့လေ။

အကြောင်းတရားကလည်း ရှိခဲ့သည်ကိုး။

ဒေါ်လေး အေးတယ်ဆိုတာ မေမေ့ကိုဘယ်ဗီမလဲ။ နှင်းဆီနဲ့ စံပယ်ဆိုတဲ့ ညီအစ်မနှစ်ယောက်ဟာ အမြွှာတမျှနီးပါး တူညီသည့် အထက်အောက်ညီအစ်မများ ဖြစ်ကြသည်။

စံပယ်၊ နှင်းဆီဟု နာမည်များပေးထားသော်လည်း စံပယ် ဆိုသည့်နာမည်နှင့် ဆန့်ကျင်သော ဒေါ်လေး။ နှင်းဆီဆိုတဲ့နာမည်နှင့် ဆန့်ကျင်သော မေမေ။ သူတို့ခေတ်စကားနှင့်ပြောရလျှင် ဒေါ်လေးက ဆိုရှယ်ကျသူ။ မေမေက အရာရာကို အရှက်အကြောက်ကြီးတဲ့သူ။

ဤသို့သော ဆန့်ကျင်ဘက်အသွင်သဏ္ဌာန်တွေနှင့်ရှိသော ညီအစ်မနှစ်ယောက်ကြား 'ကိုထင်လတ်' ဆိုသည့် ကျောင်းဆရာ တစ်ဦး ဝင်ရောက်လာသည်။

အဖြစ်က စာရေးဆရာမ မိုးမိုးအင်းလျားရေးသော ဝေမလို နင့်ကြွေ ကြွေမလိုနင့်ဝေဆိုသည့် စာအုပ်ထဲကလို ဖေဖေသည် ဒေါ်လေးနှင့် ဇာတ်လမ်းတွေ ဘာတွေဖြစ်တော့မလိုလိုဖြစ်ပြီးမှ မေမေ နှင့် လက်ထပ်လိုက်သောကြောင့် ဖြစ်သည်။

သူငယ်ငယ်ကဆို မေမေက လေသံအေးအေးဖြင့် –

"သားလေးရဲ့ဒေါ်ကြီးက အင်မတန် သဘောထားပြည့်တဲ့ သူပါကွယ်။ မေမေ့ကို ဒေါ်သဖြစ်သင့်ပါလျက်နှင့် မဖြစ်ဘဲ နေနိုင်ခဲ့ ဘာ"

ဒေါ်လေးကျတော့တစ်မျိုး။

"သူစိမ်းယောက်ျားတစ်ယောက်အတွက် ညီအစ်မ နှစ် ယောက် မခေါ်နိုင်မပြောနိုင်ဖြစ်ရတယ်ဆိုတာ ရှက်စရာကောင်းပါတယ် ဘူလေးရယ်"

ဖေဖေနဲ့မေမေကတော့ ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားကြ သည်။ သူ့ကို အစစအရာရာ ပြုစုထောက်ပံ့ခဲ့သူမှာ ဒေါ်လေးစံပယ်သာ ဖြစ်သည်။

ရင်ထဲမှာ ဝေဒနာအဖြစ် ဆူးစူးနေခဲ့သော ဒေါ်လေးရဲ့ သိမ်ငယ်စိတ်မှာ ဘယ်တော့မှ ပျောက်ပျက်သွားပုံမရ။ တစ်ခါတလေ သူ ကန့်လန့်လုပ်မိလျှင်တော့ ဒေါ်လေးခမျာ သိမ်ငယ်စိတ်ကြောင့် ဝမ်းနည်းမဆုံး ရှိနေတတ်သည်။

သူ ဒေါ်လေးထိုင်နေသည့် ခုံဘေးသို့သွားကာ ဒေါ်လေးရဲ့ လက်ကို ဆုပ်ကိုင်ကာ –

"ဒေါ်လေးရယ် ... အဲဒီလို ဘယ်တော့မှ မပြောပါနဲ့ဗျာ။ ဒေါ်လေးဟာ ကျွန်တော့်ရဲ့ ဒုတိယမေမေဆိုရင်လည်း မမှားပါဘူး။ ဒါကြောင့် ဒေါ်လေးမျက်နှာငြိုးရင်တောင် ကျွန်တော် အပြစ်မကင်း သလို ခံစားရလို့ပါ"

"ဒါဆိုရင် ဟိုကိစ္စကကော"

"ဒေါ်လေးမှာ ဟိုမျောက်နှစ်ကောင်ရှိနေတာပဲ၊ ဖြည်းဖြည်း ပေါ့"

"အံမာ အံမာ ... သူများသားသမီးတွေကို မျောက်တဲ့"





"ဟုတ်တယ်လေ၊ တကယ့်မျောက်အစစ်တွေတောင် အဲဒီ လောက်လို သောင်းကျန်းမှာမဟုတ်ဘူး။ အဲဒါကြောင့် ကောသီတို့ သင်မယားနှစ်ယောက်က ဒေါ်လေးရဲ့အိမ် မျောက်နှစ်ကောင်ပို့လိုက်ပြီ ဆိုရင် လွတ်ပလွတ်ကျွတ်နဲ့ ပျော်နေကြတာလေ"

"တော်ပါတော့ တူလေးရယ်၊ မင်းကိုပြောလိုက်ရင် မြားဦးက သူများတွေတာက်ပဲ လှည့်မနေနဲ့၊ တစ်ခုပဲရှိတယ်၊ မင်းအရွယ်ငယ်တော့ ဘာမဟုတ်ဘူးနော်။ အိမ်ထောင်ရေးကိစ္စ သွေးအေးမနေနဲ့"

နောက်ဆုံးတော့ မဆိုက်ချင်သောဘူတာသို့ ဆိုက်ဆိုက်နေ သဖြင့် 'ထင်ရဲမာန်' အီလည်လည်နှင့် ခေါင်းညိတ်လိုက်ရသည်။

ခက်ပါ့။

အိမ်ထောင်ပြုတယ်ဆိုတာ ငှက်ပျောသီးအခွံခွာစားသလို သွယ်လျှင် သိပ်ကောင်းမည်။ ခုတော့။

# အခန်း (၃)

"ဝင့်ဝါဖူးရေ အယ်ဒီတာချုပ်ခေါ်နေတယ်"

"ဟုတ်ကဲ့ မမစီ"

ဝင့်က နာမည်ကြီး 'The opening news' သတင်းစာတိုက်မှ အကြီးတန်းသတင်းထောက် ဂျာနယ်လစ်တစ်ဦး ဖြစ်ပါတယ်။

ဝင့်တို့သတင်းစာတွင် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး သတင်းအစုံပါဝင်ပါသည်။ မှုခင်းသတင်း အတိုအထွာတွေလည်း ပါတတ်ပါသေးသည်။

ဝင့်ကတော့ စီးပွားရေးသတင်းလွှာအတွက် တာဝန်ယူထား





သူမို့ စီးပွားရေးလုပ်ငန်းရှင်တွေကို အင်တာဗျူးရတာကော၊ သတင်းရှာဖွေရတာကိုပါ တာဝန်ယူရပါသည်။

သတင်းအတတ်ပညာတွေ ဝင့်ရဲ့လက်ဦးဆရာဖြစ်သော ဆရာဦးသိန်းဟန်ကတော့ –

"သတင်းထောက်လှမ်းတဲ့နေရာမှာ မြန်လည်း မြန်ရမယ်။ မှန်လည်းမှန်ရမယ်။ တိကျမှုလည်းရှိရမယ်။ လျှင်မြန်စွာ သတင်းထောက်လှမ်းခြင်းက သတင်းထောက်တစ်ယောက်အတွက် ကြီးမားသော အားသာချက်တစ်ခုပဲ။ နောက် အဲဒီသတင်းဟာ မှန်ကန်တိကျဖို့လည်းလိုတယ်။ မမှန်ကန်မတိကျဘဲ သတင်းဦးသတင်းထူးဆိုပြီး လျှင်မြန်စွာ ဖော်ပြလိုက်ရင်တော့ သွားပြီ။ မမှန်ကန်တဲ့သတင်းကြောင့် ဘက်ဖက်လူက ကိုယ့်ကို တရားစွဲနိုင်တဲ့ပုဒ်မတွေ အများကြီးရှိလာပြီ။ နောက် ပြည်သူလူထုက ကိုယ့်ရဲ့ မမှန်မကန်ဖော်ပြမှုကြောင့် ကိုယ့်သတင်းစာတိုက်ကို အထင်သေးသွားနိုင်တယ်။ ခုဆို ဆရာ မကြာခဏ တွေ့နေတယ်။ မှားယွင်းဖော်ပြမှုအတွက် တောင်းပန်ပါတယ် ဘာညာနဲ့ သတင်းထောက်တစ်ယောက်အတွက် အဲဒီလို မှားယွင်းမှု လုံးဝကို မရှိသင့်တာ"

"ဟုတ်ကဲ့ပါ ဆရာ ... ဝင့် နားမလည်တာတစ်ခုရှိပါတယ်၊

တချို့ပေါ့။ ကာယကံရှင်ကို အင်တာဗျူးတုန်းကတစ်မျိုး၊ နောက် သတင်းစာမှာ ပြန်ဖော်ပြတာကျတော့ ကာယကံရှင်က ဘာမှမပြောတဲ့ စကားတွေရှိတယ်၊ အဲဒီအတွက်ကျတော့ကော''

တစ်လောတုန်းက ဖြစ်သွားသည့် နာမည်ကြီးအနုပညာရှင် တစ်ယောက်နှင့်ပတ်သက်သည့် ကိစ္စရပ်ပေါ်မှာ အခြေခံပြီး ဝင့် မေး လိုက်ခြင်းဖြစ်သည်။

နာမည်ကြီးသရုပ်ဆောင်တစ်ယောက်ကို သတင်းထောက် အင်တာဗျူးရာတွင် မေးတုန်းကတစ်မျိုး၊ ဂျာနယ်တွင် ဖော်ပြတော့ မင်းသမီးက ဖြေလိုက်သည့်မေးခွန်းကို သူ့ထင်မြင်ယူဆချက်နှင့် လျှောက်ရေးခဲ့သည့်ကိစ္စ။ နောက် ထိုမင်းသမီးအပေါ်တွင် ပုဂ္ဂိုလ်ရေး ဆိုင်ရာ သုံးသပ်ချက်တွေနှင့် ဖော်ပြသွားခဲ့သည်။

မင်းသမီးကလည်း နာမည်ကြီးမင်းသမီးဆိုတော့ မီဒီယာ အားလုံးကို ဖိတ်ခေါ်ကာ သတင်းစာရှင်းလင်းပွဲတွေလုပ်သည်။

ထိုကိစ္စရပ်သည် ဝင့်တို့မီဒီယာလောကတွင် ဟိုးဟိုးကျော် နာမည်ကြီးသွားခဲ့သည်။ မင်းသမီးကလည်း နာမည်ကြီးမင်းသမီး၊ သတင်းထောက်ကလည်း ဝါရင့်သတင်းထောက်တစ်ယောက်။

''အဲဒီလိုကိစ္စကတော့ အသိသာကြီးပဲလေ။ အဲဒီ သတင်း





ထောက်မှာ တာဝန်လုံးလုံးရှိသွားပြီ၊ ဆရာတို့လောကမှာ ကြုံတွေ့နေရ တာ တစ်ခုရှိတယ်။ အဲဒါဟာ ပြဿနာတစ်ရပ်လို့လည်း ပြောလို့ရ တယ်''

''ဘာများလဲ ဆရာ''

''သတင်းထောက်တစ်ယောက် စောင့်စည်းရမယ့် စည်းထဲမှာ သူများမပြောချင်တဲ့ ကိုယ်ရေးကိုယ်တာကို အတင်းဝင်ရောက်စွက်ဖက် ခွင့်မရှိဘူး။ နောက် အင်တာဗျူးမှာ မေးခဲ့တဲ့မေးခွန်းကိုပဲ အမှားအယွင်း မရှိ ပြန်လည်ဖော်ပြရမယ်''

''ဟုတ်ကဲ့ ဆရာ''

''အဲဒီအင်တာဗျူးမှာ ခင်လို့ဆိုပြီး လိုတိုးပိုလျှော့ ရေးလို့ မရဘူး။ ငါနဲ့ခင်လို့ဆိုပြီး မဆိုင်တာတွေ လျှောက်ရေးတာ၊ အကျင့် မကောင်းလို့ဆိုပြီး အမြင်ကတ်စကားလုံးတွေ လျှောက်ရေးတာတွေ၊ ဒါဟာ ပုဂ္ဂိုလ်ရေးဆိုင်ရာ တိုက်ခိုက်မှုတွေဖြစ်သွားတယ်။ နောက် ဒီလိုမြင်၍ ဒီလိုသုံးသပ်ရပါတယ်လို့ ရေးခွင့်မရှိဘူး။ အဲဒီ အပြန်အလှန် အင်တာဗျူးကို ကိုယ်ပိုင်ရှုထောင့်နဲ့ ဝေဖန်သုံးသပ်ခွင့်ရှိသူက စာဖတ် သူ ပရိသတ်မှာပဲ သုံးသပ်ခွင့်ရှိတယ်။ ဒါကြောင့် ဆရာတို့ သတင်း ထောက်အလုပ်ဆိုတာ အချိန်မရွေး ထောင်ထဲရောက်သွားနိုင်တဲ့

အလုပ်ဆိုတော့ အစစအရာရာ အသိ၊ သတိနဲ့လုပ်ပါလို့ပဲ ဆရာမှာ ချင်တယ်''

''ဟုတ်ကဲ့ပါ ဆရာ''

ဆရာဦးသိန်းဟန်သည် ယခု သတင်းစာလောကမှ အနား ယူသွားပါပြီ။ သို့သော် ဝင့်ဝါဖူးမှာ ဆရာဆီမှ အတတ်ပညာကောင်း များစွာ တတ်မြောက်ရရှိခဲ့ပါသည်။

သတင်းထောက်တစ်ယောက်ရဲ့ လုပ်ထုံးလုပ်နည်းများကို ကောင်းမွန်စွာ နားလည်သည်။ ဝင့်ဝါတွင် အားနည်းချက်တစ်ခုက ရှုပ်ပြာ ရှုပ်ပြာ နိုင်တတ်ခြင်းဖြစ်ပြီး သတင်းထောက်ရာတွင် အားနည်း ချက်မရှိ ဟာကွက်မရှိအောင် ဆောင်ရွက်နိုင်ခြင်း ဖြစ်သည်။

ဘယ်သတင်းမဆို တိုက်မှာ ဝင့်အမှားကြောင့် လိုက်လံဖြေ ရှင်းရတာမရှိသဖြင့် တစ်ခါတလေ အယ်ချုပ်က စိတ်လိုလက်ရရှိချိန်

''ဝင့်ဝါရယ်၊ ညည်းမှာ ရှုပ်ပြာ ရှုပ်ပြာအကျင့်စရိုက်သာ မရှိ မနေရင် အကုန်လုံးပြီးပြည့်စုံတဲ့ သတင်းထောက်တစ်ယောက်ဖြစ်ပြီ။ အခု အဲဒီ ရှုပ်ပြာရှုပ်ပြာနိုင်တဲ့အကျင့်က ညည်းကို ဆန်အိုးထဲ ကြွက် ချေးစင်သဖြင့် ဖျက်ဆီးနေတာ။ အကျင့်စရိုက်ဆိုတာ ပြုပြင်လို့ရပါ တယ် ငါ့တပည့်ရယ်''





ဟု ဆုံးမတတ်သည်။

ယခုလည်း အယ်ဒီတာခေါ်သည်ဆိုတော့ ဝင့်ဝါဖူး အယ်ဒီ တာချုပ်ရုံးခန်းသို့ လျင်မြန်စွာ လျှောက်ခဲ့သည်။

''ဒုန်း''

''ခုလွှမ်း''

''အမလေး''

အယ်ချုပ်အခန်းထဲမှ ထွက်လာသော အငယ်တန်း သတင်း ထောက် ကျော်ကျော်နှင့် တိုက်မိတော့သည်။ ကျော်ကျော့်လက်တွင် ကိုင်လာသော ကော်ဖီပန်းကန်လွတ်မှာ အောက်သို့ ပြုတ်ကျကွဲသွား လေသည်။

''ဝင့်ဝါဖူး''

အယ်ချုပ်ရဲ့အသံ ဟိန်းထွက်လာတော့ ဝင့်ဝါဖူးရဲ့ မျက်နှာ လေး ဗီရွက်လောက်ပဲရှိတော့သည်။ မျက်နှာငယ်လေးနှင့်ကြည့်တော့

''ညည်းတော့အေ ... တော်ပြီ ထားခဲ့။ အဲဒါ ကျော်ကျော် ရှင်းလိမ့်မယ်၊ လာခဲ့''

ဝင့်ဝါဖူး အယ်ချုပ်ရဲ့စားပွဲရှေ့သို့ ငြိမ်ကုပ်ကုပ်ဖြင့် ရောက် သွားသည်။

အဲဒီလိုပါဆို၊ ဝင့်ဝါမှာ သေချာရည်ရွယ်ထားသည့် စိတ်ဆန္ဒ မရှိသော်လည်း မကြာခဏ အမှားမှား အယွင်းယွင်း ဖြစ်နေတာတော့ မတတ်နိုင်တော့ပေ။

"အယ်ဒီတာချုပ် ခေါ်တယ်ဆိုလို့"

"အေး . . . ဟုတ်တယ် ညည်း ချင်းတွင်းရေ construction နဲ့ပတ်သက်ပြီး ဘာတွေသိထားလဲ"

"ချင်းတွင်းရေက နာမည်ကြီးဆောက်လုပ်ရေးလုပ်ငန်း တစ်ခုပါ အယ်ဒီတာချုပ်။ မော်လမြိုင်၊ မန္တလေးမြို့ကြီးမှာ သူတို့တာဝန်ယူ ထားတဲ့ ဆောက်လုပ်ရေးဆိုက်ကြီးတွေ ရှိပါတယ်"

"ဟုတ်ပြီ . . . အဲဒီချင်းတွင်းရေက မန်နေဂျင်းဒါရိုက်တာ နဲ့ ပတ်သက်ပြီး သတင်းအချို့ ထွက်နေတာကော ညည်းသိပြီးပြီ လား"

"ဟင့်အင်း"

ဝင့်ဝါ တကယ်မသိ၍ ခေါင်းယမ်းလိုက်သည်။ အယ်ဒီတာချုပ်က သူ့ရှေ့တွင် ဝိတ်ထားသည့် မီးခိုးရောင်ဖိုင်အထူကို ဝင့်ဝါထံ ကမ်းပေး ပြီး . . .

"အဲဒီထဲမှာ ငါလိုချင်တဲ့အချက်တွေ ပါတယ်။ ညည်း





လေ့လာလို့ရအောင် ယူသွား။ ငါတို့ရဲ့ 'The opening news' နှစ်ပတ် လည်နေ့မှာ သတင်းထူးသတင်းဦးအနေနဲ့ ဖော်ပြချင်တယ်။ အချိန် တွေ အများကြီး ရှိပါသေးတယ်"

"ဟုတ်ကဲ့ပါ အယ်ဒီတာချုပ်"

"ဟုတ်ပြီ . . . အဲဒါဆို သွားလို့ရပြီ။ ဪ ဒါနဲ့ နေပါဦး။ ဟိုတစ်ပတ်က သတင်းကိစ္စကကော ပြတ်ပြီလား"

"ဟုတ်ကဲ့၊ တစ်ရက် နှစ်ရက်လောက်နေရင် ပြတ်ပါပြီ အယ်ဒီတာချုပ်"

"အိုကေ"

အယ်ဒီတာချုပ်ရဲ့ရုံးခန်းမှ ပြန်ထွက်လာတော့ ဝင့်ဝါ ကိုယ့်ရဲ့စားပွဲ ခုံရှေ့တွင် ဝင်ထိုင်လိုက်သည်။

အယ်ဒီတာချုပ်ပေးလိုက်သော မီးခိုးရောင်ဖိုင်ကို ဖွင့်ကြည့်လိုက်စဉ်

"ဟင်"

မြင်လိုက်ရသူကြောင့် ခပ်လျော့လျော့ဖြစ်နေသော ဝင့်ဝါ့ရဲ့ ကိုယ်ကြီး မတ်သွားကာ ဖိုင်ကို အလောတကြီး ဆွဲယူကြည့်လိုက် သည်။

"ဝိုင်ဖြိုးသိုက်"

ချင်းတွင်းရောရဲ့ မန်နေးဂျင်းဒါရိုက်တာတဲ့။ ဝင့်ဝါသိနေတာက 'သိုက်' အိတ်စပို့ အင်ပို့စ်ကုမ္ပဏီပိုင်ရှင် 'ပိုင်ဖြိုးသိုက်'။

ဗိုင်ကိုင်ထားသော ဝင့်ဝါရဲ့လက်ချောင်းတွေမှာ တင်းခနဲဖြစ်သွားကာ မျက်နှာကလည်း တစ်မဟုတ်ခြင်း တင်းမာအေးစက်သွားလေသည်။

❋



## အခန်း (၄)

"ငါတို့လည်း အလုပ်ရှုပ်တာပဲ ဝင့်ဝါရယ်။ ဒါပေမဲ့ သူငယ်ချင်းတွေ တွေ့ဖို့ ဆုံလိုက်တိုင်း အမြဲတမ်း နောက်ကျနေတာ နင်ပဲ"

"အေးလေ၊ ယုယလည်း နင့်လို သတင်းထောက်ပါပဲနော်။ ဒါပေမဲ့ သူငယ်ချင်းတွေ တွေ့မယ်လို့ ဆုံလိုက်တိုင်း သူ အမြဲတမ်း ငါတို့ရောက်သလို ရောက်တာပဲ"

ကေသွယ်နှင့် ဖြူနှင်းဝေက ဝင့်ဝါကို မကျေနပ်သလို ပြောကြသည်။

ယုယကတော့ –

"အဲဒီလိုမပြောကြပါနဲ့ အမိတို့ရယ်။ ဝင့်ဝါနဲ့ငါက သတင်းထောက်ချင်းတူပေမယ့် လုပ်ရတဲ့အလုပ်ချင်းက မတူဘူးလေ။ သူက ငါ့ထက်ပိုပြီး ရှုပ်တယ် အမိတို့ရေ"

"တော်ကလည်း ဝင်ပြောနေ။ အမြဲတမ်းရှုပ်တာတော့ မဟုတ်နိုင်ပါဘူး"

"တော်ကြပါတော့ မိန်းမတို့ရယ်၊ နင်တို့မှာလည်း ငါနဲ့ မတွေ့လိုက်နဲ့ တွေ့လိုက်တာနဲ့ စကားနာထိုးလို့ကို မပြီးတော့ဘူး"

"အေးလေ"

ယုယကတော့ ဝင့်ဝါဖူးရဲ့အလုပ်ကို နားလည်သူမို့ အေးအေးဟု ထောက်ခံတော့ ကေသွယ်နှင့်ဖြူနှင်းဝေက အမှတ်မပါသည့် မျက်စောင်းထိုးကြလေသည်။

"ကဲ ဘာမှာကြပြီးပြီလဲ"

"ယုယက ယိုးဒယားခေါက်ဆွဲကြော် မှာထားတယ် ကေသွယ်နဲ့ဖြူနှင်းက ထမင်းကြော်ပဲ မှာကြတယ်"

"အဲဆို နင်တို့နဲ့ပဲ အတူစားတော့မယ်။ မောင်လေးရေ သခော်သံမှုရာတစ်ခွက်"

"အံမာ . . . ဘယ်သူက ပေါင်းစားမယ်ပြောလို့လဲ"





ဖြူနှင်းဝေရဲ့စကားကို ဝင့်ဝါ မကြားချင်ယောင်ဆောင်လိုက်သည်။

ဒီလိုပဲ သူငယ်ချင်းတွေက မတွေ့တော့လည်း မတွေ့ကြလို့ တွေ့တော့လည်း တစ်ယောက်နှင့်တစ်ယောက် စကားနာထိုးကြ၊ ပြောကြဆိုကြ။ အင်း ဒါဟာလည်း သူငယ်ချင်းတွေရဲ့ အကျင့်စရိုက်ပဲလား မသိ။

ဝင့်ဝါဖူး၊ ယုယမေတ္တာ၊ ကေသွယ်နှင့် ဖြူနှင်းဝေတို့က ဘက္ကသိုလ်ရောက်မှ ခင်ကြသော်လည်း ဗရုတ်သုတ်ခတွေမို့ ခဏလေးနှင့် သူငယ်ချင်းတွေ ဖြစ်သွားကြသည်။

စာတော်ရဲ့သားနှင့် အတန်းမမှန်တာလည်း သူမတို့အုပ်စု။ မိန်းကလေးတွေတန်မဲ့ ဗရုတ်သုတ်ခတွေ လုပ်တတ်တာလည်း သူတို့။

ကျူတိုရီရယ်မမှန်၊ အတန်းမမှန်ပေမယ့် စာမေးပွဲဖြေလိုက်တိုင်း အမြဲတမ်း အမှတ်ကောင်းနေသဖြင့် နင်တို့တွေ စာမေးပွဲကျကို ကျဦးမယ်ဟု ကြိမ်းဝါးခဲ့သော ဆရာမတွေမှာ အခက်တွေ့ကြသည်။

ထိုသို့ ပျော်ရွှင်ခဲ့ဖူးသော ကျောင်းတော်ဘဝကို ပြန်တွေးမိပြန်တော့လည်း လက်ရှိအလုပ်တွေနှင့် ရှုပ်နေသောဘဝကို ခဏခေါက်ထားချင်သည်။

ပျော်ရွှင်ခဲ့ဖူးသော ကျောင်းသားဘဝဆီ ပြန်ပြေးသွားချင်သည်။

ကျောင်းပြီးတော့ ကေသွယ်က အိမ်ထောင်ကျသည်။ အိမ်နေရင်း အချက်အပြုတ် မပြတ်အောင် အထည်များကို လပေးနှင့်ရောင်းသည်။

အထည်များ ရောက်လာသည့်အချိန်တွင်သာ အလုပ်ရှုပ်သော်လည်း ဝယ်မည့်သူများကို ဖုန်းဆက် 'အထည်လာကြည့်ကြဦးနော်။ ဒီတစ်ခေါက်အထည်တွေ ဆန်းတယ်' ဆိုရုံနှင့် အိုးမကွာ အိမ်မကွာ။

ဖြူနှင်းဝေကတော့ ပြီးခဲ့တဲ့လကမှ အိမ်ထောင်ကျသည်။ လင်မယားနှစ်ယောက်စလုံး ကုမ္ပဏီအတူတူပဲမို့ မနက် ထမင်းချိုင့်နှင့် အတူထွက် ညနေရုံးဆင်းတော့ အတူတူပြန်ဆိုတော့ ဖြူနှင်းဝေရဲ့ဘဝကလည်း သိပ်ခက်ခဲလှသည်တော့မဟုတ်။

ယုယနှင့်ဝင့်ဝါသာ သတင်းထောက်အလုပ်တွေနှင့် ပြေးလိုက်လွှားလိုက်နှင့်မို့ အလှမပျက် စိတ်မတက်ဘဲ လှချင်တိုင်းလှနေတော့သည်။ ဒီလိုဆိုတော့လည်း အပျိုကြီးတို့ရဲ့ ကမ္ဘာလောက,က သာယာလှချည်လား။





''အံမာ ... ပြောတတ်တယ်နော် ပြောတတ်တယ်။ ပြောတတ်တဲ့ပါးစပ် ရွှေတောင်ချထားရမလို ဖြစ်နေပြီ။ လင်မရှိတဲ့မယားတင့် တယ်တယ်လို့ မရှိပါဘူးအေ''

ကေသွယ်က ဝင့်ဝါတို့ကို ယောက်ျားယူရေး ဆွယ်တရားဟောလေသည်။ ဒီကလည်း ဘုန်းကြီးတစ္ဆေ ကမ္ဘဝါစာဖတ်၍မရသူတွေလို။

''ရှေးတုန်းက အဆုံးအမတွေ ဒီနေ့ခေတ်မှာ ဘောင်မဝင်တော့ဘူး အမိတို့ရဲ့။ လင်ရှိတဲ့မယားတိုင်းကလည်း တင့်တယ်နေတာတော့မဟုတ်ဘူး။ တင့်တင့်တယ်တယ်နေတတ်မှ တင့်တယ်တယ်လို့ခေါ်တာ။ ငါတို့ကလည်း ကိုယ့်ဘာသာကိုယ် မရှုမထ တင့်တင့်တယ်တယ်နေရင် တင့်တယ်တာပဲလေ''

''ပြောလိုက် ယောင်းမရေ ပြောလိုက်။ ငါ မပြောချင်လို့ ...န်းမတွေကို လွှတ်ထားတာ ကြာပေါ့''

ယုယ ဝင်ပြောတော့ ဖြူနှင်းဝေနှင့်ကေသွယ်တို့ မခံမရပ် ...သွားကြလေသည်။

အမြီတမ်း တွေ့တိုင်းဆုံတိုင်း လင်အမြန်ယူရေး တရားဟော ...ွန်းသဖြင့် ဝင့်ဝါလည်း အမြင်ကတ်လွန်းလာသဖြင့် –

"ငါတို့ကို ကျွေးထားတဲ့မိဘတွေတောင် မငြိုငြင်ကြ
နင်တို့တွေက ကြားကနေ ဘာလို့အမြင်ကတ်နေရတာလဲ။ နောက်
ခါ လင်အမြန်ယူရေး ဆွယ်တရားဟောလို့ကတော့ သူငယ်ချင်း
တွေ့ဆုံပွဲမှာ အိမ်ထောင်သည်တွေ တစ်ဝိုင်းထိုင်၊ အပျိုကြီး
တစ်ဝိုင်းထိုင်မယ် ဒါပဲ"

"အဟီး ... နင်ကလည်း စတာကို၊ ရဘူးဟေ့"

"အေးလေ ... အပျိုကြီးလို့ခေါ်တာ ချစ်လို့"

"ငင်"

ဖြစ်ရပြန်ပြီ။

သို့သော် ဘာပဲဖြစ်ဖြစ် သူတို့နှစ်ယောက်ကလည်း စနော
လိုက်ရမှ ဝင့်ဝါတို့နှစ်ယောက်ကလည်း ရန်တွေ့လိုက်ရမှ ကျေနပ်
မျိုးလေ။

"ဒီနေ့တော့ ငါ ကြာကြာနေလို့ရမှာမဟုတ်ဘူး ယုယ"

"ဘာဖြစ်လို့"

"အငယ်ကောင်ဖျားနေလို့လေ"

"ကလေးဖျားနေတာကို နင်က ဒီကိုထွက်လာတ
ဟုတ်လား မိန်းမ။ အံ့ပါ့အေ ... နင်ကတော့ အပျိုတုန်းကအတို





ကိုအပါး ခုထက်ထိ မက်တုန်းပါလား"

"ချီးထုပ်မ မသိဘဲ ငါ့ကိုရန်လာမတွေ့နဲ့။ ငါလည်း အစက
တော့ဘူးလို့ ဖုန်းလှမ်းဆက်မလို့ပဲ။ ဒါပေမဲ့ ဒီနေ့ ရုံးပိတ်တယ်
သူ့အဖေကလည်း ငါ တစ်ခါတလေမှ ထွက်တာသိတော့
ချင်သွား ကလေးကို သူ ဂရုစိုက်လိုက်မယ်ဆိုလို့၊ တော်ကြာ
လာရင် နင်တို့ပြောမှာစိုးလို့"

"ဖြစ်ရတယ် ကေသွယ်ရယ်။ နင်ကလေ တကယ်ပဲ"

"အေးလေ"

ဒီလိုကျတော့ ကေသွယ်အလွန်မဟုတ်တော့ပေ။ သူငယ်
တွေဆုံတော့ စကားတွေပြောနေတာက ရောက်တတ်ရာရာ၊ ဟိုဟို

"နင်ကော အဆင်ပြေရဲ့လား ဝင့်ဝါ"

"ဘာကိုပြေရမှာလဲ"

"အိမ်မှာလေ"

သဘော်ဒိန်ချဉ်ကို အစိပ္ပာယ်မဲ့စွာ မွှေနေသော ဝင့်ဝါဖူးရဲ့
တွေ ရပ်တန့်သွားသည်။ သူငယ်ချင်းတွေကို ရင်ဆိုင်မကြည့်ဘဲ
င်းငုံ့မျက်နှာလွှဲကာ –

"ဒီလိုပဲ"

"ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့ ဟယ်။ သူတော်ကောင်း
နတ်ကောင်းမတတ်ပါတယ်"

"ငါလည်း အဲဒီလို မြင်ပါတယ်။ ဒါပေမဲ့ မာဒီ့ကို ငါ နား
မလည်ဘူး။ ဘယ်လိုမှ သူ့ဘက်ကနေပြီး တွေးပေးလို့မရဘူး။ သူ
ဘာလို့ အဲဒီလောက်ထိ သွေးအေးနေရတာလဲ"

"ဒါလည်း သူ့အကြောင်းနဲ့သူ ရှိမှာပေါ့ ဝင့်ဝါရယ်"

"အဲဒီ သူ့အကြောင်းနဲ့သူဆိုတာကို ငါ လက်မခံချင်ဘူး
ဖြူနှင်းဝေ။ တကယ်ဆို တူမတစ်ယောက်လုံး ဆုံးရှုံးထားတဲ့သူက
နင်ဆိုရင်ကော သွေးအေးနိုင်မလား။ ငါဆိုရင်တော့ သွေးမအေးနိုင်
ဘူး"

"ဒါနဲ့ ဟိုလူကကော နင်တို့အိမ်ကို အဝင်အထွက် ရှိသေးရဲ့
လား"

"ဟင့်အင်း။ သူ ငါတို့အိမ်မှာ တစ်ခါမှ ဖင်ပူအောင်မထိုင်
ဖူးပါဘူး။ ဒါပေမဲ့ ညညဆို မာဒီနဲ့ ဖုန်းပြောနေတာတော့ ငါကြား
တယ်"

"ဘာတွေ ပြောနေကြတာလဲ"





"အဲဒါတော့ ငါမသိဘူး။ မာဒီက ငါမသိအောင် နိုးကြောင်
...ာက် ပြောနေသလိုပဲ။ ငါ့အသံ၊ ငါ့အရိပ်မြင်တာနဲ့ ဖုန်းချပစ်လိုက်
...ယ်။ ပြောရရင် ခုတစ်လော ခြေငြိမ်နေတယ်လို့တောင် ပြောရဦး
...ယ်။ အရင်တုန်းကဆိုရင် ဆိုင်မှာ ယောကျ်ားလေးတွေ တရုန်းရုန်းနဲ့၊
...ကျတော့ ငြိမ်နေတယ်။ ဆိုင်တော့ပုံမှန်သွားတယ်"

"အင်း"

လေးယောက်သား ငြိမ်သွားကြသည်။

"နင် ဒီလိုပဲ ငြိမ်နေတော့မှာလား"

ယုယရဲ့မေးခွန်းကြောင့် ဝင့်ဝါ ယုယကို မျက်လုံးလှန်ကြည့်
...ကာ –

"ဒီလို ငြိမ်မနေတော့ ငါ ဘယ်လိုလုပ်ရမလဲ ယုယ။ ငါ့မှာ
...ဘာမှ လုပ်ခွင့်မရှိဘူး။ မာဒီက ပြီးပြီးသားကိစ္စကို ဘာမှ နောက်
...ကြောင်းပြန် မခေါက်ခဲ့တော့တဲ့"

"ဒါတော့ မဖိုက်ပါဘူးဟာ။ အခုကိစ္စက အဲဒီလို ပြီးပြီးရော
...နေလို့ရတဲ့ ကိစ္စမှ မဟုတ်တာ"

"ဟုတ်တယ် ...ဘယ်နေလို့ရမလဲ။ ငါက သွေးသား
...တစ်ယောက်လုံး ဆုံးရှုံးထားရတာကိုး"

သဘော်ဒါဦးချင်ကို လက်နှစ်ဖက်နှင့် တင်းကြပ်စွာ ဆုပ်ကိုင်ပြီး ဝင့်ဝါ အေးစက်စက်ပြောလိုက်သည်။ သူမရဲ့လေသံမှာ အေးစက်စက်ဖြစ်နေသော်လည်း သူမရဲ့မျက်ဝန်းထက်၌ မျက်ရည်စများ ခိုတွဲလျက်။

❋



## အခန်း (၅)

"ဆရာ ကျွန်တော်တို့ ဒီည ကမ်းနားလမ်းဘက် ကင်းလှည့်မယ်တဲ့"

စခန်းတွင်းသို့ ဝင်ဝင်ချင်း ပြောလိုက်သော တပ်ကြပ်ကြီးင်းစကားကြောင့် –

"ဘယ်လိုဖြစ်တာလဲဗျာ"

"အဲဒါတော့ သေချာမသိသေးဘူးဆရာ။ ခုထာနေ စခန်းမှူးက အစည်းအဝေးရှိတယ်လို့ ပြောထားတယ်"

"သြော် ... ဟုတ်လား"

မနေ့ညက ဂျူတီကျသဖြင့် သူ အိမ်မပြန်ခဲ့ရပေ။ (၇) နာရီ လောက်မှ အိမ်ပြန်ရေမိုးချိုးပြီး ချက်ချင်းပြန်လာခြင်းဖြစ်သည်။

ကိုယ်ဝါသနာပါသည့်အလုပ်ကို လုပ်နေရ၍လားမသိ။ မောရ ပမ်းရမှန်းမသိ။ တစ်ခါတလေတော့ လူမောရတာထက် စိတ်မောရတာ ပိုသည်။ အသိုက်နှင့်အဝိုင်းနှင့် လုပ်သည့်အလုပ်ဆိုတော့ အဆင့်ဆင့် တာဝန်ပေးရသည့်အလုပ်။

အထက်လူကြီးကောင်းမှလည်း တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများမှာ လုပ်ငန်းခွင်ပျော်နေသူများဖြစ်လာမည်။

အထက်လူကြီးသာမကောင်းလျှင် သွားပြီ။ တချို့ အလုပ် ထွက်ချင်ကြသည်။

အရင်စခန်းမှူးတုန်းကဆိုလျှင် ဆိုးတယ်လို့ထောက်ပြရ အောင် အကွက်ကရှာမရ၊ ကောင်းသလားလို့ မေးရအောင်လည်း ဘာမှမရှိ။

ဝန်ထမ်းအားလုံး စိတ်ညစ်ကြရသည်။ လုပ်ငန်းခွင်နှင့် ပေးနိုင်သမျှ ပေးမှ ပျော်ကြသည်။ ရုံးထိုင်နေရတာထက် စစ်ဆင်ရေး ထွက်နေရတာပဲ ပျော်နေကြသည်။

ယခု ထိုစခန်းမှူးကတော့ ပြောင်းသွားပါပြီ။ ယခု စခန်းမှူး





အသစ်ကတော့ အသစ်မို့လားမသိ၊ ဘာမှတော့မသိရသေး။

(၉) နာရီမှာ အစည်းအဝေးလုပ်မည်ဟုပြောသဖြင့် တာဝန်ရှိ သူအားလုံး မှတ်စုစာအုပ်ကိုင်ကာ စခန်းမှူးရုံးခန်းထဲသို့ ဝင်ခဲ့ကြသည်။

စခန်းမှူးက အသားမည်းမည်းနှင့် ခပ်ဝဝဖြစ်သည်။

သူတို့ အလေးပြုလိုက်တော့ –

"လေးစားပါတယ်၊ ထိုင်ကြပါ ဆရာက"

သူ့ကိုစိုးတည် ကြည့်လာသဖြင့် သူ သတိအနေအထားဖြင့်–

"ကျွန်တော့်နာမည် ဒုရဲအုပ်ထင်ရဲမာန်ပါ စခန်းမှူး"

"ဪ . . . ဟုတ်တယ်၊ ကျွန်တော် ကြားဖူးတယ်"

"ဗျာ"

စခန်းမှူးရဲ့ စကားကြောင့် သူ မျက်ခုံးလှုပ်စွာ ဗျာခနဲ ဖြစ် သွားတော့ စခန်းမှူးက သဘောကျစွာ ရယ်သည်။ စခန်းမှူးသည် အသားသာမည်းသည်၊ သွားတွေကတော့ ဖြူဖွေးနေသည်။

လန့်လည်းလန့်စရာပင်။

ဝန်ထမ်းလောကတွင် အထက်လူကြီးတွေက သူတို့တွေရဲ့ ဝန်ထမ်းငယ်တွေအကြောင်း နောက်ပြောင်းလာတဲ့ သူကို လက်ဆင့် ကမ်းတတ်ကြသည်။

ဘယ်ဝန်ထမ်းကတော့ ဘယ်လိုအကျင့်၊ ဘယ်လိုစရိုက်။ ဘယ်ဝန်ထမ်းကတော့ ပြောမရ ဆိုမရ စသဖြင့် မကောင်းတာတွေကိုပဲ လက်ဆင့်ကမ်းတတ်ကြသည်။

ထို့ကြောင့်လည်း တချို့ပြောင်းလာတဲ့ လူကြီးအသစ်တွေကတော့ ငါ့လက်ထက်မှာတော့ ဒီကောင် ဦးမထောင်နိုင်အောင် ဦးချိုးထားမှဆိုပြီး အထက်လူကြီးနှင့် လက်အောက်ဝန်ထမ်း မတည့်ခြင်းကထိုကစသည်။

တစ်ဖက်မှာလည်း လူကြီးအသစ်က မပြောင်းလာသေး။ ထိုလူကြီးရဲ့ကောင်းခြင်း ဆိုးခြင်းက ကြားနေရပြီ။ ဟိုဘက်ရုံးမှာတော့ လူကြီးက တော်တော်ဆိုးတာပဲဆိုလျှင် ဒီဘက်မှာရှိသော ဝန်ထမ်းတွေမှာ မပျော်နိုင် မရွှင်နိုင် ဖြစ်ကြရသည်။

ယခုလည်း စခန်းမှူးက သူ့အကြောင်းကြားဖူးသည်ဆိုတော့ ထင်ရဲမာန် မလန့်ဘဲ ခံနိုင်ရိုးလား။

''မကောင်းသတင်းတော့ မဟုတ်ပါဘူး။ မောင်ထင်ရဲမာန်က အမှုလိုက်တော်ကြောင်းပါ''

''ဩော်''

ထိုကျမှ သက်ပြင်းရဲရဲချနိုင်တော့သည်။ အခြားသော





ဝန်ထမ်းတွေနှင့် အပြန်အလှန် မိတ်ဆက်ပြီးကြတော့ –

''ကျွန်တော်ကတော့ အားလုံး အစစအရာရာ ညီးညီးလုံးလုံးနဲ့ ပူးပေါင်းဆောင်ရွက်ရတာကိုပဲ သဘောကျပါတယ်။ အဲဒါကြောင့် ပထမဆုံးအရေးကြီးဆုံးအချက်ကတော့ ဝန်ထမ်းတွေအားလုံး ညီးညီးလုံးလုံး နေကြပါ''

''ဟုတ်ကဲ့ပါ စခန်းမှူး''

''နောက် ဒီနေ့မှာ တွေ့တွေ့ထူးထူး အစည်းအဝေးခေါ်လိုက်တာကတော့ ကမ်းနားလမ်းကိစ္စပဲ''

''ဟုတ်ကဲ့''

''ဒီအခုဆို ညနက်သန်းခေါင် လူငယ်တွေ မူးယစ်ရမ်းကားစွာနဲ့ ကားတွေပြိုင်မောင်းနေတဲ့ကိစ္စပဲ။ ပြည်သူလူထုလည်း တော်တော်လေး သည်းမခံနိုင်ကြတော့ပါဘူး''

''ဟုတ်ပါတယ် စခန်းမှူး''

''တစ်လောကဆိုရင်လည်း လူငယ်တွေ ကားပြိုင်မောင်းရင်းကနေ အချင်းချင်း မပြေလည်မှုတွေနဲ့ လူသတ်မှုအထိတောင် ဖြစ်ရဘယ်လို့ သိရပါတယ်''

''ဟုတ်ပါတယ် စခန်းမှူး''

ကမ်းနားလမ်းပိုင်း လုံခြုံရေးအတွက် တာဝန်ကျသော ဒုရဲအုပ်မျိုးတင့်က မတ်တတ်ထရပ်ကာ –

"ဖြစ်စဉ်အရ ကျူးလွန်သူနဲ့ ပါရာခံအပေါင်းအပါတွေကို ကျွန်တော်တို့တွေ ဖမ်းဆီးမိပါတယ်။ တာဝန်အတိုင်း အရေးယူဖို့လည်း တရားရုံးကို လွှဲအပ်ပေးပြီးပါပြီ"

"ထိုင်နိုင်ပါပြီ မောင်မျိုးတင့်။ ရမ်းကားကလေးတွေဟာ ပိုလို့ပြီး အတင့်ရဲလာတာတော့ ပြည်သူလူထုကို ခြောက်လှန့်နေသလို ဖြစ်နေပါပြီ"

"ဟုတ်ပါတယ် ခန်းမှူး"

"အဲဒါကြောင့် ညဘက်မှာ ဒုရဲအုပ်ထင်ရဲမာန်တို့ ပြည့်ကင်းလှည့်ဖို့ ကျွန်တော် တာဝန်ပေးချင်ပါတယ်။ မသင်္ကာဖွယ်လူငယ်ဆိုရင် ဆွဲသာစေ့လိုက်ပါ"

"ဟုတ်ကဲ့ပါ ခန်းမှူး"

"အေးဗျာ ... အခုလို လူငယ်တွေ မူးယစ်ရမ်းကားပြီး ထင်ရာစိုင်းနေတာတော့ တိုင်းပြည်ရဲ့ အနာဂတ် သိပ်မကောင်းလှဘူး မောင်ထင်ရဲမာန်"

အစည်းအဝေးပြီးတော့ အားလုံး တာဝန်ကိုယ်စီ ဆက်လက်





ဦးဆောင်နေစဉ် ခန်းမှူးက မောင်ထင်ရဲမာန် ခဏနေပါဦးဆိုတော့ သူ မထဖြစ်သေးပေ။

"ဒါနဲ့ မောင်ထင်ရဲမာန်ကိုင်ထားတာ ဘာကေ့စ်လဲ"

"လမ်း (၃၀) မှာဖြစ်သွားတဲ့ လူသတ်မှုကိစ္စပါ ခန်းမှူး"

"ဘာထူးသေးလဲ"

"တရားခံက နယ်စပ်ဘက် ထွက်ပြေးတိမ်းရှောင်နေတယ်လို့ သိရပါတယ်။ မြဝတီဘက်က တာဝန်ရှိသူတွေနဲ့ ကျွန်တော်တို့ ပူးပေါင်း ချိတ်ဆက်ပြီး တရားခံ မျက်ခြေမပြတ်အောင် စုံစမ်းထောက်လှမ်းနေပါတယ်"

"ဟုတ်ပြီ၊ ဒါဆိုရင် ထူးရင်သတင်းပို့ပါ"

"ဟုတ်ကဲ့ပါ ခန်းမှူး။ ကျွန်တော့်ကိုခွင့်ပြုပါဦး"

"သွားနိုင်ပါပြီ"

ခန်းမှူးကို အလေးပြုပြီး သူထွက်ခဲ့သည်။

"ဆရာ ဘာတဲ့လဲ"

ဒုတပ်ကြပ်ကြီးစိုးမင်းက သူ့ကို မသိမသာ လှမ်းမေးပါသည်။

သူက ခေါင်းယမ်းပြတော့ –

"ဆရာကလည်း"

"ဘာမှမဟုတ်ပါဘူး ဆရာစိုးမင်းရာ။ ဒါနဲ့ ... ရဲသား
မောင်မောင်ကော"

"ရန်ကင်းရဲစခန်းကို ကျွန်ပေါ်လွှတ်ထားပါတယ်။ ထ
တော့မှာပါ။ ဘာကိစ္စရှိလို့လဲ။ ကျွန်တော် ဘာလုပ်ပေးရမလဲ"

"လက်ဖက်ရည် ဝယ်ခိုင်းမို့ပါဗျာ"

"ဟော ... ဒါဆို ကျွန်တော်သွားဝယ်ပေးမယ်လေ"

"ဟာ ... အဲဒီလို မလုပ်ရပါဘူး ဆရာစိုးမင်းကလည်း
ကိုယ့်ဘာသာ ထွက်ဝယ်သောက်တာပေါ့။ လာဗျာ လက်ဖက်ရည်
ခဏထွက်သောက်ရအောင်"

တပ်ကြပ်ကြီးစိုးမင်းမှာ မကြာခင် ပင်စင်ယူတော့မည်။ သူ
ရာထူးကြီးသော်လည်း ကိုယ့်ထက်အသက်ကြီးသူကို ခိုင်းခွင့်ရတိုင်း
မခိုင်းချင်ပါ။ တချို့ကိစ္စတွေမှာတောင် လုပ်ငန်းနှင့်ပတ်သက်နေသဖြင့်
မသက်သာ၍ ခိုင်းရတာရှိသည်။ ကိုယ်ရေးကိုယ်တာ ကိစ္စဆိုလျှင်
ကိုယ့်ထက် ရာထူးငယ်ပြီး အသက်ကြီးသူကို သူ ဘာမှမခိုင်းချင်

❋



## အခန်း (၆)

ဘတ်စ်ကားပေါ်ကဆင်းတော့ အတော်မှောင်ရိပ်သန်းနေ
သည်။

ဒီနေ့ သတင်းတစ်ခုကို ရေကုန်ရေခမ်းလိုက်နေတော့ အချိန်
တွေ ဘာတွေကို သတိမထားမိတော့ပေ။

မာမီဖုန်းဆက်လာတာကိုတော့ စက်ပိတ်ပစ်လိုက်သည်။

တကယ်ဆို ဝင့်ဝါ မာမီ့ကို လေးစားချင်ပါသည်။ အလေး
ားချင်ပါသည်။ ဒါပေမဲ့ မာမီသည် အငယ်တွေ လေးစားချင်စရာ
ောင်းအောင်မနေပေ။

ပြောကြရပြီဆိုလျှင် စကားများ ရန်ဖြစ်ရတာမို့ ဝင့်ဝါ ဘာမှ မပြောဘဲ ရေငုံနှုတ်ပိတ်နေမိတာတောင်ကြာပေါ့။

အထူးသဖြင့် ဝီတောက်ပူးမရှိတော့ကတည်းက ဝင့်ဝါ မာမှီကို စကားကောင်းကောင်းမပြောတော့တာပါပဲ။

ဖြစ်ချင်တော့ ဒီနေ့ သတင်းလိုက်ရာတွင်လည်း အချိန်တွေ မကုန်သင့်ဘဲ ကုန်သွားရသည်လည်း ပါသည်။

ရွှေပြည်သာမှာဆိုလို့ ရွှေပြည်သာလိုက်သွားသော ဝင့်ဝါမှာ အင်တာဗျူးချင်သူက တောင်ဒဂုံမှာ ပြောင်းသွားတယ်ဆိုတော့ သေပြီ ပေါ့။

ဒါနဲ့ တောင်ဒဂုံကိုလိုက်၊ အိမ်တွေ့ရာရင်း ဘာရင်းနှင့်ဆိုတော့ အချိန်က မကုန်သင့်ဘဲ ကုန်တော့တာပေါ့။

အိမ်ရှင်ကတော့ –

''အားနာလိုက်တာ ညီမရယ်။ အစ်မတို့လည်း ရုတ်တရက် ပြောင်းရတာဆိုတော့ ညီမကိုပြောဖို့ သတိမရဘူးဖြစ်သွားတယ်''

''ရပါတယ် အစ်မ''

ချက်ပြုတ်နေသည့်ဟင်းလျာများကို ကြည့်ပြီး ဝင့်ဝါ ပြော လိုက်သည်။





ဒီအစ်မတို့က တန်ဖိုးသင့် ထမင်းဟင်းများကို ချက်ပြုတ် ရောင်းကြသည့် မိသားစုများ ဖြစ်ကြသည်။

''ဒီလို ဘာကြောင့်လုပ်ရသလဲဆိုရင် ထမင်း ဟင်းဆိုတာ သူတိုင်းနဲ့မကင်းတဲ့အရာလေ။ နောက်ပြီး အစ်မကိုယ်တိုင်ကလည်း ချက်နေ ပြုတ်နေရရင်ကို ပျော်တာလေ''

''ဟုတ်ကဲ့ပါ အစ်မရယ်။ ဒါနဲ့ ဒီလို တန်ဖိုးသင့် ထမင်း ရောင်းဖို့ စိတ်ကူးဖြစ်လာပုံကကော''

''ကုန်ဈေးနှုန်းကြီးနေတဲ့အချိန်မှာ တန်ဖိုးသင့်ထမင်းဟင်း ရောင်းဖို့ဆိုတာ အစ်မတို့အတွက် ကြီးမားတဲ့ စွန့်စားမှုတစ်ခုပါ။ ကိုယ် သူများဆီမှာ ဟင်းသွားဝယ်တယ်။ ငါးရာ တစ်ထောင်ပေးရပြီး ဟင်းက သိပ်ရတာမဟုတ်ဘူး။ ဒါနဲ့ အစ်မယောက်ျားနဲ့တိုင်ပင်တယ်။ ငါတို့ တွေ ဟင်းချက်ရောင်းကြမယ်ပေါ့''

''ဟုတ်ကဲ့ပါ''

ထမင်းအိုးကြီးကို ဆေးကြောနေသော အမျိုးသားကိုကြည့် ပြီး ဝင့်ဝါ ခေါင်းညိတ်လိုက်သည်။

''အစ်မအမျိုးသားကျတော့ အစ်မထက် ပိုတွေးတတ်တယ်။ လျှော့နိုင်ရင် ဈေးရောင်းဆိုတဲ့ စကားလည်းရှိတယ် မဟုတ်လား။

အစ်မတို့လို တစ်နေ့လုပ်မှ တစ်နေ့စားရမယ့်သူတွေအတွက် လျှုနိုင် တန်းနိုင်ဖို့ဆိုတာ တော်တော်မလွယ်ပါဘူးကွယ်"

"ဒါပေါ့ . . . ဒါပေါ့"

"ဒါနဲ့ အစ်မယောက်ျားနဲ့တိုင်ပင်ပြီး လူတွေအတွက် ဈေး လည်းကောင်းအောင် အစားစာလေးတွေ ဆီကျန်ရေကျန်ချက်ပြီး ရောင်းကြတယ်။ ဟင်းတစ်ရာဖိုးဆိုလည်း ရောင်းတယ်။ ထမင်းလည်း တစ်ရာဖိုးပဲရောင်းတယ်။ စစချင်းတော့ အမြတ်ကနည်းတာပေါ့။ အမြတ်နည်းပေမယ့်လည်း လူတွေအပေါ် ဝိသမာလောဘနဲ့ ဘယ်တော့မှ မဟုတ်တာလုပ်ပြီး မရောင်းခဲ့တဲ့အတွက် အစ်မတို့အတွက် အမြတ်လေး ကျန်သင့်သလောက်ကျန်ပြီး လူတွေလည်း သဘောကျကြတယ် အားပေးကြတယ်"

"ဟုတ်ကဲ့ပါ၊ ကျွန်မတို့ The opening news ကတစ်ဆင့် ပြည်သူတွေကိုပြောချင်တဲ့ စကားလေးများရှိရင် ပြောနိုင်ပါတယ်ရှင့်"

အမျိုးသမီးကြီး နဖူးမှ စီးကျနေသော ချွေးတွေကို ဖြစ်သလို သုတ်ကာ ပြုံးပြုံး -

"အစ်မ အဓိကပြောချင်တာတော့ ညီမရယ်၊ ဒီနေ့ခေတ်ကာလဟာ ခေတ်ပျက်ကြီးလို့တောင် လူတွေကပြောနေကြတယ်





မဟုတ်လား"

"ဟုတ်ပါတယ် အစ်မ"

"ခေတ်ကလည်း ပျက်သလို လူတွေကလည်း တရားပျက်နေကြပြီ။ ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်ဖို့က အရေးကြီးပါတယ်။ ဒါကြောင့် လူတိုင်း လူတိုင်း စိတ်ကောင်းစေတနာကောင်းထားပြီးလုပ်မယ်ဆိုရင် ကောင်းကျိုးခံစားရမှာပါလို့ပဲ အစ်မပြောချင်ပါတယ်"

"ဟုတ်ကဲ့ အခုလို ပြောပေးတဲ့အတွက် The opening news ရဲ့ကိုယ်စား ညီမက ကျေးဇူးအထူးတင်ရှိပါတယ်ရှင့်"

"အစ်မကလည်း အခုလိုပြောခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ် ညီမရယ်"

ထိုအိမ်ကပြန်လာကတည်းက ဝင့်ဝါရဲ့အတွေးထဲတွင် လွှမ်းမိုးနေသည်က တန်ဖိုးသင့် ထမင်းဟင်းများကို စေတနာဖြူဖြူနှင့် ရောင်းချသော အစ်မကြီးရဲ့စကားတွေပါ။

ဘာတဲ့၊ ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်နဲ့၊ ခေတ်ကြီးက ပျက်နေပြီမဟုတ်လားတဲ့၊ ဟုတ်ပါတယ်။ ခေတ်ကြီးကလည်း ပျက်နေပြီ။ လူတွေကလည်း ပျက်နေပါပြီလေ။

ဒီနေ့ခေတ်တွင် ကောင်းသူတွေ ခံစားနေရပြီး မကောင်းသူ တွေ စံစားနေရသောခေတ်ဖြစ်သည်။

မကောင်းမှုပြုလုပ်ထားသူတို့သည် နောက်ကြောင်းလုံခြုံစွာနှင့် ကောင်းသူတွေကို ဟိန်းလားဟောက်လား လုပ်ချင်ကြသည်။ ဒီလို စနစ်ဆိုးကြီး ဘယ်ချိန်ခါမှ ပျောက်မည်နည်း။ ရာဇဝတ်ဘေးဆိုတာ ပြေးမလွတ်ပါဆိုပြီး ဘာကြောင့် ပြေးလွတ်နေရတာလဲ။

"တောက်"

ဝင့်ဝါ နာကျည်းစွာ တောက်ခေါက်ပြီး ခြေတစ်ဖက်နှင့်မြေကြီး ကို ရှပ်တိုက်ကန်ပစ်လိုက်သည်။ ဝင့်ဝါ ဝတ်ဆင်ထားတာက ဂျင်း ဘောင်းဘီရှည်နှင့် တီရှပ်ဖြူ။ ထိုပေါ်မှာ အကျီအစင်းလက်ရှည်ကို ထပ်ဝတ်ထားခြင်းဖြစ်သည်။ ကြိုးသိုင်းအိတ်ရှည်ကို စလွယ်သိုင်းလာ ခြင်းဖြစ်သည်။

"ညီမလေးတစ်ယောက်တည်းပါလား"

"ဟော့ အဆင်လေးဟာ"

"ဟင်"

ရှေ့ဘက်တွင် ယောကျ်ား (၃) ယောက်ကို တွေ့လိုက်ရသဖြင့် ဝင့်ဝါရဲ့ခြေလှမ်းတွေ ရပ်တန့်သွားသည်။





ထိုလူ (၃) ယောက်က ဖဲ့ဖြူတွေ၊ တီရှပ်တွေထဲကလို မူးယစ် ယမ်းကားနေသည့် လူ (၃) ယောက်တော့မဟုတ်ပါ။ သို့သော် လူ ကောင်း သူကောင်းတွေရဲ့ လက္ခဏာရပ်လည်းမရှိပါ။

ဝင့်ဝါ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။ လမ်းဘေးဘီ နှစ်ဖက်၌ လူအသွားအလာရှင်းနေသည်။

"ဘယ်သွားမလို့လဲ။ အစ်ကိုတို့နဲ့ လိုက်ခဲ့ပါလား"

"ပျော်စရာတွေ ဖန်တီးပေးမယ်လေ ညီမလေးရဲ့"

"ရှင်တို့ ဘာစကားပြောတာလဲ၊ မိုက်ရိုင်းလှချည်လား။ ကိုယ့် လမ်းကိုယ်သွားပါ"

"ကိုယ့်လမ်းကိုယ်သွားနေတာပဲ။ အများပြည်သူပိုင်တဲ့လမ်း မှာ ကိုယ့်လမ်းကိုယ်သွားတာပဲ ဟေး ဟေး"

"တောက်"

"တောက် သိပ်မခေါက်နဲ့ ကလေးရယ်။ အစ်ကို့ရဲ့အသည်း တွေ မခိုင်တော့ဘူး။ ကြာပါတယ်ကွာ"

"ဟင်"

"ရှင်တို့"

"ကောင်းကောင်းပြောလို့မရရင် ရတဲ့နည်းနဲ့ခေါ်မယ်"

''ကယ်ကြပါဦးရှင်၊ လာကြပါဦး''

''ဟာ ... ဒီကောင်မ''

လူတစ်ယောက်က ဝင့်ဝါရဲ့ပခုံးလွယ်အိတ်ကို လုမ်းဆွဲသဖြင့် ဝင့်ဝါ အသံပြဲနှင့် အသားကုန်အော်ဟစ်တော့သည်။

သတင်းထောက်တစ်ယောက်သာ ဖြစ်သည်။ ဝင့်ဝါ သူမျာ တွေလို ကိုယ်လုံပညာကော ကိုယ်ခံပညာပါ ဘာမှမတတ်။

အရေးရယ်အကြောင်းရယ်ကျတော့ ဘာမှမလုပ်တတ် မိန်းမတစ်ယောက်ရဲ့ ပါးစပ်ပေါက်က လူသူလေးပါးကြားအောင်တော့ အသံကုန်အော်ဟစ်နိုင်ပါသေးသည်။

ဝင့်ဝါကလည်း လိုက်ဖမ်းနေသည့် ယောကျ်ား (၃) ယောက် ကို ရှောင်ရင်းအော်ရင်း ထိုလူ (၃) ယောက်ကလည်း ဝင့်ဝါကို မ အရ လိုက်ဖမ်းရင်းနှင့် ရုန်းရင်းဆန်ခတ်ဖြစ်တော့သည်။

''ကယ်ကြပါဦးရှင့် လာကြပါဦး''

''ဟိတ်ကောင်တွေ ရပ်စမ်း''

''ဟာ ... ဆရာ ... ရဲတွေ''

''ပြေး ပြေး''

❋



## အခန်း (၇)

ရဲတွေဆိုတာသိသည်နှင့် မမူးသော ယောကျ်ားသုံးယောက် သည် ခြေထောက်နှင့်တင်ပါး တစ်သားတည်းဖြစ်အောင် ထွက်ပြေး ကြတော့သည်။

ရဲတွေက ဝင့်ဝါအနီးသို့ ရောက်လာကြသည်။

''ကျေးဇူးတင်လိုက်တာ ဆရာတို့ရယ်''

''အဲဒီ ထွက်ပြေးသွားတဲ့လူတွေကို သိပါသလား''

''သူ့ကို ဝင့်ဝါ မော့မကြည့်ဘဲ ခေါင်းယမ်းကာ -

''ဟင့်အင်း ... ကျွန်မ မသိပါဘူးရှင့်၊ ဟိုနားကိုရောက်တော့

သူတို့က ကျွန်မကို ယီးတီးယားတား ပြောပြီး ဆွဲတော့တာပဲ၊ ကျွန်မက မိကောင်းဖခင်သားသမီးပါရှင်"

"မင်းက မိန်းကလေးဖြစ်ပြီး ညကြီးအချိန်မတော် မှောင်မိုက်မှာရှိနေတာ ကျုပ်တို့က ဘယ်လိုယုံကြည်ရမှာလဲ"

"ဘာရှင့်"

"ဟင် ရှင်"

မယုံသင်္ကာသလို မေးလိုက်ခြင်းကြောင့် ဝင့်ဝါ မခံချင်စိတ်နှင့် မော့ကြည့်လိုက်တော့ အံ့ဩနေသောပါးစပ်မှာစေ့၍ မရတော့ပါ။

ဝင့်ဝါကိုငုံ့ကြည့်နေသော သူ့ထံမှ မသိမသာအကြည့်လွှဲရင်း သူ့ပခုံးဆီကို အကြည့်ရောက်သွားတော့ ဝင့်ဝါ မျက်လွှာချပစ်လိုက်သည်။

"ပြောလေ"

မဖြေမချင်း မေးတော့မည့်ပုံစံနှင့်မို့ ဝင့်ဝါ မခံချင်စိတ်ဖြစ်မိသော်လည်း ဘာမှ ပြန်ခံမအော်ရဲတော့ချေ။

ဘတ်စ်ကားပေါ်မှာတုန်းက ဝင့်ဝါက သူ့ကိုအော်ကောင်းကောင်း ဇောက်ကောင်းကောင်းနှင့် အော်ခဲ့ငေါက်ခဲ့သည် မဟုတ်လား။





အဲဒီတုန်းက သူကလည်း ဘာမှ သိပ်မပြောဘဲ ဝင့်ဝါအော်သမျှကို ငြိမ်ခံခဲ့သည်မဟုတ်လား။ ဝင့်ဝါမှူး ညည်းစဉ်းလည်ပြီပေါ့အေ။

ဝင့်ဝါ ပခုံးတွင် လွယ်ထားသော အိတ်ကို ရှေ့ဘက်သို့ ဆွဲယူကာ အိတ်ဖွင့်ပြီး ကတ်ပြားတစ်ခုထုတ်ကာ –

"ကျွန်မက 'The opening news' က အကြီးတန်း သတင်းထောက်တစ်ယောက်ပါ။ အခုလည်း သတင်းလိုက်ရင်း မမျှော်လင့်ဘဲ အချိန်လင့်သွားတာပါ"

"သြော် ... မင်းက သတင်းထောက်ပေါ့"

သူက ဝင့်ဝါလက်ထဲမှ ID ကတ်ကို ယူကြည့်ကာပြောသည်။ ပြီးတော့ –

"ဘာပဲဖြစ်ဖြစ်ပေါ့။ မိန်းကလေးတစ်ယောက် ညနက်သန်းခေါင် ပြင်ပမှာရှိနေရင် အန္တရာယ်ကို လက်ယက်ဖိတ်ခေါ်နေတာနဲ့ အတူတူပဲ"

"ဟုတ်ကဲ့"

နောက်ဆို အလုပ်တစ်ခုလုပ်ရင် အချိန်နဲ့အခါနဲ့ အလုပ်လုပ်ပေါ့ကွာ။ မင်းလက်မှာ ပတ်ထားတဲ့နာရီက အလှဝတ်ထားတာ မဟုတ်ဘူးလေ။ အချိန်သိဖို့ပဲ မဟုတ်လား"

"ဟုတ်ကဲ့"

ဆရာရှေ့တွင် ဆုံးမခံရသောတပည့်တစ်ယောက်နှယ် ဝင့်ဝါ ဒီလည်လည်နှင့်ခေါင်းညိတ်နေရသည်။

စိတ်ထဲမှာတော့ ဒီလူ တမင်တကာ ဆရာကြီးအထာနှင့် ပြောနေသည်ဟု တွေးကာ သိပ်တော့ကျေနပ်လှသည်မဟုတ်။

"ဒါနဲ့ အမှုတွေ ဘာတွေကော လုပ်ချင်သေးရဲ့လား"

"ရှင် ဘာကိုအမှုလုပ်ရမှာလဲ"

သူ့မေးခွန်းကို နားမလည်သဖြင့် ဝင့်ဝါ အလန့်တကြား မေးလိုက်သည်။

သူက မျက်မှောင်ကုတ်ကာ –

"စောစောတုန်းက လူ (၃) ယောက်ကိစ္စလေ"

"ဟာ ... ဘာမှဖြစ်တာမှမဟုတ်တာ၊ မလုပ်ချင်ပါဘူး"

"ကောင်းပြီလေ၊ ဒါနဲ့ မင်းအိမ်က ဘယ်နားမှာလဲ"

"ရှေ့လမ်းချိုးထဲကိုဝင်ရင် ရောက်ပါပြီ။ ဒါနဲ့ ကျွန်မ သွားလို့ ရပြီလားရှင့်"

သူက ဝင့်ဝါရဲ့မေးခွန်းကို မဖြေဘဲ သူ့ဘေးနားက ဝတ်စုံဝတ် ရဲနှစ်ဦးအား –





"ရှေ့ဘက်မှာ မှောင်ရိပ်သန်းနေတယ်၊ ကျွန်တော်တို့ လိုက် ...ပြစ်မယ် ဆရာကျော်"

"ဟုတ်တယ် ဗိုလ်ကြီး"

"ဟာ ... ရပါပြီ အလုပ်ရှုပ်အောင်"

ဝင့်ဝါ ဘယ်လိုပြောပြော မရဘဲ သူတို့ (၃) ဦးက ရှေ့မှ ...က်သွားတော့ ဝင့်ဝါမှာလည်း မနေသာတော့ဘဲ လိုက်လာခဲ့ရသည်။

ကိုယ်နေနေကျ ပတ်ဝန်းကျင်ဆိုပြီး ပေါ့ပေါ့လျော့လျော့ ...ပ်တာ မှားပြီပေါ့။

ရဲတွေသာ ရောက်မလာခဲ့လျှင် ဝင့်ဝါရဲ့ဘဝက မတွေးဝံ့စရာ။

ဝန်ထမ်းတွေသာ အနေများသောရပ်ကွက်မှာ ရုံးဆင်းချိန်၊ ...ာက်ချိန်သာ လမ်းပေါ်တွင်လူရှုပ်ပြီး ကျန်အချိန်များမှာ လူရှင်းနေ ...တ်သည်။

မှောင်ပြီဆို ဘယ်သူမှ တော်ရုံတန်ရုံ အပြင်မထွက်တတ်ကြ ...ာပေ။

ပြီးတော့ စောစောက ဝင့်ဝါကို ရိသဲ့သဲ့လုပ်သောလူတွေကို ...ည်း ဝင့်ဝါမသိ။ ဒီရပ်ကွက်ထဲကပါလား။ တခြားရပ်ကွက်ကလား ...ဲကွဲ။

တစ်နေကုန် တစ်နေခန်း အပြင်မှာရှိနေတာမို့ ကိုယ့်ရပ်ကွက်ထဲ ဘယ်သူပြောင်းလာသလဲ၊ ဘယ်သူပြောင်းသွားသလဲ သတိမထား နိုင်တော့ပေ။

သူပြောသလိုပင် ဝင့်ဝါအတွက်တော့ သင်ခန်းစာကောင်း တစ်ခု ရသွားတာတော့ အမှန်ပင်။

ဝင့်ဝါမှာ ရှေ့ကသွားနေသူကိုကြည့်ပြီး မျက်နှာကတော့ အ ပူပူရယ်။

ရဲကိုမှ အော်လားဝေါက်လားနှင့်။ သူကလည်း ဝင့်ဝါ ဘာမှ ရာထူးနှင့်ပြန်မကိုင်ပေါက်ခဲ့၍ တော်သေး။

ဝင့်ဝါက ကိုယ့်အဖြစ်ကို ကိုယ်တွေးပြီး ရယ်ချင်မိသွားရ-

"ရောက်ပြီလား အမိ"

"ရှင်"

သူ့ခြေလှမ်းတွေ ရပ်တန့်သွားသဖြင့် ဝင့်ဝါ ကပျာကယာ ရှေ့သို့ လှမ်းတက်ကာ -

"ရှေ့နှစ်အိမ်ကျော်ဆိုရင် ရောက်ပါပြီရှင့်"

ဝင့်ဝါရဲ့စကားကို သူက အင်းမလှုပ်၊ အဲမလှုပ်ဘဲ ရှေ့ ဆက်သွားလေသည်။





မီးတွေထိန်လင်းနေသော ဝင့်ဝါတို့အိမ်ရှေ့ရောက်တော့-

"ကဲ ရောက်ပြီ။ နောက်တစ်ခါ မိန်းကလေးတစ်ယောက် ည်း အချိန်မရှိ အပြင်မှာ ရှိမနေပါစေနဲ့။ အမြဲတမ်း ကံကောင်းနိုင် ာမဟုတ်ဘူး"

"ဟုတ်ကဲ့ပါရှင့်၊ အခုလို အိမ်တိုင်ရာရောက် လိုက်ပို့ပေးတဲ့ ရာတို့အားလုံးကို ကျေးဇူးတင်ပါတယ်နော်"

"ရပါတယ်"

သူတို့က ရှေ့ဆက်လျှောက်သွားကြသဖြင့် ဝင့်ဝါ ပန်းတွန့် ာ အိမ်ထဲသို့ ဝင်ခဲ့သည်။

"ဝင့်ဝါ"

"မာမီ"

"နောက်ကျလှချည်လား။ ဖုန်းဝင်တာလည်းမကိုင်ဘူး။ ည်း ငါ စိတ်ပူနေမယ်ဆိုတာ မသိဘူးလား"

ဝင့်ဝါ နောက်သို့လှည့်မကြည့်ဘဲ နှုတ်ခမ်းကို တွန့်မဲ့ကာ-

"မာမီ့ကို ပြောသားပဲ၊ ဝင့်ဝါရဲ့အလုပ်က စိတ်ပူစရာ ဘာမှ ဘူးလို့။ ပြီးတော့ ဝင့်ဝါက ကလေးလည်းမဟုတ်တော့ဘူး"

"ဝင့်ဝါဖူး"

ဝင့်ဝါ ခေါ်သံကို မကြားချင်ယောင်ဆောင်ပြီး အပေါ်ထပ်သို့ တက်ခဲ့သည်။

မာမီ့ကို ဝင့်ဝါ စိတ်နာသည်။

"မမရယ်"

အိပ်ခန်းသို့ဝင်လျှင်ဝင်ချင်း ဝင့်ဝါရဲ့အိပ်ရာနဘေးတွင် ညီအစ်မနှစ်ယောက် အတူရိုက်ထားသည့်ဓာတ်ပုံကို ဝင့်ဝါ ရင်တွင်အပ်ကာ ရှိုက်ငိုမိသည်။

မမပိတောက်ဖူးရှိစဉ်က ညီအစ်မတွေ စကားကတောက်ကဆ ဖြစ်တတ်ကြသော်လည်း ပိတောက်ဖူးက ဝင့်ဝါကို အမြဲတမ်း ညှာခဲ့တာကို ဝင့်ဝါမမေ့ပါ။

မာမီ့အပေါ်ကော ပိတောက်ဖူးအပေါ်ပါ ဝင့်ဝါ နွဲ့ဆိုးဆိုးမြဲ သည်။ ယခု ပိတောက်ဖူးမရှိတော့ အမြွှာနှစ်ယောက်မှာ တစ်ယောက် ဆုံးရှုံးသွားရသလို ဝင့်ဝါရဲ့နှလုံးသားတွေ မခံမရပ်နိုင်အောင် နာကျင် ရပါသည်။

"မတရားဘူး၊ မတရားဘူး။ လောကမှာ အမှန်တရားတွေ ပျောက်ဆုံးနေရတာ လုံးဝမတရားဘူး"

❋



## အခန်း (၈)

ရန်ကုန်မြို့ပေါ်မှာ မြို့ပတ်ရထား ပတ်စီးရတာကို ဝင့်ဝါကော ယုယပါ နှစ်သက်ကြသည်။ တစ်ခါတလေ ဘတ်စ်ကားနှင့်မသွားဘဲ မြို့ပတ်ရထားစီးသွားတတ်သဖြင့် အယ်ချူပ်က –

"အချိန်က တန်ဖိုးရှိတယ်နော် ကလေးမတွေ။ သတင်း ထောက်တွေက လျင်မြန်ဖြတ်လတ်တဲ့သူတွေပဲ ဖြစ်ရမယ်။ သတင်း တစ်ပုဒ် စနည်းသွားနောတယ်၊ ရထားပေါ်မှာတဲ့၊ လုံးဝ မဖြစ်သင့်ဘူး နော်"

အယ်ချူပ် ဘယ်လိုပြောပြော ဝင့်ဝါနှင့်ယုယကတော့

ရွှေပဒေသာစာပေ

နှစ်ယောက်အတူ သွားရမည့်နေရာဆိုလျှင် မြို့ပတ်ရထားစီးကြသည်။

"နင် ခုတစ်လော ကံတွေပဲဆိုးနေတယ် ဝင့်ဝါ။ ဗေဒင်ဆေ
ဘာလေး မေးပြီး ယတြာချေပါလား"

"မိန်းမ လာနောက်နေသေးတယ်"

"နောက်နေတာ မဟုတ်ဘူးဟ။ တကယ်အတည်ပြော
တာ။ ငါ ကြားဖူးတာကဟာ တချို့က ဂြိုဟ်သက်အပြောင်းအလဲ
ဒုက္ခရောက်တတ်တယ်။ ဥပမာ–စနေဂြိုဟ်ထဲဝင်ပြီဆိုရင် စီးပွားပျ
တာ၊ ထိခိုက်အန္တရာယ်ရတာမျိုးတွေ"

"တော်ပါတော့ ယုယရယ်။ ဒါနဲ့ နေပါဦး ... နင် အရ
တုန်းက ဒါမျိုးတွေ အယုံအကြည်မရှိပါဘူး။ ခု ဘယ်လိုဖြစ်
ဗေဒင်တွေအကြောင်း လာပြောနေတာလဲ"

"ရှေးထုံးလည်း မပယ်နဲ့ ဈေးသုံးလည်း မကြွယ်နဲ့တဲ့
လား"

"ဟာ ယုယ ... ဟိုမှာ ငါပြောတဲ့လူ၊ အဲဒီလူပဲ"

စကားတန်းလန်းဖြစ်သွားသော ယုယကို ပြင်ပသို့မြင်နိုင်
ရန် ရထားအပြင်ဘက်သို့ အတင်းဆွဲယူပြလိုက်သည်။

"ဘယ်သူလဲဟ"





"ငါပြောတဲ့ ဒုရဲအုပ်ဆိုတာလေ။ ဟိုမှာ ရုပ်အင်္ကျီအကွက်နဲ့
လူ တွေ့လား။ မြန်မြန် ဟိုမှာ ဘတ်စ်ကားပေါ်တက်တော့မယ်"

"ဖြည်းဖြည်းလုပ်ပါ၊ သေတော့မှာပဲဟယ်"

ထိုလူကို ယုယ မမြင်ရမည်ဆိုးသဖြင့် ယုယကိုယ်ကြီးကို
အတင်းဆွဲထားခြင်း ဖြစ်သည်။

"တော်ပြီ၊ ဝင့်ဝါလွှတ်တော့၊ ငါမြင်ရပြီ"

"နင်မြင်ရတာသေချာလို့လား။ ယုယ ဟိုကဖြင့် ဘတ်စ်ကား
ပေါ်တက်သွားပြီ။ နင်က အရမ်းနှေးတာပဲဟာ"

ထိုင်ခုံပေါ်တွင် နေသားတကျ ပြန်ထိုင်နေသော ယုယကို
ပြစ်တင်လိုက်သည်။

ယုယက ဝင့်ဝါကို ရွှံ့ရွှံ့မဲ့မဲ့ကြည့်ကာ –

"ဘာဖြစ်နေမှန်းကိုမသိဘူး။ ဆပ်ပြာသည်လင်ပျောက်သလို

"ဟင်၊ ကောင်မစုတ်။ ငါ့ကို အဲဒီလို ပြောရလား။ ကဲ ကဲ"

"အား အမလေး။ မိဝင့်ဝါ နင့်ကိုပြောရင် နာတယ်နော်။
ကျရင် မညှာမတာပြောတတ်တာ နှစ်ယောက်မရှိဘူး"

"အေးပါ ဆောရီးပါ။ နင်မမြင်လိုက်ဘူးမလား"

"ငါမြင်လိုက်သားပဲ။ ပြီးတော့ သူ့ကို ငါသိတယ်လေ"

"ဟင် ယုယ၊ ဘယ်လိုပြောလိုက်တာလဲ၊ နင် သူ့ကိုသိတယ်

ပေါ့ ဟုတ်လား"

သူ့ကို ယုယသိတယ်ဆိုသဖြင့် ဝင့်ဝါဖူး အလောတကြီးနှင့်

မေးလိုက်သည်။

ရထားပေါ်တွင် လူရှင်းနေလို့သာ တော်တော့သည်။ မဟုတ်

လျှင် ဝင့်ဝါတို့နှစ်ယောက်ကို မိန်းကလေးတွေတန်မဲ့ ကဲလိုက်တာဟု

ပြောတော့မည်။

သို့သော် ယခုချိန်မှာ ဝင့်ဝါ အဲဒါတွေကို ဂရုမစိုက်နိုင်

နှစ်ခါတိတိ အမည်မသိဘဲ ဆုံဆည်းခဲ့ရသော ထိုလူအကြောင်း

သိချင်သည်။

"ကိုကိုမင်းထင်တို့လင်မယား အခုပြောင်းသွားတဲ့ခြံ

သူတို့ခြေရင်းခြံကိုလေ"

"ကိုကိုမင်းထင်ဆိုတာ"

"ဟာ နင်ကလည်းက နင့်တောင် သူတို့အိမ်မပြောင်းခင်

လိုက်လည်ဖူးတယ်လေ။ သူတို့ရဲ့အမြွှာသားနှစ်ယောက်ကိုကြည့်ပြီး

နင်တောင် ဒီလိုမျောက်လောင်းတွေ မွေးရင်တော့ သေပြီဆို"





"သြော် . . . သိပြီ သိပြီ၊ မျောက်မူးလဲညီအစ်ကိုတွေလေ။

တ်ပြီ သူတို့က အိမ်ပြောင်းသွားတာလား"

ယုယ ပြောလည်း ပြောချင်စရာ၊ ဝင့်ဝါမှာ အခင်မတန် ဆော့

သော ကလေးတွေကိုကြည့်ပြီး အိမ်ထောင်ပြုရမှာတောင် ကြောက်

ားခဲ့သေးသည်။

သူတို့အမေရဲ့နှုတ်ခမ်းနီဘူးယူပြီး ဝင့်ဝါရဲ့ဖိုင်အပြာပေါ်

ရုပ်တွေ ဆွဲခဲ့သေးသည်။

"အဲဒီအစ်ကိုနာမည်က ဒုရဲအုပ်ထင်ရဲမာန်တဲ့"

"ထင် ရဲ မာန်"

နာမည်ကို ဝင့်ဝါ တစ်လုံးချင်း ရေရွတ်ကြည့်သည်။ ယုယက

င်းညိတ်ပြီး –

"ဟုတ်တယ် . . . ထင်ရဲမာန်တဲ့။ အဒေါ်တစ်ယောက် ရှိ

ယ်၊ အမြွှာနှစ်ကောင်ကတော့ အဲဒီအိမ်မှာပဲ တစ်နေကုန်ရောက်နေ

တဲ့"

"အင်း"

သူတို့အိမ်ကို ကပြောင်းကပြန်ဖြစ်အောင် လုပ်နေမလား

ယောင်ကြည့်မိပြီး ဝင့်ဝါ ပြုံးလိုက်မိသည်။

"ကိုထင်ရဲမာန်က အမှုလိုက် အင်မတန်တော်တဲ့ရဲတဲ့။ လာဘ်စားမှုကင်းတယ်။ အလုပ်လုပ်ရာမှာ တိကျပြတ်သားတယ်တဲ့။ အမှုတစ်ခုကို ကိုင်တွယ်ပြီဆိုရင် ရောက်နှံရေခမ်း လိုက်တတ်တယ်တဲ့"

"ရောက်နှံရေခမ်းလိုက်တတ်တယ်"

အမှုတစ်ခုကို ရောက်နှံရေခမ်း လိုက်တတ်တယ်ဆိုတော့ ဝင့်ဝါ ငေးခနဲဖြစ်သွားသည်။

ဝိတောက်ဖူးကိုလည်း မြင်ယောင်မိသည်။ ဝိတောက်ဖူးသည် ဝင့်ဝါထက် အဆပေါင်းများစွာ ချောမောတဲ့သူဖြစ်သည်။

အမြဲတမ်း ကိုယ့်ကိုယ်ကိုယ် လှလှပပ သနေတဲ့သူ။ အိမ်နေ ရင်းတောင် မိတ်ကပ်လူး၊ ရေမွှေးဆွတ်နေတတ်သူ။

ထိုသို့ အလှအပကြိုက်သည့် မိန်းကလေးက ရေထဲမှာ မရှုမလှ သေဆုံးရသည်ဆိုတာ။

သတ်သေတာတဲ့။ ဖြစ်နိုင်ပါ့မလား။

လက်သည်မပေါ်သော သေမှုသေခင်းမှာ ကိုယ့်ကိုယ်ကိုယ် သတ်သေတယ်တဲ့။

ရေမြှုမ်း၍ မရှုမလှ သေဆုံးရမည့်နည်းလမ်းကို အလှအ ကြိုက်သော ဝိတောက်ဖူးက ရွေးချယ်မယ်တဲ့လား။





မာဓိက ဘာလို့။

"ပြီးပြီးသားကိစ္စကို ပြန်အစမဖော်နဲ့" ဟု ပြောခဲ့ရတာလဲ။

ဝိတောက်ဖူးဟာလည်း မာဓိရဲ့သွေးသားတစ်ယောက်ပဲလေ။ အရေးကြီးလျှင် သွေးမနီးဘဲ ဘာကြောင့် သွေးအေးနေရသနည်း။

"ဝင့်ဝါ"

"------"

"ဟဲ့ ဝင့်ဝါ"

"ဟင်"

"နင် ဘာဖြစ်သွားတာလဲ"

ငေးငေးငိုင်ငိုင်နှင့် ယုယခေါ်တာကို ဝင့်ဝါ မကြားလိုက်ပေ။ ဝင့်ဝါရဲ့ကိုယ်ကို ယုယကိုင်လှုပ်လိုက်မှ အသိပြန်ဝင်လာသည်။ ဝင့်ဝါ ကယောင်ကတမ်းဖြင့် ခေါင်းယမ်းကာ –

"ဟင့်အင်း ... ဘာမှမဖြစ်ပါဘူး"

"ကောင်မစုတ်၊ ငါ့ကို လာလိမ်နေသေးတယ်။ နင်တစ်ခုခု အလေးအနက်ထား စဉ်းစားလိုက်တာ ငါမြင်ပါတယ်နော်"

"ဟင့်အင်း၊ ငါ ဘာမှမစဉ်းစားပါဘူး။ အင်း ... စဉ်းစားသယ်ဆိုတာကလည်း အယ်ချုပ်နိုင်းလိုက်တဲ့ကိစ္စပါ"

"အယ်ချုပ်က ဘာနိုင်းလို့လဲ"

ဝင့်ဝါ စကားလမ်းကြောင်းလွှဲသည့်ဆီသို့ ယုယ အသား တကြည့်မျှောပါလာ၍ တော်သေးသည်။

တကယ်တော့ ဝိတောက်ဖူး သေဆုံးသည့်ကိစ္စနှင့် ပတ်သက် ၍ ဝင့်ဝါ မသေချာဘဲ သူငယ်ချင်းတွေကို ဘာမှမသိစေချင်သေး ကိုယ့်ဘာသာ သံသယရှိနေတယ်ဆိုတာလည်း ကိုယ်တစ်ယောက် တည်းသာ သိနေသည့်ကိစ္စ။

မဟုတ်ခဲ့လျှင် မိန်းကလေးရှင်ဘက်ကပဲ အရှက်ကွဲရေး လိမ့်မည်။

"ဟော . . . တွေ့လား။ ပြောတော့ဖြင့် ဘာမှမဟုတ်ဘူးဆဲ့ လူကဖြင့် ငေးငိုင်သွားပြီ"

"ဒီ ဒီလိုပါလား။ အယ်ချုပ်က ငါ့ကို စီးပွားရေးလုပ်ငန်းရှင် တစ်ယောက်ကို အင်တာဗျူးခိုင်းနေတာ"

"အဲဒီတော့"

"ခိုင်းထားတာကြာပြီ။ ငါက ဘာမှမလုပ်ရသေးဘူး။ အယ် ချုပ်မေးရင်တော့ ဘယ်လိုဖြေရမလဲ မသိဘူးလို့၊ အခု ကိုင်နေတဲ့ကိစ္စ က မပြတ်သေးတော့ ငါလည်း အဲဒီကိစ္စကို မစဖြစ်ဘူးဟာ"





"ဒါများ ဝင့်ဝါရယ် . . . အခု နင်က ငါ့ကိစ္စကို လိုက်ကူပေးနေ ာပဲဟာ။ နင့်ကိစ္စကျရင် ငါ လိုက်ကူမှာပေါ့"

"ငါကလည်း အဲဒီလုပ်ငန်းရှင်ဆီ အင်တာဗျူးသွားမျှရင် နင့်ကို ပါအောင် ခေါ်မယ်လို့ ဆုံးဖြတ်ထားတာပါ"

"ဟင် ဘာလို့တုံး"

"ဘာမှမဟုတ်ပါဘူး"

ယုယက ဝင့်ဝါရဲ့မျက်နှာကို သေချာအကဲခတ်သည်။ ဝင့်ဝါ မျက်နှာလွှဲကာ ရထားပေါ်တွင် အသံတစာစာနှင့် ဈေးရောင်းနေ သာ ကလေးငယ်တွေထံ အကြည့်ပို့ထားလိုက်သည်။

လူတိုင်းမှာ လျှို့ဝှက်ချက်ဆိုတာ ရှိတယ်တဲ့။ အဲဒီ လျှို့ဝှက် ချက်တိုင်းကို လူသိအောင် ထုတ်ဖော်ပြောပြစရာ မလိုဘူးတဲ့။

❋

## အခန်း (၉)

လက်ဖက်ရည်ဆိုင်က ပြန်လာတော့ တပ်ကြပ်ကြီးစိုးမင်းက

''ဆရာ''

''ဘာထူးလဲ ဆရာစိုးမင်း''

''ထူးတယ်ဗျာ''

ထူးတယ်ဗျာဆိုပြီး ဘာမှမပြောဘဲ ပြုံးစိစိလုပ်နေသဖြင့်–

''ဘာလဲဗျာ''

''ဆရာကလေ လျှို့ထားတယ်ဗျာ''

''ဟင် . . . ကျွန်တော်က ဘာလျှို့ထားလို့လဲဗျာ''





''သတင်းဦး သတင်းကောင်းဆိုရင် ကိုယ့်မိတ်ဆွေတွေကို ပြောကောင်းပါတယ်ဗျာ''

ဘယ်လိုမေးမေး သူပြောချင်နေတာပဲ ပြောနေသဖြင့် သူ ဆက်မမေးတော့ချေ။ ဒီလိုမမေးဘဲနေတော့လည်း မနေနိုင် မထိုင်နိုင် နှင့် သူ့စားပွဲသို့ လျှောက်လာသည်။

ဗိုင်တစ်ခုကို ကောက်ကိုင်လိုက်တော့ –

''ဆရာရယ် . . . အလုပ်ပဲ ဘယ်ချိန်လုပ်လုပ်ပေါ့။ ဘယ်တုန်း က တွေ့တာလဲ။ ပြောပြစမ်းပါ၊ စိတ်ဝင်စားလို့ပါ''

''ဗျာ''

အရင်းမရှိ အဖျားမရှိ ပြောသဖြင့် သူ့မှာ ဗျာခနဲနှင့် လန့်သွား သော ရဲတပ်သားမောင်မောင်က –

''ဆရာကြီးကလည်းဗျာ မေးမှာကိုမေးတာ မဟုတ်ဘူး''

''ငါသိပါတယ်ကွ၊ မင်း လျှာမရှည်ပါနဲ့''

တပ်ကြပ်ကြီးက ငေါက်တော့ ရဲသားလေးက ခပ်ရှိုးရှိုးနှင့် နောက်သို့ ဆုတ်သွားလေသည်။

''ဘာတွေဖြစ်နေကြတာလဲ ဆရာစိုးမင်းရာ''

နားမလည်တော့သလိုမေးတော့ –

"ဆရာ့ကို ကောင်မလေးတစ်ယောက် လာရှာတယ်"

"ဟင် . . . ကောင်မလေးတစ်ယောက် လာရှာတယ် ဟုတ်လား"

"ဩော် . . . အဟုတ်ပါဆို ဆရာကလည်း။ ချိန်းထားရင်လည်း ချိန်းထားတယ်ပေါ့"

ဘယ်သူမှန်း ရေရေရာရာမသိသဖြင့် ဆရာစိုးမင်းရဲ့စကားကို သူ ဘာမှ မတုံ့ပြန်မိပေ။

မိန်းကလေးတစ်ယောက်။

သူ့ဆီကိုလာလည်မည့် မိန်းကလေးတော့ မရှိနိုင်။

"ဘယ်က မိန်းကလေးလဲ။ ဘာမှာသွားသေးလဲ ဆရာစိုးမင်း"

"ဟော တွေ့လား။ မေးတော့ဖြင့် မသိဘူးလေး ဘာလေးနဲ့ ခုကျတော့ သိချင်သွားပြီလား"

"ဒီလူကတော့ အကောင်းမေးနေတာကို"

"တကယ်ပါဗျာ၊ ဘုရားပေးပေး ကျမ်းပေးပေး ကောင်မလေး လှလှတစ်ယောက် ဆရာ့ကိုလာမေးတယ်။ လာမေးတယ်ဆိုတာထက် ကြည့်ရတာ လာရှာတယ်ဆိုတာက ပိုမှန်မယ်ထင်တယ်"





"ဘယ်သူဘယ်ဝါလို့ ပြောသွားသေးလား"

"ဟင့်အင်း . . . အဲဒီလိုတော့မပြောဘူး။ ဒုရဲအုပ်ထင်ရဲမာန်ရှိလားလို့ပဲ မေးတာ။ ကျွန်ုပ်တို့က အပြင်ထွက်သွားတယ်ဆိုတော့ နောနေမှ ပြန်လာခဲ့မယ်တဲ့"

"ခင်ဗျားကလည်း ကျွန်တော် ကန်တင်းမှာရှိနေတဲ့ဟာကို"

"နို့ သိဘူးလေဆရာရဲ့"

သူ့ဆီကို တကူးတကလိုက်လာလည်မည့် မိန်းကလေး ...ိတ်ခွေသူငယ်ချင်း မရှိတာမို့ အလုပ်ကိစ္စအတွက် လာတာပဲဖြစ်မည် ... တွေးကာ လုပ်စရာရှိတာပဲ ဆက်လုပ်နေလိုက်သည်။

လမ်း (၃၀) တွင်ဖြစ်ပွားခဲ့သော (၃) လောင်းပြိုင်လူသတ်မှု ... ရဲ့စခန်းအားလုံးကို လှုပ်လှုပ်ရွရွ ဖြစ်သွားစေရုံသာမက လူမှု ...နံရက်ထိ ပျံ့နှံ့သွားလေသည်။

ဖြစ်စဉ်မှာ . သေဆုံးနှစ်ဦးမှာ လင်မယားတော်စပ်ကြပြီး ...ောက်ထပ်သေဆုံးသူ အမျိုးသမီးတစ်ဦးမှာ ထိုပတ်ဝန်းကျင်တွင် ...တွေ့မမြင်ဖူးသော အမျိုးသမီးဖြစ်သည်တဲ့။

ပတ်ဝန်းကျင်ရဲ့ထွက်ဆိုချက်အရ သေဆုံးသူ လင်မယားအိမ် ... ဤအမျိုးသမီးတစ်ဦးမှာ တစ်ခါမှ ဝင်ထွက်ခဲ့ခြင်းမရှိဟု။

ထင်မြင်သုံးသပ်နေကြသည်မှာ ထိုအမျိုးသမီးမှာ သေဆုံးသူ အမျိုးသား၏ အငယ်အနှောင်းဖြစ်နိုင်သည်ဟူ၍ လည်းကောင်း သေဆုံးသူအမျိုးသား၏ ဇနီးမယားမှာ ယောက်ျားဖြစ်သူနှင့် အမျိုး သမီး၏ မဖွယ်မရာမြင်ကွင်းကြောင့် မခံမရပ်ဖြစ်ကာ ဓားနှင့် ယောက်စလုံးကိုခုတ်ပြီး ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်တာဖြစ် ကြောင်း အမျိုးမျိုး ထင်မြင်ယူဆ သုံးသပ်လျက်ရှိကြသည်။

ယခုဆို လူသတ်မှုက ဟိုနားပေါ်လိုက် ဒီနားပေါ်လိုက် မုဒိမ်းမှုကလည်း ဟိုနားပေါ်လိုက် ဒီနားပေါ်လိုက်နှင့်ဆိုတော့ သူ ပြည်သူ့ရဲသားတွေမှာ တာဝန်တွေ ပိုများလာရသည်။

နေ့စဉ်နေ့တိုင်း ရပ်ကွက်တိုင်း။ ရပ်ကွက်တိုင်းတွင် ပတ် ရောင်း လှည့်နေသည့်ကြားမှ အမှုတွေက ဖြစ်ပြီးရင်းဖြစ်။

ပြည်သူ့လူထုတွေက ရဲတွေအသုံးမကျဘူး။ ရဲတွေအ မလုပ်လို့ ဒီလိုတွေ ဖြစ်နေကြတာဟု ပြောကြတဲ့လူတွေရှိသည်။

တကယ်ဆို (၂၄) နာရီ တာဝန်ထမ်းဆောင်နေရသူတွေ ဟိုနား အမှုပေါ်လို့ဆို စားလက်စထမင်းပန်းကန် ပစ်ချကာ ထ သူတွေပါ။ ခါးတွင် ဘောင်းဘီဝတ်ဆင်ထား၍ တော်သေးသ ပုဆိုးဆိုလျှင် ပါလားမပါလားတောင် စမ်းမိမှာမဟုတ်။





"မောင်ထင်ရဲမာန် စောစောက မိန်းကလေးတစ်ယောက် ဘာမေးတယ်ဆို"

"ဗျာ စခန်းမှူး"

"လူပျိုကြီး စားရတော့မယ်ပေါ့ ကြိုပြောဦးနော်။ လက်ဖွဲ့ စဉ့်ရအောင်"

"ဟာ စခန်းမှူးကလည်း"

"ဟား ဟား"

စခန်းမှူးက သူ့ရဲ့စကားကို သူ့ဘာသာ သဘောကျစွာ ရယ် သလို တပ်ကြပ်ကြီးစိုးမင်းကလည်း ပြုံးစိစိဖြစ်နေသဖြင့် သူမှာ မလုံ လဲဖြစ်သွားရသည်။

ဩော် ... ဒုက္ခ ဒုက္ခ။ လူပျိုကြီးကိုပဲ လာတိုက်ခိုက်နေပါ သား။ နေနှင့်ဦး နောက်တစ်ခါ လူပျိုကြီး ဘာဖြစ်ညာဖြစ်လို့ မပြော င်အောင် ဒေါ်လေးသဘောတူတဲ့မိန်းမနဲ့ ပေးစားပါတော့ဟုပင် ောင်းဆိုရတော့မလို။

ဘယ်သူမှ မစမနောက်နိုင်အောင် အလုပ်ထဲမှာပဲ အာရုံ ာက်နေသလို အလုပ်ကို သည်းကြီးမည်းကြီး လုပ်နေပစ်လိုက် သည်။

"ဆရာ ဆရာရေ"

"ဘာလဲဗျာ"

စနောက်သည့်လေသံနှင့် ခေါ်မနေတာမို့ သူ ဘုတောပစ်လိုက်

သည်။

"ဒုရဲအုပ်ထင်ရဲမာန် ရောက်ပြီလားရှင့်"

"ဟိုမှာပါဗျာ"

ချိုနွဲ့သောမေးသံကြောင့် သူ့ရဲ့ခေါင်း လျင်မြန်စွာ မော့သွား

ရသည်။

ဘုရားရေ။

ပြုံးနွဲ့နွဲ့နှင့် သူ့စားပွဲအနီးသို့ရောက်လာခြင်းကြောင့် သူ့

ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားရသည်။

သူမ ဘယ်လိုမျက်စိလည် လမ်းမှားပြီး သူ့ဆီကို ရောက်လာ

ခဲ့ရတာလဲ။

❋



## အခန်း (၁၀)

"မင်း"

"ဝင့်ဝါကို မှတ်မိပါတယ်နော် အစ်ကို"

နှုတ်က ဘာမှမပြောနိုင်ဘဲ သူ ခေါင်းပဲညိတ်မိသည်။ သူမ

... လွင့်လွင့်လေး ပြုံးရယ်လေသည်။ နှစ်ခေါက်နှစ်ခါလုံး သူမနှင့်

...ဘောက်ကျခဲ့ရတာမို့ ပြုံးရယ်တာကို ယခုမှ ပထမဆုံး တွေ့မြင်ရျ

...ခြင်းဖြစ်သည်။

ရယ်လိုက်တော့ အတော်လှသည့်မိန်းကလေးဟု အသိ

...မှတ်ပြုရပါတော့သည်။

ပထမတစ်ခေါက်တွေ့ဆုံစဉ်က သူမ ဘာဝတ်ထားသည
မမှတ်မိပေမယ့် ဒုတိယတစ်ခေါက်တွေ့ချိန်မှာ သတင်းထောက်တစ်
ယောက်ရဲ့ဘဝနှင့်လိုက်ဖက်စွာ ဝတ်ဆင်ထားခဲ့တာကို တွေ့ခဲ့ရ
သည်။

ယနေ့ကျတော့ မိန်းကလေးပီသစွာ အရောင်နုသော
ဝမ်းဆက်ကို ဝတ်ဆင်ထားသည်။

"အရင်ဆုံး မိတ်ဆက်ပါရစေ၊ ဝင့်ဝါနာမည်က ဝင့်ဝါမှ
အစ်ကို။ ခြေဘ် ခေါ်လို့ရတယ်နော် အဲဒီလို"

"ရ ရပါတယ်"

သွက်လက်သော မိန်းမပျိုနှင့်တွေ့တော့ လူပျိုကြီးလည်း
အလိုလိုနေရင်း ပုတ်သင်ညိုဖြစ်သွားလေသည်။

"ဒါနဲ့ ကျွန်တော့်ကိုလာမေးတယ်ဆိုတာက"

"လက်ဖက်ရည်ဆိုင်ဘက် ခဏသွားလို့ ရမလား အစ်ကို"

ခပ်တိုးတိုးပြောလိုက်သောကြောင့် သူ တစ်ချက်တော့ ငြိ
သွားသည်။

တကယ်တော့ ဒုရဲအုပ်ထင်ရဲမာန်ဆိုသည့်သူက လာဘ်မ
လာဘ်ယူကင်းစင်သူ။ အမှုနှင့်သက်ဆိုင်သောသူများကို ဘယ်တော့





အိမ်တွင်မတွေ့။ စခန်းမှလွဲ၍ မည်သည့်နေရာတွင်မှ တွေ့ဆုံခြင်း
ရှိခဲ့ပေ။

ယခုတော့ သူမက အသံတိုးတိုးဖြင့် လက်ဖက်ရည်ဆိုင်သွား
အောင်ဟု ဆိုနေသည်။

သူမရဲ့ပခုံးမှ ကျော်၍ တပ်ကြပ်ကြီးစိုးမင်းထံ လှမ်းကြည့်
က်သည်။

တပ်ကြပ်ကြီးစိုးမင်းက စနောက်ချင်သည့်ဟန်နှင့် ပြုံးစိစိနှင့်
ကြည့်နေသဖြင့် –

"အဟမ်း ဆရာစိုးမင်း။ ကျွန်တော် လက်ဖက်ရည်ဆိုင်ဘက်
ခဏသွားလိုက်ပါဦးမယ်"

"ဟုတ်ကဲ့ ဆရာ"

ပြန်လာလျှင်တော့ အတော် စနောက်တော့မှာပဲဟု စိတ်
သက်သာစွာ တွေးလိုက်သည်။

လက်ဖက်ရည်ဆိုင်ရောက်တော့ သူမက –

"ဝင့်ဝါရဲ့သူငယ်ချင်းတစ်ယောက်ဆီကနေ အစ်ကိုက အမှု
ိုက်တော်ကြောင်း။ တိကျတဲ့လူဖြစ်ကြောင်း သိခဲ့ရတာပါ"

"အဲဒီလောက်လည်း မဟုတ်ပါဘူးဗျာ"

ကိုယ့်ကို မျက်စိရေ့တွင်ထားကာ ပေါ်တင်ချီးကျူးနေသဖြင့် သူ မနေတတ် မထိုင်တတ်နှင့် ငြင်းလိုက်သည်။

သူမက ရေကျဲသောလက်ဖက်ရည်ကို ငေးပြီး –

"အမှန်တော့ ဝင့်ဝါ အစ်ကို့ဆီက အကူအညီတစ်ခု တောင်းမလို့လို့ပြောရင် ပိုပြီးမှန်ပါတယ်"

"အကူအညီတောင်းမလို့"

"ဟုတ်ပါတယ် အစ်ကို"

သူမက ခေါင်းညိတ်ပြီး မျက်နှာမော့လိုက်သည်။ တစ်စုံတစ် ကို လေးလေးနက်နက် စဉ်းစားနေသလို ဖြစ်နေသော မျက်ဝန်းတွေ နှင့် သူ့ကိုကြည့်ကာ –

"ဝင့်ဝါမှာလေ ပိတောက်ဖူးဆိုတဲ့ အစ်မတစ်ယောက်ရှိခဲ့တယ် အစ်ကို"

"ဟုတ်ကဲ့"

သူ ခေါင်းညိတ်လိုက်သည်။

"လွန်ခဲ့တဲ့ (၅) လလောက်က ဝင့်ဝါရဲ့အစ်မ ပိတောက်ပွ ရေနစ်ပြီး သေဆုံးခဲ့ပါတယ်"

"ဪ"





"ရဲတွေကတော့ သာမန်ရေနစ်သေဆုံးမှုဆိုပြီး လူသေမှု အဖြစ်ပဲ ပြောခဲ့တာ"

"အင်း"

"ဒါပေမဲ့"

ဒါပေမဲ့ဟုပြောပြီး ဘာမှ ဆက်မပြောသဖြင့် သူ သူမထံ သို့ ငမ်းကြည့်သည်။ သူမကလည်း သူ့ထံကြည့်နေသည်။

ြီးမှ ပတ်ဝန်းကျင်ကို မသိမသာ ကြည့်ကာ သူ့အနီးသို့ မျက်နှာအနည်းငယ်တိုးကာ လေသံဖြင့် –

"မမက သတ်ခံရတယ်လို့ ကျွန်မစိတ်ထဲမှာ သိနေတယ်"

"ဘယ်လို"

"ဟုတ်တယ် သိနေတယ်။ သိနေပေမယ့် လတ်တလော ဝင့်ဝါမှာ အထောက်အထားပြစရာ ဘာမှ မရှိဘူး။ ဒါပေမဲ့ ဝင့်ဝါရဲ့ အစ်မက အလှသိပ်ကြိုက်တယ်အစ်ကို။ သူ့ကိုယ်သူသတ်သေတယ် ဆိုတာ ဝင့်ဝါ ဘယ်လိုမှ ယုံကြည်ပေးလို့ မရဘူး"

"သက်သေမရှိဘူးဆိုရင်တော့ ကိုယ်တို့မှာ ဘာမှ လုပ်ခွင့် မရှိဘူး ညီမ"

"––––––"

"တစ်ခုတော့ရှိတယ်၊ လူသေမှုကနေ လူသတ်မှုပြောင်း သွားတယ် အခြေအနေမျိုး အများကြီးရှိတယ်"

"သူများတွေကို ပြစ်ရာသက်သေမရှိပေမယ့် အစ်ကိုကို ပြဖို့သက်သေ ဝင့်ဝါမှာရှိတယ် အစ်ကို"

"ဘယ်လို"

သူမက မျက်နှာကို တစ်ဖက်သို့လွှဲကာ ငြိမ်သက်နေသည်။ တစ်စုံတစ်ရာ စဉ်းစားနေခြင်း ဖြစ်နေတာမို့ သူလည်း ဘာမှ မပြော ငြိမ်နေမိသည်။

"ဝင့်ဝါရဲ့မာမီကတော့ ဒီအမှုကို ပြန်ပြီးအစဖော်မှာကိုတော့ လုံးဝကြိုက်မှာ မဟုတ်ဘူးအစ်ကို"

"ဘာလို့လဲ"

"ဘာလို့လဲ ဇာတ်ကြောင်း အစအဆုံး ဝင့်ဝါပြောပါ့မယ် ဒါပေမဲ့ အဲဒီလိုပြောပြဖို့ဆိုတာကလည်း အစ်ကိုက အမှုကိုလိုက်ပေး မယ်ဆိုမှ ပြောပြနိုင်မှာပါ။ အမှုကိုလိုက်တယ်ဆိုတဲ့နေရာမှာလည်း ဘောင်တစ်ခုကနေ စုံစမ်းစေချင်တာမဟုတ်ဘူး။ အစ်ကိုနဲ့ဝင့်ဝါ ပူး ပေါင်းပြီးစုံစမ်းချင်တာမျိုးပါ။ အကယ်၍ ဝင့်ဝါထင်သလို သတ်မှုမဟုတ် ဘဲ သေမှုပဲဖြစ်နေတယ်ဆိုရင် သေသူကို သိက္ခာမကျစေချင်တာပါ





"ကိုယ်သဘောပေါက်ပါတယ် ညီမ"

"ဝင့်ဝါကို ကူညီမယ်မဟုတ်လားဟင်"

သူမက အားကိုးတကြီးမေးသည်။

တကယ်တော့ သူဟာ တာဝန်ဝတ္တရားတွေ အင်မတန်မှ များသောသူဖြစ်သည်။ သူ့ရဲ့အားလပ်ချိန်တောင် ဖဲ့ပေးနေရတာမို့ တခြားအလုပ်တစ်ခုကိုပါ ပူးတွဲဆောင်ရွက်ရမည်ဆိုတော့ သူ လုပ်နိုင် မလုပ်နိုင် ချိန်ဆကြည့်လိုက်သည်။

သူ မလုပ်ပေးခဲ့လျှင် -

သေဆုံးမှုမဟုတ်ဘဲ သတ်မှုဆိုလျှင် -

ပြည်သူလူထုရဲ့နစ်နာမှုကို သူ လျစ်လျူရှုရမည်လား။

"May I help you" ဆိုတဲ့ ဆောင်ပုဒ်နှင့်အညီ ရဲဆိုတာ ပြည်သူလူထုကို ကူညီဖို့အသင့်ရှိနေရမည် မဟုတ်လား။

ဟင့်အင်းလို့ ခေါင်းယမ်းလိုက်လျှင် ထိုဆောင်ပုဒ်ကို သွေ ယိရာ မကျနေဘူးလား။

"အစ်ကို"

"ကိုယ် ကူညီစုံစမ်းပေးပါ့မယ် ညီမ"

"ကျေးဇူးတင်လိုက်တာ အစ်ကိုရယ်"

သူမက အမှတ်တမဲ့မို့ထင်ရဲ့ သူ့ရဲ့လက်တစ်ဖက်ကို ဝမ်းသာအားရ ဆုပ်ကိုင်ပြီးမှ အသိဝင်သွားသူလို မျက်နှာရဲကာ လက်ကိုဖယ်သွားသည်။

သူ့ရဲ့လက်ခုံမှာတော့ နွေးထွေးမှုက ထင်ကျန်ရစ်ခဲ့သည်။ ထိုနွေးထွေးမှုသည် နှလုံးသားတွင်းသို့တိုင် စီးဝင်သွားသလို ခံစားရလေသည်။

"အစ်ကိုသိချင်တယ်ဆိုရင် ဝင့်ဝါ ပြောပြပါ့မယ် ရှင်"

"ကောင်းပါပြီ"

❋



## အခန်း (၁၁)

"ဝင့်ဝါ"

"____"

"ဝင့်ဝါ"

ပိတောက်ဖူးက အစပိုင်းက ဝင့်ဝါကို လေသံမှန်ဖြင့် ခေါ်နေ...ာ ဖြစ်သော်လည်း ear phone နှင့် သီချင်းနားထောင်နေသော ...င့်ဝါမှာ ခေါ်သံမကြား။

ထို့ကြောင့် ပိတောက်က စိတ်မရှည်သဖြင့် ဝင့်ဝါရဲ့ ear phone ကို ဆွဲဖြုတ်လိုက်သည်။

"နင်နော်၊ နားကြပ်ကြီးတပ်ပြီး သီချင်းနားထောင်နေတာ ကောင်းတယ်များ မှတ်နေလား။ အော်ခေါ်ကြား ခေါ်မကြားနဲ့"

"မကြားတော့ ဘာဖြစ်လဲ၊ သေရေးရှင်ရေး အရေးကြီးတာ ဘာဆိုစရာမှမရှိဘူး"

ဝင့်ဝါဖူးက ဘုတောလိုက်သည်။

လူဆိုတာ လူတိုင်းလူတိုင်းမှာတော့ ကိုယ်နှစ်သက်ရာ ဝါသနာဆိုတာ ရှိကြတာပဲလေ။ ဝင့်ဝါကိုမဆိုနဲ့ဦး။ ပိတောက်ဖူးမှာတော့ နှစ်သက်ရာ ဝါသနာရှိသည်။

ထိုဝါသနာက ပိတောက်ဖူးသည် အလှအင်မတန်မှ ကြိုက်သော မိန်းကလေးဖြစ်သည်။ ပိတောက်နှင့် မာမီတို့က အလှပြင်ဆိုင် ဖွင့်ထားတာမို့ အလှအပ ပြင်ဆင်တာကို မပြောလိုပါ။

မာမီဆိုလို့ ပြောရဦးမည်။

ဝင့်ဝါတို့မိဘများမှာ ဝင့်ဝါတို့ညီအစ်မနှစ်ယောက် လူမမယ် အရွယ်လေးမှာ (၉၆) ပါးသောရောဂါနှင့် တိမ်းပါးသွားကြသည်။

ဝင့်ဝါတို့ညီအစ်မနှစ်ယောက်လုံးကို အမေ့ရဲ့မောင်လေး ဦး ဆန်းထွန်းကပဲ ကျွေးမွေးပြုစု စောင့်ရှောက်လာသည်။

တစ်ခုပဲပြောစရာရှိသည်။ ဦးဆန်းထွန်းဟု ယောက်ျားအပျို





ဘမရှိနေသော်လည်း ဦးလေးသည် မိန်းမစိတ်ဝင်နေသူတစ်ယောက် ဖြစ်သည်။

သူ့ကို မာမီဟုခေါ်ဆိုပြီး အဒေါ်တစ်ယောက်လိုပဲ ဆက်ဆံစေ သည်။ ကိုယ်တိုင်က အလှပြင်ဆိုင်ဖွင့်ထားသဖြင့် သာမန်မိန်းမတို့ထက် ပို၍ ချွဲနွဲ့လွန်းသည်။

ကိုယ့်ဦးလေးအရင်းခေါက်ခေါက်ပင် ဖြစ်လင့်ကစား ထိုအမူ အရာမျိုးကို ဝင့်ဝါရွံ့သည်။ ထို့ကြောင့်လည်း ဦးလေးကွယ်ရာမှာ-

"ငါ ကြည့်လို့ကိုမရဘူး။ မာမီကလေ ရှေးဘဝက ကုသိုလ် ကောင်းလို့ ဒီဘဝမှာ ယောက်ျားဘဝရနေတာကို တန်ဖိုးထားရ ကောင်းမှန်းမသိဘူး။ ဒီဘဝမှာ မကောင်းတာလုပ်တော့ နောက်ဘဝ မှာ ကောင်းတဲ့ဘဝကို ဘယ်လိုလုပ်ရမှာလဲ"

"ဝင့်ဝါဖူး"

"နောက်ပြီး သူများတွေပြောတယ်။ ယောက်ျားမဟုတ် မိန်းမ မဟုတ်တဲ့ အဲဒီယောက်ျားလျာတွေ မိန်းမလျာတွေဆိုတာက သူများ သားမယားကို ပြစ်မှားခဲ့လို့တဲ့။ ဘယ်လောက်ရှက်စရာကောင်းလဲ"

"ဝင့်ဝါ နင်ဟာလေ ပြောလေကဲလေပါလား။ ဒီစကားတွေ မာမီကြားသွားရင် နင် သက်သာမယ်များ မှတ်နေလား"

ဝင့်ဝါမှာ ပိတောက်ဖူးထားနေသည့်ကြားမှ ပြောဖြစ်အောင် ဆက်ပြောလိုက်သေးသည်။

ဝင့်ဝါ ဘယ်လောက်ပြောပြော မာမီသာ သူမတို့ကို မကျွေ မွေး မစောင့်ရှောက်လျှင် ယခုလို လူလူသူသူဖြစ်လာဖို့ဝေးမည်။

"ပြောပါဦး၊ တကြော်ကြော်အော်ခေါ်နေတဲ့ကိစ္စက"

ဝင့်ဝါဖူးက ကိုယ့်ရဲ့ တောင်ရောက် မြောက်ရောက် အတွေ တွေကို ဖြတ်ချပြီး စကားပြန်စလိုက်ခြင်းဖြစ်သည်။

ပိတောက်ဖူးက ခြေဖျားနှင့် ဒါန်းကို အသာလွှဲကာ –

"မနက်ဖြန် ငါနဲ့ ညည့်ခံပွဲတစ်ခု လိုက်ခဲ့စမ်းပါ"

"ဟာ မလိုက်ပါဘူး"

ပိတောက်ဖူးရဲ့စကားကို အဆုံးမခံဘဲ ဝင့်ဝါပြောလိုက်သည် နောက် ဆူပုတ်သောမျက်နှာနှင့် ခြေထောက်နှစ်ဖက်ကို ဒါန်းပေါ်သို့ တင်ကာ ပိတောက်ဖူးကို ကျောခိုင်းပြီး –

"ငါ ဘယ်တုန်းက အဲဒီလိုပွဲ အဖော်လိုက်ပေးခဲ့ဖူးလို့လဲ ဘယ်တုန်းကမှ မလိုက်မှန်းသိသိနဲ့ စကားအဖတ်တင်အောင် လာပြော တာ နင်မှားတာ မမ"

"_____"





"နင်နဲ့မာမီရဲ့ကြား ငါ တစ်သားတည်းဖြစ်မှာကြောက်လို့ ကိုယ့်လမ်းကိုယ်ထွင်၊ ကိုယ့်ခရီးကိုယ်ဆက်တာလည်း နင်သိပါတယ်"

"ဝင့်ဝါရယ် . . . ဒါတို့တွေက သွေးသားတွေလေ။ အဲဒီလို ကိုယ်လုပ်ချင်ရာ လုပ်ခွင့်ရှိမတဲ့လား"

ပိတောက်ဖူး မချိတင်ကဲ ပြောမိသည်။

ညီအစ်မအရင်းခေါက်ခေါက်ဖြစ်သော်လည်း ဝင့်ဝါရဲ့ စိတ်ဓာတ်မှာ မာကျောသည်။ ခိုင်မာသည်။ ဘူးဆိုလျှင် ဖရုံသီးတတ်။

ကိုယ့်ဦးလေးနှင့်အစ်မဖြစ်သူကိုလည်း နှစ်နှစ်ကာကာ ပြော တတ်သည်။ ကင်းအောင်နေနိုင်သည်ဟု ကြွေးကြော်သည်မှာ အပြော သက်သက်မဟုတ်။ လက်တွေ့ကင်းကွာအောင် နေနိုင်သူဖြစ်သည်။

ပိတောက်ဖူးတို့ဖွင့်ထားသော အလှပြင်ဆိုင်ဆိုတာ သူနှင့် မဆိုင်သူလို နေနိုင်သည်။

"အရင်တုန်းက ဘယ်လိုတွေရှိရှိ မနက်ဖြန်တော့ ငါနဲ့ အဖော်လိုက်ခဲ့ပါဟာ။ ငါ့ညီမလေးပါတယ်ဆိုတော့ ငါလည်း အားရှိ တာပေါ့"

"နေပါဦးမမရဲ့၊ နင့်စကားတွေက ရယ်စရာကောင်းနေသလို နင်ဘယ်တုန်းက အားငယ်တတ်ဖူးလို့လဲ။ မသွားရဲ မလာရဲတဲ့

နေရာတွေ ရှိဖူးလို့လဲ။ ခုမှ ငါ့ညီမလေးပါတော့ အားရှိတယ်ပြော
အောင်''

''ကျွတ်''

''ဟုတ်တာပြောတာပဲလေ။ နေပါဦး မနက်ဖြန် ငါလိုက်
လိုရလောက်အောင် ဘာပွဲရှိလို့လဲ''

''ဒီလိုပါဟာ၊ အမှန်က မာဘီနဲ့သွားမလို့။ ဒါပေမဲ့ မာဘီက
မပါစေချင်ဘူး''

''ဘယ်လို''

ဝင့်ဝါ လှည့်လိုက်သဖြင့် ဒါန်းက ယမ်းခါသွားသည်။

ဒီအိမ်တွင် ဝင့်ဝါက တစ်ဖက်၊ ဝိတောက်ဖူးနှင့်မာဘီက တ
ဖက်မို့ တော်ရုံတန်ရုံ ဝိတောက်ဖူးတို့ ဘာတွေလုပ်နေကြသလဲ ဝင့်
မသိတာများသည်။

မသိရလေခြင်းဆိုပြီးလည်း ဝင့်ဝါ စိတ်မကောင်းမဖြစ်
မသိရလေကောင်းလေ စိတ်မရှုပ်ရဘူးလေဟု မှတ်ယူထားသူဖြ
သည်။

ယခုကျမှ မာဘီ မပါစေချင်လို့ဆိုတော့ ဝိတောက်ဖူးရဲ့စကား
က ဝင့်ဝါအတွက် အထူးအဆန်းကြီးဖြစ်နေသည်။





ထို့ကြောင့် ဘာကြောင့် ညာကြောင့် မတွေးအားတော့
ဘဲ...

''အေးလေ ... ဒါဆိုရင်တော့ လိုက်ခဲ့ပါမယ်။ ဒါပေမဲ့ ...
တစ်ခုတော့ သေချာအောင် မေးရဦးမယ်။ အရှုပ်အရှင်း ကင်းပါရဲ့
နော်''

''ဝင့်ဝါ ... နင် ဘယ်လိုမေးလိုက်တာလဲ။ နင်ဟာလေ
တစ်ခါတလေကျတော့ စကားပြောရတာ အဆင်မချောချုံမကဘူး
သရိုက်ချင်စိတ်ပေါက်အောင် ပြောတတ်တယ်''

''အဲဒါ ဘာဖြစ်လဲ''

''တွေ့လား''

''တွေ့သားပဲ''

''ကဲ''

''အား မမနော်၊ နင် ဘယ်လိုဖြစ်နေတာလဲ၊ မလုပ်ပါနဲ့ဆို''

''လုပ်တယ်''

စကားကို ဝိတ်ပြောနေသဖြင့် ဝိတောက်ဖူး ဝင့်ဝါဖူးကို
ကလိယားထိုးလိုက်သည်။ ဝင့်ဝါက တွန့်လိမ်ကာ ဟိုရှောင် ဒီရှောင်နှင့်
ဒါန်းက ယမ်းခါနေသည်။

ပတ်ဝန်းကျင်သို့ ရယ်မောသံတွေ၊ ငြင်းခုန်သံတွေ ပျံ့နှံ့သွားလေသည်။

"ဒီး ဒီး ဒီး"

"------"

"ဒီ ဒီ"

"ဖုန်းလာနေတယ် ဖုန်းကိုင်လိုက်ဦး"

"ပေး ပေး"

ညီအစ်မနှစ်ယောက်ကြားတွင်ချထားသော ပိတောက်ဖူးရဲ့ ဖုန်းက တဒီးဒီးမြည်နေသဖြင့် ဝင့်ဝါဖူးက ခေါင်းငုံ့ကာ ဖုန်းကိုကြည့်၍ ပြောလေသည်။

ပိတောက်ဖူးက ဝင့်ဝါဖူး မမြင်အောင် ဖုန်းကို ကမန်းကတန်း ဆွဲယူကာ –

"ဟဲလို"

ဝင့်ဝါ သူမ မကြားစေအောင် ဖုန်းပြောကာ ဝေးရာသို့ ထွက်သွားသော အစ်မဖြစ်သူကို ကြည့်ပြီး ပခုံးတွန့်လိုက်သည်။

မာ့မီကတစ်မျိုး၊ ပိတောက်ဖူးက တစ်မျိုးနဲ့ ဘာတွေလဲ ဆန်းစစ်ဖို့ ဝင့်ဝါ စိတ်မဝင်စားတော့ပါ။





တစ်ခါတလေ အလုပ်ပိတ်ရက် အိပ်ကပ်ပြီးဆိုလျှင် မျက်စိမှိတ်ရတော့တာ အမှန်။

ယောက်ျားလေး ငယ်ငယ်ချောချောလေးတွေ ဝင်လိုက်ထွက်လိုက်။

ဦးလေးဖြစ်သူနှင့် ဝေးလားဝါးလားပြောဆိုကာ တဟီးဟီး တဟားဟား ရယ်နေတာမျိုး။

"ဟယ်တော် အဆင်လေးတို့ ကောင်မ ဒါမျိုးကျတော့ တတ်တယ်" စသဖြင့် အခြောက်တို့ပြောနေကျလေသံများသည် ဝင့်ဝါရဲ့နားထဲတွင် လုံးဝ အသားမကျပေ။

ကြားရတာကိုပင် ကျောချမ်းစရာကောင်းနေသည်။ ဦးလေးဖြစ်သူရဲ့ ပြုစုစောင့်ရှောက်မှုကြောင့် ကြီးပြင်းလာခဲ့သော်ငြား ဦးလေးဖြစ်သူရဲ့ အသက်မွေးဝမ်းကြောင်းလုပ်ငန်းကိုတော့ ဝင့်ဝါ လုံးဝ လုံးဝကို မနှစ်သက်ပါ။

ဦးလေးသည် အမျိုးသားသီးသန့် အလှပြုပြင်ရေးဆိုသည့်ဆိုင် ဖွင့်ထားသည်။ ဆိုင်တွင် ယောက်ျားလေးတွေ တရှုန်းရှုန်းနှင့် ခတ်ဟယ် ခတ်ဟယ်ရှိနေတာမျိုး။

ဝင့်ဝါသည် အခြောက်တို့၏အထာကို သိပင်သိသော်ငြား

ကိုယ်တိုင် ကိုယ့်ဦးလေးဖြစ်သူက မိန်းမစိတ်ပေါက်ကာ ယောက်ျ
လေးတွေနှင့် ထွေးရောယှက်တင်နေတာကိုတော့ မြင်လည်း မမြ
ချင်။ ရွံလည်း ရွံသည်။

ဒါကြောင့် အရွယ်ရောက်ကတည်းက ဦးလေး၏လုပ်င
တွင် လုံးဝ မဝင်ရောက်မလုပ်ကိုင်ဘဲ ကိုယ့်လမ်းကိုယ်ထွင်က
သတင်းထောက်အလုပ်ကိုလုပ်ခဲ့ခြင်းဖြစ်သည်။

❋



# အခန်း (၁၂)

"မမ"

"နေပါဦးဟယ်"

"ကြာလိုက်တာ မြန်မြန်လုပ်နော်။ နာရီဝက်အတွင်း မပြီးလို့
ကတော့ ဝင့်ဝါ မလိုက်တော့ဘူး ဒါပဲ"

"နင်ကလည်း ပြီးတော့မှာပါဆို။ ဘယ်လိုဖြစ်နေလဲမသိဘူး။
နာရီဝက် မကြာစေရဘူး"

ဝင့်ဝါမှာ ဝီတောက်ဖူးရဲ့အသံကိုသာ ကြားနေရသည်။
ဝီတောက်ဖူး၏သွင်ကိုမူ မမြင်ရသေး။

သွားချင်လွန်းလှသည် မဟုတ်သော ဝင့်ဝါတောင် ငါးနာ

သွားမယ်ဆိုတော့ လေးနာရီခွဲလောက်ကပင် ready ဖြစ်နေသည်

Ready ဖြစ်မည်ပေါ့။ ဝင့်ဝါက ဘာပြင်ဆင်စရာရှိလို့

မိန်းကလေးသဘာဝအရ အလှအပကို မကြိုက်မရှိသော်လည်း အရ

ကုန်ခံပြီးတော့ ပြင်ဆင်တာတော့ မရှိခဲ့။

အင်း ကိုယ်သွားရမည့်ပွဲလမ်းသဘင်ရှိလျှင်တော့ ပြင်

အလှပြင်တတ်သော ပိတောက်ဖူးက သူ လှအောင်ပြင်ပေးမယ်ဆို

တောင် လက်မခံ။

ကိုယ့်မျက်နှာကို ကိုယ့်စိတ်တိုင်းကျ ကိုယ့်လက်နှင့် သေ

ခြယ်မှုန်းပြင်ဆင်ရမှ ကျေနပ်နှစ်သက်သည်။

ပြင်ဆင်ပြီးလို့ ထွက်လာပြီဆိုလျှင် ပိတောက်ဖူးက ရှုံ့မဲ့ကာ

"အမလေး ဝင့်ဝါရယ်၊ နာရီဝက်နေလည်း ထွက်မလာ

တစ်နာရီနေလည်းထွက်မလာဆိုတော့ ငါ့မှာ အရမ်းကြီးကွာမယ်

နေတာ။ ဒီပုံစံက ဒီပုံစံတိုင်းပါပဲလား"

ဟု ဝေဖန်တော့သည်။

ဘာယ်လိုပဲဝေဖန်ဖန်၊ ကိုယ့်တာသာ ကျကျနနပြင်ထားသည်

ဆိုတော့ ကိုယ့်ကိုယ်ကိုယ်တော့ သဘောကျသည်။





ဒါပေမဲ့ ပြင်တယ်ဆိုတာကလည်း ဆယ်ခါမှတစ်ခါဆိုတော့

င်ခဲ့သည်ဟု ဆိုရမည်။

ယခုလည်းပြီးမည်ပေါ့။ ဂျင်းဘောင်းဘီနှင့် တီရှပ်အနက်ကိုပဲ

ဆင်ထားပြီး အပေါ်မှာ အင်္ကျီအပါးတစ်ထည်ကို ကြယ်သီးမတပ်

ဝတ်ဆင်ထားရုံ။

မျက်နှာထက်၌ ဘာမှ လိမ်းခြယ်ထားတာမရှိဘဲ ခါးမရောက်

သော ဆံပင်ကို သားရေပင်ပျော့နှင့် စုစည်းထားသည်။

ကားသော့လေး တယမ်းယမ်း၊ နားမှာ နားကြပ်တပ်ကာ

ဝင်တလှုပ်လှုပ်ဖြစ်နေသော တူမဖြစ်သူရဲ့ပုံစံကိုကြည့်ပြီး မာမီဆန်း

ပ်မကြည်။

ထို့ကြောင့် ယပ်တောင်ကို တဖျပ်ဖျပ်ခတ်ကာ ဆိုဖာမှာ

ပါပါထိုင်ပြီး မျက်နှာကိုမဲ့ရွဲ့ရင်း –

"ဝင့်ဝါရယ် . . . မာမီကြည့်နေတာ ညည်းပုံစံ သိပ်အချိုး

ပြေဘူး"

"ဝင့်ဝါ၊ ဘာလုပ်နေလို့လဲ မာမီရာ"

"တွေ့လား၊ အဲဒီဘာလုပ်လို့လဲဆိုတာကိုက အချိုးမပြေတာ။

ညည်းကိုယ်ညည်း မိန်းကလေးဆိုတာကော သတိရသေးရဲ့လား။

ကြည့်လိုက်ရင် ဘောင်းဘီရှည်တကားကားနှင့် ခုန်ပျံကျော်လွှားနေ တာ မာမီ လုံးဝကြည့်မရဘူး"

ကြည့်မရရင်နေပေါ့ဟု ဝင့်ဝါစိတ်ထဲက ပြန်ပြောလိုက်သည်။ မာမီဆန်းက ဝင့်ဝါကို ကြည့်လို့မရသလို ဝင့်ဝါကလည်း တင်တု ရင်တုတွေနှင့် တကာယ့်မိန်းမစစ်စစ်လို ပြင်ဆင်ထားသော မာမီကို ကြည့်၍မရပါ။

မာမီဆန်းရဲ့ပြင်ဆင်ပုံမှာ တကာယ့်မိန်းမအစစ်တွေတောင် လက်ဖျားခါအတုယူလောက်ပါသည်။

ဆံပင်ရှည်အတုကို နောက်ဘက်တွင် တစ်ပတ်လျှိုထုံးကာ ပန်းတစ်မျိုးမဟုတ်တစ်မျိုး ပန်ထားတတ်သည်။ တခြားသော အခြောက်တွေလို မျက်နှာကို ရဲပဒေါင်းခတ်အောင်မပြင်ဆင်ထားပါ။

ကိုယ်တိုင်က အသားဖြူဖြူ ခပ်သေးသေးဖြစ်သည်။ မျက်နှာတွင် မိတ်ကပ်ပါးပါးလူးကာ သနပ်ခါးကို ဖုံအောင်လိမ်းထား သည်။ ဝမ်းဆက်တွေပဲ အမြဲဝတ်ကာ ဒေါက်ဖိနပ်သံ တဒေါက်ဒေါက် နှင့်ဖြစ်သည်။

တကာယ့်ကို မိန်းမတစ်ယောက်နှင့်တူသော်လည်း ယောကျ်ား လေးတစ်ယောက်ဆိုတာ အသိရှိဖို့တော့ မာမီဆန်းရဲ့အမူအရာမှာ





ငံ့ဒါရဲ့မျက်ဝန်းထဲ လုံးဝ မတိုးပေါက်ပေ။

"လာပါပြီတဲ့"

အသံကြောင့် ဝင့်ဝါမော့ကြည့်လိုက်သည်။ ခေတ်၏ သဘီးပျို သစ္စာ ပြင်ဆင်ခြယ်သထားသော ဝိတောက်ဖူးမှာ အစွမ်းကုန်လှပ သည်။

မာမီဆန်း၏အကြည့်မှာ တူမတစ်ယောက်၏ အလှအပ အတွက် ဂုဏ်ယူဝင့်ကြွားနေဟန်။

ဝင့်ဝါ ထိုင်ရာမှထကာ –

"ပြီးပြီဆိုရင်လည်း သွားရအောင်"

"ကားကိုလည်း ဂရုတစိုက် မောင်းဦးနော်။ ဝိတောက် အပြန် ပျောင်စေနဲ့နော်"

"ဟုတ်ကဲ့ မာမီ"

ဝိတောက်ပြေသော်လည်း ဝင့်ဝါက အင်းမလုပ် အဲမလုပ်။ အဲဒါကြောင့် တစ်ခါတလေ မာမီဆန်းက ဝင့်ဝါကို –

"ညည်းဟာလေ မွေးရကျိုးမနပ်တဲ့ တူမပဲ။ ငါ့ကို အမြဲတမ်း သော်လော်ကန့်လန့်လုပ်လိုက်မှ စားဝင်အိပ်ပျော်တဲ့သူ"

ဟု ပြောသည်။

''ပြင်ဆင်ထားတာ လှတော့လှပါရဲ့။ ဒါပေမဲ့ အခုသွားရမယ့် ပွဲက ဒီလောက်ပြင်ဆင်ဖို့ လိုလို့လား''

ဝင့်ဝါက ကားမောင်းရင်း ဘေးတွင်ထိုင်နေသော ပီတောက်ဖူးကို လှည့်မေးလိုက်သည်။ အိမ်က မှန်ရှေ့တွင် အားရအောင် ထိုင်ခဲ့ရုံ မပေါ်သလိုနှင့် ပီတောက်ဖူးက အလှကြည့်မှန်အသေးလေးနှင့် သူမရဲ့ မျက်နှာကို ဟိုကြည့်လိုက် ဒီကြည့်လိုက်လုပ်ရင်း –

''ငါ့မျက်နှာ ကြည့်လို့အဆင်ပြေရဲ့လား ဝင့်ဝါ။ ဒီနား မိတ်ကပ်လိုနေသေးသလိုပဲ''

ပီတောက်ဖူးက မျက်နှာကို ဟိုလှည့် ဒီလှည့်နှင့် မေးသည်။ ဝင့်ဝါ ရှုံ့မဲ့မဲ့နှင့် –

''လှပြီးသားပါဆို ရေမချိုးရသေးဘူးနဲ့ တိုးနေပါလားနော်။ ကိုယ်ဟာ သာမန်အရပ်သူဆိုတာလည်း သတိရပါဦး မမရယ်။ ငါလေ မင်းသမီးတွေကို အင်တာဗျူးရပါတယ်။ နင့်လို ကဲကဲလှုပ်ဖြစ်နေတာ မျိုး တစ်ခါမှ မတွေ့ဖူးဘူး''

''အံမာ . . . ငါ့ကိုများ ကဲကဲလှုပ်တဲ့''

ပီတောက်ဖူးက ဝင့်ဝါရဲ့လက်မောင်းကို ဖြန်းခနဲ လှမ်းရိုက် လိုက်သည်။





နှုတ်ခမ်းကို ဖိပိတ်ပြီး မှန်ကိုပိတ်လိုက်သည်။ ပြီးမှ ဝင့်ဝါ ာက်သို့ အကျအနလှည့်ကာ –

''မင်းသမီးတွေက ပြင်သည်ဖြစ်စေ မပြင်သည်ဖြစ်စေ ပရိ ာတ်တွေက သူတို့ ဘယ်လိုနေနေ လက်ခံပြီးသား။ သာမန်မိန်း ာလေးတစ်ယောက်ဟာ ပွဲလမ်းသဘင်မှာလောက်ပဲ စိတ်တိုင်း ာအောင် ပြင်ထားတာ။ ကိုယ့်ကိုယ်ကိုယ် စိတ်တိုင်းမကျတာကြ ာ''

''မှတ်တောင်ထားရဦးမယ်''

''မှတ်မနေနဲ့၊ နင်လည်း ပြင်မှာမဟုတ်ဘဲ''

ဝင့်ဝါရဲ့ ခနဲ့တဲ့တဲ့အပြောကို ပီတောက်ဖူးကလည်း ခပ်ရွဲ့ရွဲ့ ပြောလေသည်။

''ရှေ့ဘက်လမ်းထဲချိုးဝင်လိုက်နော်''

ပီတောက်ဖူး ညွှန်ပြတဲ့လမ်းထဲသို့ ဝင့်ဝါရဲ့ကားလေး ချိုးကွေ့ ်လိုက်သည်။

ခြံကျယ်ကျယ် တိုက်မြင့်မြင့်လှလှကြီးတွေကို ကြည့်ပြီး . . .

''ဘယ်သူ့ဆီသွားဖို့လဲ''

''ရောက်တော့သိမှာပေါ့''

ရောက်တော့သိမှာပေါ့ဟုဆိုသဖြင့် ဝင့်ဝါ ထပ်မမေးတော့ပေ။

ကိုယ်ဟာ ပိုက်ဆံရှိ ဂုဏ်သရေရှိ လူတန်းစားမဟုတ်လေတော့ ဤကဲ့သို့သော လူဂုဏ်ထံရပ်ကွက်တွင်းသို့ ဝင်ရတာတော့ နည်းနည်းရှိန်သလိုလို၊ နည်းနည်းတင်မဟုတ်ပါ။ တော်တော်လေးရှိန်ပါသည်။

မီးဆိုင်း၊ မီးပန်းတွေ လှိုင်လှိုင်သုံးကာ လှပသောခြံကြီးတစ်ခြံရှေ့ အရောက်တွင် ဂိတ်ပေါက်မှာ တာဆီးထားသူတစ်ယောက်ကြောင့် ကားကိုရပ်ပေးလိုက်သည်။

"ဖိတ်စာပြပါ"

"ဖိတ်စာ ဒီမှာပါ"

ကားမောင်းသူ ဝင့်ဝါရဲ့ဘက်မှ ခေါင်းငုံ့ပြောတော့ ဝင့်ဝါဘာပြောရမှန်းမသိရှိနေစဉ် ပီတောက်ဖူးက လက်ကိုင်အိတ်တွင်းမှ ဖိတ်စာကို ထုတ်ကာ လှမ်းပေးလိုက်သည်။

လူကြီးက ဖိတ်စာကို တစ်ချက်ကြည့်ပြီးမှ ပြန်ပေးကာ-

"ဝင်လို့ရပါပြီ"

"အမယ်လေး ကိန်းကြီးခန်းကြီးနိုင်လိုက်တာ"





ဝင့်ဝါရဲ့မှတ်ချက်စကားကို ပီတောက်ဖူးက မည်သို့မှ မတုံ့ပြန်တော့ချေ။ သူမရဲ့အကြည့်က ဟိုဟိုဒီဒီရောက်သွားသည်။ လှပသော သုံးထပ်တိုက်မြင့်ကြီးကို မီးပန်းမီးဆိုင်း အရောင်းစားတွေနှင့် အလှဆင်ထားသလို ခြံထဲတွင်လည်း ရောင်စုံမီးပန်းဆိုင်းတွေနှင့် အလှဆင်ထားသည်။

ထို့ကြောင့် ပတ်ဝန်းကျင်တွင် အမှောင်ထုသည် ချည်းနှီးဝင်ရောက်နေသော်လည်း ဒီနေရာမှာတော့ နေ့နှင့်ညအလား မှားမှောင်းကာ ထိန်ထိန်လင်းလျက်ရှိ၏။

ပီတောက်ဖူး လူတစ်ယောက်ကို သည်းသည်းမည်းမည်း ရှာဖွေနေမိသည်။ ရှာဖွေနေသည်ဆိုတာကလည်း ထိုင်ရာမထ ရှာဖွေနိုင်ရုံသာ။ ဧည့်ခံနေရာချထားသူက သူမတို့ညီအစ်မနှစ်ယောက်ကို စားပွဲဝိုင်းတစ်ခုတွင် နေရာချထားပေးသည်။

ထို့ကြောင့် ဟိုကြည့် ဒီကြည့်နှင့် လူတစ်ယောက်ကို အသည်းအသည်း ရှာဖွေနေခြင်းဖို့-

"မမ ဘာရှာနေတာလဲ"

"ဟင်"

"အသိတွေ့လား"

မေးတာကောင်းကောင်းမဖြေဘဲ 'ဟင်' လုပ်နေသဖြင့် အသိတွေ့လို့လားထပ်မေးတော့ ဝိတောက်ဖူး မဖြေ။

တစ်နေရာသို့အကြည့်ရောက်သွားစဉ် မျက်နှာတစ်ခုလုံး အပြုံးတွေနှင့် ဖုံးလွှမ်းကာ –

"ဟိုမှာ သူ"

❋



## အခန်း (၁၃)

"ဝိတောက်"

"ကိုကို"

အနောက်တိုင်းဝတ်စုံအဖြူကို ကျော့မော့အောင် ဝတ်ဆင်ထားသည့်လူတစ်ယောက်။ ဝတ်စုံတားပုံးဟန်ပန်က စမတ်ကျလွန်းပါသည်။

လူကတော့ ချောသည့်ထဲမပါသော်လည်း ကြည့်ကောင်းသူတစ်ယောက်ထဲတွင် ပါဝင်ပါသည်။

'ဝိတောက်' ဟု ခေါ်လိုက်သောလေသံတွင် နွေးထွေးမှုတွေ

မပါတာကို ဝင့်ဝါ သတိထားမိလိုက်သည်။

မျက်နှာကလည်း နောက်ဘက်ကို လှည့်ကြည့်၍ ကွက်ကြည့် ကွက်ကြည့်ဖြစ်နေသဖြင့် ဝင့်ဝါ ထိုလူရဲ့နောက်ကို လှမ်းကြည့်လိုက် သည်။

ထိုလူရဲ့နောက်ဘက်ဝိုင်းတွင် အမျိုးသမီးတစ်ယောက် ထိုင် အမျိုးသမီးကလည်း ဝင့်ဝါတို့ဝိုင်းကို အကဲခတ်သလို ကြည့်နေလေ သည်။

မျက်လုံးမျက်ခုံးကောင်းကောင်းနှင့် ကြည့်ကောင်းသော အမျိုးသမီးပါ။

"ဒီကိုမလာနဲ့လို့ ကိုယ်ပြောထားတယ် မဟုတ်လား"

"လာမိတော့ ပီတောက်မှာ အပြစ်ကြီးတစ်ခု ဖြစ်သွားသလား ကိုကို"

"ဒါပေမဲ့ ... မလာတာအကောင်းဆုံးဆိုတာ ပီတောက် သိသင့်တယ်လေ။ အခု ဟိုမှာ"

"ဟိုမှာ ဘာလဲ၊ ကိုကို့ဦးလေး သဘောတူထားတယ်ဆိုတဲ့ အမျိုးသမီးလား။ ကိုကိုပြောတော့ သူ့ကို လုံးဝကြိုက်လို့ မရပါဘူးဆို ကြိုက်လို့မရတဲ့မိန်းကလေးကျတော့ ကိုကို့မွေးနေ့ပွဲကို တက်ခွင့်ရှိ





ပီတောက်ကျတော့ လာခွင့်မရှိဘူးဆိုတော့ ဘာလဲ"

အပြန်အလှန် ဖြစ်နေကြခြင်းအားဖြင့် ထိုလူသည် ပီတောက် ရဲ့ချစ်သူမှန်း သိလိုက်သည်။ အချေအတင်ဖြစ်နေကြခြင်းကို ဝင့်ဝါ နားမလည်ပါ။

သူပဲ ဖိတ်စာပေးခဲ့ပြီး လာတဲ့အခါကျတော့ ခွေးမောင်းသလို မောင်းထုတ်တာမျိုးကတော့ လုံးဝ အဓိပ္ပာယ်မရှိ။

သူ ထိုသို့ မောင်းထုတ်နေသူမှာ အခြားသူမဟုတ် ဝင့်ဝါရဲ့ အစ်မအရင်းခေါက်ခေါက် ဖြစ်နေတာမို့ ဝင့်ဝါ အောင့်သက်သက် ဖြစ်ရသည်။

"ဒါနဲ့ သူက"

ပြဿနာ ခဏငြိမ်သက်သွားစဉ် သူက ဝင့်ဝါကို သတိထား မိသွားသည်။ ဝင့်ဝါထံ ရည်ညွှန်းသည့်အမေးနှင့် ပီတောက်ဖူးကို လှမ်းမေးသည်။ ပီတောက်ဖူးက စောစောကပြဿနာကို အခဲမကျေ သည့်ဟန်ဖြင့် လေသံပြတ်နှင့် –

"ပီတောက်ရဲ့ညီမ"

"ပီတောက်ရဲ့ညီမ ဟုတ်လား။ တစ်ခါမှလည်းမတွေ့ဖူးပါ လား"

ရွှန်းရွှန်းဝေအောင်ကြည့်လိုက်သည့်အကြည့်ကို ဝင့်ဝါ မနှ
မြို့။

"ခဏနေရင် ပွဲစတော့မယ် ပိုဘောက်"

"အဲဒါ ဘာလုပ်ရမှာလဲ"

"ပိုတောက်"

"ကိုယ့်ချစ်သူရဲ့မွေးနေ့ပွဲကို ပိုတောက် တက်ရောက်ခွင့် မရှိတော့ဘူးလား"

ပိုတောက်တော့ ပြဿနာကို အလွယ်တကူပြီးဖျောက်လိုက်တာကို မကျေနပ်။ ထို့ကြောင့် မကျေနပ်နိုင်တာကို ဖွင့်ထုတ်ပစ်လိုက်သည်။

ဒီဘက်ကို မသိမသာ လှမ်းကြည့်နေသည့် အမျိုးသမီးကိုလည်း မနာလို ဝန်တိုဖြစ်မိသည်။

ပိုတောက်မှာကျတော့ ဟောဒီ လူ့ဂုဏ်ထံတွေကြား ဘာကြောင့် ကျော့ကျော့မော့မော့ တက်ခွင့် မရရတာလဲ။

"အခြေအနေမှန်ကို သိလျက်နဲ့ ဒီလောက်ထိ ပြောရမကာ ပိုတောက်။ ဓွတ်ကြာ သူများတွေ တစ်မျိုးထင်သွားရင် မကောင်းဘူး"

"ဘာရှင့်"





ဘာရှင့်ဆိုသည့်စကားက ပိုတောက်ရဲ့အသံမဟုတ်။ ဝင့်ဝါရဲ့ ပါးသနှင့် လွှတ်ခနဲထွက်သွားသည့်အသံ ဖြစ်သည်။

သူတို့ တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်ပြောနေသော စကားတွေကြောင့် ချစ်သူတွေဆိုတာတော့ သိပြီးပြီ။

သို့သော် ယခု ထိုလူပြောနေပုံက ရင့်လှချည်လား။

ဘာလဲ။ ဆင်းရဲတဲ့သူမို့ ဒီရဲ့ဧည့်ခံပွဲကို တက်ခွင့်မရှိဘူးတဲ့လား။ ဆင်းရဲပေမယ့်လည်း ဝင့်ဝါတို့ ပွဲတက်လာတာက ဖြစ်ကတတ်ဆန်းနဲ့ စုတ်တီးစုတ်ပြတ် ဝတ်စားလာကြတာလည်းမဟုတ်။

လူကြား သူကြားထဲ မသွားဖူးကြတဲ့လူတွေလည်းမဟုတ်။ သူ့အဆင့်အတန်းနှင့် အမြင်တင့်အောင်တော့ ဝတ်လာကြတာပဲ။

ဘာအမြင်မတော်စရာရှိလို့လဲ။

"ရှင့်ကိုရှင် ဘာထင်နေလို့ အဲဒီလိုပြောရတာလဲ။ ဘယ်သူတွေက လာချင်လွန်းလို့ လာရတာလဲ"

"ဟော့ ဒီမှာ"

"ဝင့်ဝါ"

"မင်းက ဘာသိလို့ ဝင်ပြောနေတာလဲ။ ပိုတောက် မင်းမြင်ဘယ်နော်။ မင်းညီမလေး ကိုယ့်ကို ဘယ်လိုစော်ကားနေတယ်ဆိုတာ"

ဘုရားရေ ဘုရား။

ဝင့်ဝါတို့ကို ခွေးမောင်းသလို မောင်းသူကပဲ တစ်ပြန်နိုး ဝင့်ဝါတို့က စော်ကားတယ်တဲ့။ ဟော့ဟော့ဒိုင်းဒိုင်းနှင့် ဘယ်သူ့ အကြောမှ မခံခဲ့သော ဝင့်ဝါမှာ အသားတွေတောင် တဆတ်ဆတ် တုန်လာသည်။

တဖြည်းဖြည်း စည်ကားလာပြီဖြစ်တဲ့ ညည့်ခံပွဲကိုလည်း မုန်းတီးလာသည်။ ဘယ်သူတွေကြည့်ကြည့် ဂရုမစိုက်နိုင်ဘဲ ထိုလူကို ချလင့်လုပ်မည့်အချိန်။

"ဝင့်ဝါ …ဒါ ငါ့ရဲ့ကိစ္စ။ နင် ဘာမှဝင်မပါနဲ့။ အခု ကားပေါ်မှာ သွားစောင့်နေ။ ငါ အခုပဲ လာခဲ့မယ်"

"မမ"

ဝင့်ဝါ ဒေါသနှင့်အော်တော့ ဒေါသထွက်ခဲ့သော ပိတောက် ကလည်း ဝင့်ဝါကိုပဲ ဒေါသထွက်တာလား။ သူများပေါ် ပုံလို့မရတဲ့ ဒေါသတွေနှင့် လုံးလည်လိုက်နေတာလားတော့မသိ။ တစ်ခါမှ မအော် ခဲ့ဖူးဘဲ –

"သွား ကားပေါ်မှာ စောင့်နေ။ ငါ အခုပဲလာခဲ့မယ်၊ သွား"

"မသွားဘူး"





"ဝင့်ဝါ … နင်မကာဝ်နဲ့နော်၊ ငါ သူ့ကိုပြောစရာရှိလို့။ ငါ တောင်းပန်ပါတယ် ဝင့်ဝါရယ်"

ငိုသံနှင့်ဖြစ်လာသော အစ်မဖြစ်သူကို ဝင့်ဝါမကျေနပ်။

အိမ်မှာဆိုလျှင်လည်း မမသည် ဒေါသထွက်ခဲ့သူ။ လိုချင် တာမရရအောင် ယူဖို့ သူများတွေရဲ့မျက်ရည်ကို ချူယူတတ်သည်။

မာမီဆိုလျှင် အမြဲပြောတတ်သည့်စကားတစ်ခွန်းရှိသည်။

"မယ်မင်းကြီးမ ပိတောက်ဖူးရဲ့ အစွမ်းထက်ဆုံးလက်နက်က မျက်ရည်ပဲ"

"တောက်"

ဝင့်ဝါ မျက်နှာချင်းဆိုင်ရှေ့တွင်ရှိသော သူ့ကို စူးစူးဝါးဝါး စိုက်ကြည့်ပြီး တောက်ခေါက်လိုက်သည်။

သူတို့ဘေးကနေ ဝင့်ဝါ မကျေနပ်မှုတွေ ထမ်းပိုးပြီး လှည့် ထွက်ခဲ့သည်။

နဂိုကတည်းက ပိတောက်နှင့်ပတ်သက်သည့် ဘယ်ပွဲကိုမှ လိုက်ခဲ့ဖူးသူမဟုတ်။

တတ်နိုင်သမျှ ကင်းအောင်နေခဲ့တာကလည်း ပိတောက်လို ဝင့်ဝါက အပျော့ဆွဲ မဆွဲတတ်။

မကျေနပ်လျှင် ပါးစပ်ပါရလျှင်ပါရ၊ လက်ပါရလျှင်ပါရ စိတ် မြန်လက်မြန်သူ။

ယခု ပထမဆုံးလိုက်ပို့ခဲ့ရသည့် ပွဲကျမှ ကိုယ့်ကိုပါ စော်ကား လိုက်သလို ခံစားရကာ ထိုလူကို ချောင်းရိုက်ချင်စိတ်တောင် ပေါက် သွားသည်။

သူ့ကိုသူ ကမ္ဘာ့အချမ်းသာဆုံး သူဌေးများ မှတ်နေသလား မသိ။ ဘယ်လောက်ချမ်းသာသာ နောက်ဆုံး ခြောက်ပေသုံးပေထက် ပိုမရ။

ထမင်းတောင် တစ်ရက် သုံးနပ်ထက် ပိုစားမရ၊ ကားသုံး ကို တစ်ပြိုင်နက်တည်း စီးလို့မရ။

ချမ်းသာခြင်းဆိုတာ မမြဲတဲ့အရာ အနိစ္စသဘောဆိုတာကော တရားသဘောနှင့် ဆင်ခြင်ဖူးကြရဲ့လား။

"ပိတောက် ပိတောက် ... နင် ငါ့လက်နဲ့ တွေ့တော့မယ်"

ကားတွင်းမှနေ အပြင်ဘက်ဆီသို့ လှမ်းမြင်နေရသော မြင်ကွင်းကိုကြည့်ပြီး ဝင့်ဝါ မသက်သာစွာ ကြုံးဝါးလိုက်သည်။

ကိုယ့်ရုပ်ကိုယ်ရည်နှင့် ဒီလူလောက် မချမ်းသာလျှင်တောင် ကိုယ့်ကို ချစ်ခင်ယုယနိုင်မယ့် ယောက်ျားတွေ တစ်ပုံကြီး။





ကိုယ့်အစ်မကို မကျေနပ်တာတွေကော၊ ထိုလူကို မကျေနပ် ာတွေကော စုပေါင်းပြီး ကားဝင်းယာရှင်ကို တခုန်းခုန်း ထုပစ်လိုက် ည်။

ထိုလူက လူအုပ်ကြားထဲ ရောက်သွားသည်။ ပိတောက်က စ်ယောက်တည်း ကားဆီသို့ လျှောက်လာသည်။

"ခုန်း"

"ဒိုင်း"

"သူများပေါ် ပုံချလို့မရတဲ့ဒေါသကို ဗိုကားပေါ် လာမပုံချနဲ့ ော်"

ကားကို ခုန်းခနဲဖွင့်ကာ ဒိုင်းခနဲ ဆောင့်ပိတ်လိုက်သဖြင့် င့်ဝါ လှည့်အော်လိုက်သည်။

ပိတောက်ကိုမြင်တော့ ကားရှေ့ဘက်သို့ မျက်နှာပြန်မလှည့် ်ချေ။ ပိတောက်ရဲ့မျက်နှာ၌ စိတ်ကြိုက်ခြယ်မှုန်းထားသော မိတ်ကပ် း မျက်ရည်တွေကြောင့် ပျက်ပြယ်လု။ နှုတ်ခမ်းကို ပေါက်ထွက် တတ် ကိုက်ထားသည်။

"မမ"

❋

## အခန်း (၁၄)

တရိပ်ရိပ် ပြေးနေသည့် မြင်ကွင်းတွေကို အမြင်အာရုံ ထေ
စွာ ငေးကြည့်နေမိသည်။

စိတ်အစဉ်က အတိတ်ဆီသို့ တရွေ့ရွေ့။ သို့မဟုတ် အ
တွေနဲ့ နယ်ကျွံခဲ့သော ကာလများ။

ကိုကိုရယ် –

ပိတောက်က တောကစားချင်ပါလျက် တောမကျွမ်းတဲ့မု
လို သားရဲတိရစ္ဆာန်တောထဲမှာ ခြေကျွံခဲ့ရသူပါ။ မုဆိုးတို့တပ်အပ်
ပညာကို မတတ်မြောက်ဘဲ မုဆိုးလုပ်ချင်တဲ့ ပိတောက်က မုဆိုးအ





ကနေ သားသမင်အဖြစ် ပြောင်းခဲ့ရသူပါ။

လှည့်စားရုံသက်သက် အရိပ်အယောင်တွေပြလို့ ချဉ်းကပ်ခဲ့သမယ့် နောက်ဆုံး ကိုယ့်ရဲ့သားကောင်ရှေ့မှာ ကိုယ့်အသက်ကို ကိုယ်ပြန်စတေးရသူမျိုးလေ။

အချစ်ဆိုတာ ကိုယ်နဲ့ အစိမ်းသက်ဆုံးစကားဖြစ်သင့်ပါလျက်နဲ့ ကစားကြည့်မိခဲ့တယ်။ နောက်ဆုံးတော့ ကိုယ့်ဝေဒနာကို ကိုယ်တိုင်ကြည့်နေခဲ့ရတယ်။

''သူက ဘယ်လောက်ထိ တန်ဖိုးကြီးနေလို့ နင်က အဲဒီလောက်ထိ အောက်ကျနောက်ကျခံပြီး လိုက်နေရတာလဲ''

''အချစ်မှာ သာတယ် နာတယ်ဆိုတာ မရှိဘူး။ အောက်ကျနောက်ကျနိုင်တယ်ဆိုတာ မရှိဘူး ဝင့်ဝါ''

''သွားစမ်းပါ၊ ဘာအချစ်လဲ။ ဒီမှာ မမ ငါကလည်း ခံစားဘတ်တဲ့ နှလုံးသားရှိတဲ့လူပါ။ လူတစ်ယောက်ရဲ့မျက်ဝန်းမှာ၊ အပြုအမူမှာ ချစ်ရိပ်ချစ်ယောင်တွေ ရှိ မရှိဆိုတာ အကဲခတ်တတ်ပါတယ်။ ဒါပေမဲ့ အခု နင့်လူ၊ ဒါနဲ့ အဲဒီလူနာမည်က ဘယ်သူလဲ''

''ပိုင်ဖြိုးသိုက်''

''အေး ဟုတ်တယ်၊ အဲဒီ ပိုင်ဖြိုးသိုက်ဆိုတဲ့ လူရဲ့မျက်ဝန်းမှာ

ရွှေပဒေသာစာပေ

ငါပြောတဲ့အရိပ်အယောင် ဘာဆိုဘာမှ မရှိဘူး"

"ဝင့်ဝါဖူး"

သိနေပါလျက် ထိုသို့သော ဝေဖန်စကားလုံးတွေ ကြားလိုက်ရသောအခါ ဝိတောက်ဖူးရဲ့အသည်းတွေ တဆတ်ဆတ်တုန်အောင် နာကျင်သွားသည်။

အိမ်ရှေ့သို့ ကားထိုးရပ်ပြီးမှ ဝင့်ဝါဖူးက ကားပေါ်မှဆင်းဖို့ ပြင်သည်။ ဝိတောက်ဖူး ကားပေါ်ကဆင်းဖို့ပြင်နေသော ဝင့်ဝါရဲ့လက်တစ်ဖက်ကို ခပ်တင်းတင်းလှမ်းဆွဲကာ –

"ဒီမှာ ဝင့်ဝါ ... နင် ဘာမှသေချာစွာမသိတဲ့ကိစ္စမှာ ဘာဝေဖန်ချက်မှ ပေးလို့မရဘူး သိလား"

"ပေးတော့ကော ဘာဖြစ်မှာမို့လို့လဲ။ ဒီညည်းခံပွဲမတိုင်ခင်အထိလေ၊ ဝင့်ဝါရဲ့အစ်မတစ်ယောက်ရဲ့ အလှအပအတွက် ဝင့်ဝါ ဂုဏ်ယူခဲ့တယ်။ ကျေနပ်ခဲ့တယ်။ လူတွေက နင့်အစ်မ လှလိုက်တာ၊ ချောလိုက်တာပြောရင် ကျေနပ်ခဲ့တယ်။ အခုတော့ အဲဒီ ကျေနပ်မှုတွေ နင်းခြေခံလိုက်ရသလိုပဲ"

"------"

ခါးသည်းနာကျည်းစွာ အော်ဟစ်မေးလိုက်ခြင်းမို့ ဝိတောက်ဖူး





င့်ဝါရဲ့လက်ကို လွှတ်ပေးကာ ဘာမှမပြောဘဲ ကားပေါ်မှ ဆင်းလိုက်သည်။

သို့သော် –

ဝင့်ဝါက တစ်ဖက်မှ လျင်မြန်စွာ ဆင်းလာကာ –

"နေပါဦး၊ အဲဒီလူမှာ ဘာတွေမက်မောစရာရှိနေလို့ နင် ဒီလောက်ထိ ငြိမ်ခံနေရတာလဲ"

"------"

"မိန်းကလေးတစ်ယောက်ရဲ့ဘဝမှာ ကိုယ့်အပေါ် တကယ် ြတ်မြတ်နိုးနိုးနဲ့ချစ်တဲ့ ယောကျ်ားနဲ့ တွေ့ဆုံဖို့က အဓိကပဲ။ ရွှေ ငွေ ဂုဏ်ဒြပ် ဘာလဲ။ အလကားပဲ"

"ဒီမှာ ဝင့်ဝါ ... ဝတ္ထုထဲကစာသားတွေ လာရွတ်ပြမနေနဲ့။ ္တုမှာသာ ဘယ်လောက်ပဲ ဇာတ်နာနာ နောက်ဆုံး happy end- နဲ့ပဲ အဆုံးသတ်ကြတာ။ ဇာတ်အိမ်တစ်ခုကို ကြည့်လိုက်ရုံနဲ့ ့ဆက် ဘာဖြစ်မလဲ ကြိုသိနေတယ်။ ဒါပေမဲ့ လက်တွေ့ဘဝမှာ ိုယ် ကြိုတင်ထင်မြင်ယူဆထားသလို မဖြစ်တဲ့အရာတွေ အများကြီး။ ီအများကြီးကို ကိုယ်က လက်ခံချင်သည်ဖြစ်စေ၊ လက်မခံချင်သည် ်စေ လက်ခံယူရမှာပဲ"

ဝိတောက်ဖူးရဲ့ စကားလုံးတွေမှာ နာကျင်မှုတွေကော ဆေး
နက်မှုတွေကော ပါဝင်နေတာ ဝင့်ဝါဖူးသိတော့သိသည်။

ဒါပေမဲ့ နားတော့မလည်နိုင်ပါ။

ယောကျ်ားလေးတစ်ယောက်နှင့် ချစ်ရုံပဲချစ်၍ လက်မထ
ရသေးသော မိန်းကလေးတစ်ယောက်အတွက် ကိုယ့်မှာ ဆုံးဖြတ်ပိုင်
ခွင့် များစွာရှိနေပါလျက် ရွေးချယ်ချင်သလို ရွေးချယ်ခွင့်မရှိဘူးဆိုတ
ဘာစကားလဲ။

ကိုယ့်အနာဂတ်ကို ကြိုတင်ထင်မြင်ယူဆ၍မရလျှင် မရှိ
လတ်တလော ကိုယ်နဲ့တိုက်ရိုက်သက်ဆိုင်သောကိစ္စများတွင်မူ ကိုယ်
နှစ်သက်သလို ဆုံးဖြတ်ခွင့်၊ စီရင်ပိုင်ခွင့်ရှိသည်ဟု ခံယူထားသူ ဝင့်
ဖူးကတော့ –

"အို ဘာပဲဖြစ်ဖြစ်၊ အဲဒီလူရဲ့ပုံစံကို ငါ လုံးဝမကြိုက်ဘူး
နောက်ပြီး ဟိုစားပွဲဝိုင်းကနေ ငါတို့ဘက်ကို လှမ်းကြည့်နေတဲ့ အမျိုး
သမီးက ဘယ်သူလဲ။ ပြီးတော့ ပိုင်ဖြိုးသိုက်ဆိုတဲ့လူကကော ဒီဘက်
မှာဖြစ်နေတဲ့ကိစ္စ ဟိုဘက်က အမျိုးသမီးသိမှာ ဘာလို့ကြောက်နေ
လဲ"

"ဟယ်တော် ... ဒါ ဘာလို့ဖြစ်လာကြတာလဲ၊ အိုး တွေ့





... ဘာဖြစ်တာလဲ၊ မာဗီကိုပြောစမ်း"

"မာဗီ"

"------"

အိပ်ထဲမဝင်ကြသေးဘဲ အိပ်အဝင်ဝမှာ အရှေ့အတင်ဖြစ်နေ
ကြစဉ် မာဗီဆန်းထွန်းကို သတိမေ့လျော့နေကြသည်။

အူယားဖားယား မေးလိုက်သံကြောင့် မာဗီရှိနေသေးပါလား
ဆိုပြီး အမှတ်ရသွားသည်။

ဝိတောက်က မာဗီ့ကို ဘာမှမပြောသေး။ မာဗီက မျက်ရည်
တွေနှင့် ကွက်ကာ မှိုအစ်နေသော တူမအကြီးဖြစ်သူရဲ့မျက်နှာကို
မြင်တော့ တစ်ခုခုကို သဘောပေါက်သွားသလိုနှင့်။

"အဲဒါကြောင့် ညည်းကို မာဗီပြောတာ။ မာဗီလိုက်မယ်၊
ဒီရဲ့ကိစ္စကို မာဗီကိုယ်တိုင် ကိုင်တွယ်မှ ဖြစ်မယ်လို့ တတွတ်တွတ်
ပြောနေလျက်နဲ့ ဝင့်ဝါကို ခေါ်သွားသေးတယ် မိဝိတောက်ရယ်"

"မာဗီပါလာတော့ကော ဝိတောက် ဒီထက်အရှက်ကင်းမဲ့
သေးဦးမယ် မဟုတ်လား"

"ဝိတောက်ဖူး ... ဘယ်လိုပြောလိုက်တာလဲ"

"------"

"ပိတောက်ဖူး"

ပိတောက်ဖူးက ဘယ်နားသွားထားလို့ ထားရမှန်းမသိသော ဒေါ်သတွေကို ဦးလေးဖြစ်သူဆီ ပုံချကာ အိမ်အပေါ်ထပ်သို့ အမြေး တစ်ပိုင်းတက်သွားသည်။

"ဝင့်ဝါ ... ပိတောက် ဘာဖြစ်လာတာလဲ"

"သိဘူးလေ"

"ဟဲ့ နင်လိုက်သွားပြီးတော့"

"လိုက်သွားလည်း သူတို့ချင်း ဘာတွေပြောနေကြသလဲ ကိုယ်တောင် လိုက်ပတ်မလည်ဘူး"

ဝင့်ဝါ ပခုံးတွန့်၍ ပြောလိုက်သည်။ ပြီးတော့ ဘာမှ ဆက် မပြောတော့ဘဲ အပေါ်ထပ်သို့ တက်ခဲ့သည်။

ခုထက်ထိ ရှုပ်ထွေးနေခြင်းတွေကို လိပ်ပတ်မလည်သေး။

ပြောပုံဆိုပုံအရ ပိတောက်ဖူးရဲ့ကိစ္စကို မာမီလည်း သိကို သိနေရမည်။ သိနေလို့သာ သူပါလာလျှင် ဒီလိုဖြစ်စရာမလိုဟု ပြော ခဲ့ခြင်းဖြစ်မည်။

ဒါဆို မာမီနှင့်ပိုင်ဖြိုးသိုက်က ချိတ်ဆက်မှုရှိနေတာလား။ မာမီက ပိုင်ဖြိုးသိုက်ကို မလွှန်ဆန်နိုင်တာလား။ ပိုင်ဖြိုးသိုက်က မာမီကို





လွှန်ဆန်နိုင်တာလား။

"ပိတောက်"

အခန်းတံခါးကို ဘွန်းအဖွင့် ဆေးလိပ်ငွေ့တွေ ထောင်း ထောင်းထအောင် ဖွာရှိုက်နေသော ပိတောက်ကို တွေ့လိုက်ရသည်။

ဝင့်ဝါ အခန်းတံခါးကို ကပျာကယာပိတ်ကာ ခုတင်အနီးသို့ သွင်မြန်စွာ ပြေးလာခဲ့သည်။ ပိတောက်က စောစောတုန်းက အဝတ် အစားတွေကို လဲတောင်မလဲသေး။

အိပ်ရာခေါင်းရင်းဘေးက စားပွဲခုံပေါ်တွင် အရက်ပုလင်းနှင့် အရက်ခွက်ကိုမြင်တော့ -

"ပိတောက် နင် ဘာတွေလုပ်နေတာလဲ။ ပေးစမ်း။ ဒီလို အတတ်ပညာတွေ နင် ဘယ်တုန်းကတည်းက တတ်နေခဲ့တာလဲ"

"မပေးဘူး"

"ပေးဆို"

အရက်ခွက်နှင့် အရက်ပုလင်းကို သိမ်းကျုံးဆွဲယူပြီး အားနေ သောက်နှင့် ပိတောက်က နှုတ်ခမ်းဝတွင် တေ့ထားသော ဆေးလိပ်ကို ဆွဲယူသည်။

ပိတောက်က ဆွဲယူမခံဘဲ ရှောင်ထွက်သွားကာ နီရဲနေသော

မျက်လုံးတွေနှင့် –

"သွား သွားစမ်း ဝင့်ဝါ … ငါတစ်ယောက်တည်းနေချင်တယ်။ ငါတစ်ယောက်တည်းပဲ တွေးချင်ရာ တွေးနေမယ်"

"ရမလား။ နင်က ဥတစ်လုံး တစ်ကောင်ကြွက် မဟုတ်ဘူး တစ်ယောက်တည်း လုပ်ချင်ရာတွေ လျှောက်လုပ်ခွင့်မရှိဘူး"

"တော်ပါတော့၊ အဲဒီလိုလုပ်ရမယ် မလုပ်ရဘူးဆိုတဲ့ စည်းကမ်းတွေ ထပ်မထုတ်ပါနဲ့တော့။ လုပ်ရမယ်ဆိုတဲ့ စည်းကမ်းတွေ အောက်မှာ ငါမောနေပြီ။ နောက်ဆုံး ငါရှုံးနေပြီ။ နောက်ဆုံးတော့ ဘယ်သူမှ ကူကယ်လို့မရအောင် ငါ လဲပြိုဖို့ပဲ ရှိတော့တယ်။ ဒီ လောကကြီးကို မေ့ချင်တယ်၊ ပေးစမ်း ငါ့ခွက်"

"မပေးဘူး။ နင့်ကိုနင် မြန်မာမိန်းကလေးတစ်ယောက်ဆိုတာ မမေ့ပစ်နဲ့"

ဝင့်ဝါ အရက်ပုလင်းနှင့် အရက်ခွက်ကို ရေချိုးခန်းထဲယူသွားရင်း အော်ပြောတော့ ပိတောက်ဖူးကလည်း အိပ်ရာပေါ် လက်သီးဆုပ်တွေနှင့် တဒုန်းဒုန်း ထုနက်ကာ –

"မေ့ပစ်တော့ကော ဘာဖြစ်လဲ၊ ဘယ်သူက ငါ့ကို တရားစွဲလို့ ရမလဲ။ ငါလုပ်ချင်တာ ငါလုပ်မယ်၊ ဘယ်သူမှ လာမတားနဲ့"





"လင်တရှူး"

"ဘာ ဘာပြောတယ်"

အမူးပါးဆိုတာ မှန်ပါ့။ မကြားအောင် မကြားတကြားပြော သည့်စကားကိုတော့ ကြားဖြစ်အောင်ကြားသွားသေးသည်။

"နင် နင်က ငါ့ကို"

"မမ"

"နင်ကငါ့ကို၊ ကဲ ကဲ ပြောချင်ဦး"

"မမ နင် ဘာတွေဖြစ်နေတာလဲ။ ဘယ်လိုဖြစ်နေတာလဲ"

အခန်းထဲမှာ ညီအစ်မနှစ်ယောက် ထုတ်စီးတိုး တိုးနေသလို ...နေ၏။ ပိတောက်ဖူးက ဝင့်ဝါကို မကျေနပ်စွာ လိုက်ရိုက်နေသလို ...ဝါကလည်း ပိတောက်ရဲ့လက်နှင့် လွတ်အောင် ပြေးရင်း လက် ...ကာကာနှင့် ပြောလေသည်။

ခပ်အေးအေးနေတတ်တဲ့ ပိတောက်ရဲ့စိတ်နှင့်ပိတောက်ရဲ့ ...င်ခြင်တုံတရားကို အဘယ်အရာက ဆွဲထုတ်ယူငင်သွားတာလဲ။

"ဒုန်း"

"မမ"

"အီး နင့်ကြောင့်ဖြစ်တာ၊ သွား မလာနဲ့"

ထိုင်ခုံနှင့် တိုက်မိကာ ပိတောက် လဲကျသွားသည်။ ဝင့်
ပြန်ပြေးလာတော့ ပိတောက်ဖူးက စိတ်ဆိုးဆိုးနှင့် ကလေးလို အော်
သည်။

ဝင့်ဝါလည်း ရိုက်လိုက ရိုက်ဆိုပြီး အနားသို့ ကပ်သွား
သည်။

အနားသို့ရောက်သွားတော့ ပိတောက်က ဆွဲထူတာ မထ
ဝင့်ဝါကို ဆွဲဖက်ကာ တရှိုက်ရှိုက် ငိုလေသည်။

"မမ"

"ဟုတ်တယ်။ နင်ပြောသလို ငါ ရူးနေပြီ။ ကိုကို့ကြော
ငါ ရူးနေပြီ။ ကိုကို့ကို စွန့်လွှတ်ရမှာဆိုးတဲ့စိတ်တွေနဲ့ ငါ ရူးနေပြီ
ဝင့်ဝါ ငါရူးနေပြီ"

"------"

"ပိုင်ရှုံနဲ့ ဆိုင်လို့မရဘူးဆိုတာ ငါသိတယ်။ သူ့ကိုငါ ပိုင်
မှန်တယ်။ ဒါပေမဲ့ သူ့ကိုငါ မဆိုင်ဘူး။ သူကလည်း ငါ့ကို ဆိုင်
ဘယ်တော့မှ ပေးမှာမဟုတ်ဘူး"

"နှင် ဘာတွေပြောနေတာလဲ။ နင်ပြောတာတွေကို ငါ န
မလည်ဘူး မမ"





"ဟုတ်တယ် နင်နားမလည်ဘူး။ နင်သိရင် ပိုပြီး ငါ့ကို
နားလည်ပေးမှာ မဟုတ်ဘူး။ နင် ဘာမှမသိဘူး ဝင့်ဝါရယ်။ နင်
ဘာမှမသိတာပဲကောင်းတယ်။ ငါ့ဘဝထက် နင့်ရဲ့ဘဝဟာ ပိုကောင်း
တယ်။ နင့်ဘဝက ပိုကောင်းပါတယ် ညီမလေးရယ်"

❋

# အခန်း (၁၅)

နင် ဘယ်နားလည်မလဲ ဝင့်ဝါ။ နင့်ဘဝက သာသာယာ[illegible]

ပဲလေ။

မပြည့်စုံတဲ့ဘဝဆိုတာ နင် စာတွေ့ပဲသိပြီး လက်တွေ့ [illegible]

သိမလဲ။ သိအောင်လည်း ငါတို့က ပြောပြမှာမဟုတ်ဘူး။

အများမိုးခါးရေသောက်လို့ တို့တွေက လိုက်သောက်[illegible]

မယ့် နင့်ကိုတော့ အများမိုးခါးရေသောက်သလို လိုက်မသောက်[illegible]

တာ ဘာကြောင့်လဲ။

ဖေဖေနဲ့မေမေရိုကတည်းက တို့တွေက ပြေလည်တဲ့[illegible]





ပါကြတဲ့သူတွေ မဟုတ်ဘူး။

မာဗီပြောပြသလောက်ဆိုရင် ဖေဖေက လက်ကြောမတင်းဘူး။ အပျော်အပါးကြိုက်တယ်။ ကိုယ်သက်သာရင်ပြီးရော ကျန်တဲ့လူတွေ ဘယ်သူဘာဖြစ်ဖြစ်တဲ့။

အိမ်ထောင်ဦးစီးက ခေါင်းရှောင်ပြီဆိုမှတော့ တာဝန်ဝတ္တရားအားလုံး အိမ်ရှင်မ မေမေ့ခေါင်းပေါ် ကျလာတယ်လေ။

အင်းလေ၊ ဒါကလည်း တာဝန်ယူချင်စိတ်ရှိသူတွေမို့ပါ။ မေမေက သူ့မောင်လေး (မာဗီ) နဲ့ အတူတူ အလှပြင်ဆိုင်လေး ဖွင့်ခဲ့တယ်။ အဲဒီ အလှပြင်ဆိုင်ကရတဲ့ ဝင်ငွေနဲ့ပဲ တို့မိသားစုတွေ ရပ်တည်ခဲ့ကြတာ။ ချောင်လည်တဲ့ထဲတော့ ဘယ်ပါကြမလဲ။

အလှပြင်ဆိုင်ဆိုတာကလည်း ဆိုင်ကြီးမှမဟုတ်တာ။ ဘယ်ဝင်ငွေကောင်းတဲ့ထဲမှာ ပါပါ့မလဲဟယ်။

ဖေဖေရယ်။

မကျည်းချင်ရင်နေ မနှောင့်ယှက်ပါနဲ့ဆိုတဲ့ စကားက သိပ်မှန်ပါတယ်။ မိသားစုကို လုပ်ကိုင်ရှာဖွေမကျွေးစာတော့ထားပါ။ ဒါပေမဲ့ မေမေ မျက်ရည်နဲ့မျက်ခွက်ဖြစ်အောင် ဘာလို့ လုပ်ချင်တာလဲ။

ယောကျ်ားဆိုတာ အပျော်အပါး မကင်းပါဘူး။ ဒါပေမဲ့

ကိုယ့်မိသားစု ပတ်ဝန်းကျင်ရဲ့ တံတွေးခွက်ထဲမှာ ပက်လက်မျောအော
ထိတော့ မလိုက်စားသင့်ပါဘူး။

ဖေဖေ့ကြောင့် မေမေ့မှာ အမြဲတမ်း အရှက်ရခဲ့တယ်ဆေ
မိသားစုကိုတာ ရှာဖွေမကျွေးချင်တာ ကောတီဖွီ၊ မာဆက်သွားရို
တော့ ပိုက်ဆံရှိတဲ့ဖေဖေ။ တကယ်ဆိုရင် တွေးကြည့်ရင် စိတ်နာ
တွေချည်းပါပဲလေ။

အိမ်ရဲ့မပြေလည်မှုတွေကို ဝိတောက်ငယ်ငယ်လေးကတည
က ရင်းနှီးကျွမ်းဝင်နေခဲ့တာပါ။ မေမေက ဝိတောက်ကို သမီးကြီး
တော့ သူတို့ပြောတာတွေ နားလည်သည်ဖြစ်စေ၊ နားမလည်သည
ဖြစ်စေ တတွတ်တွတ်ပြောနေခဲ့တော့ ဝိတောက်ကလည်း နားရည်
နေခဲ့တာပေါ့။

ဝင့်ဝါဖူးကျတော့ အိမ်မှာ အငယ်ဆုံးလည်းဖြစ်တော့ စိ
ချမ်းသာစေခြင်းကလွဲလို့ သူ့မှာ ဘာသောကမှ မရှိစေရဘူး။

ကလေးချင်းတူရင်တောင် မြှောက်စားခံရတဲ့ကလေး
ပတ်ဝန်းကျင်အလယ်မှာ ဝံ့စားရပြီး သိမ်ငယ်စိတ်တွေနဲ့ ပြည့်နှက်
တဲ့ ကလေးကတော့ ပတ်ဝန်းကျင်အလယ်မှာ အမြဲတမ်း စိုးရွံ့တ
တာ သဘာဝပဲလေ။





မိသားစုကို ကောင်းမွေတော့မပေး ဆိုးမွေတွေပေးတာ
ရာပါပါလား။ အပျော်အပါးလိုက်စားလွန်းတဲ့ ဖေဖေ၊ တရှောင်
ာင်နဲ့ ခုတင်ပေါ်မှာ ပက်လက်။ ဘယ်ဆေးနဲ့ကုကု မပျောက်လို့
ူးစစ်လိုက်တော့ ဖေဖေ့မှာ 'အေအိုင်ဒီအက်စ်' ရောဂါ ရှိနေပြီတဲ့။

ဘုရားရေ၊ ဖေဖေ ရက်စက်လှချည်လား။ သမီးတို့တွေ
ဝန်းကျင်အလယ်မှာ မျက်နှာမပြဝံ့တော့လောက်အောင် ဖေဖေ
မွေဆိုးတစ်ခု ထားခဲ့ပါပေါ့လား။

ဖူးတစ်ရာပေါက်သာ ဆို့လို့ရချင်ရမယ် ပါးစပ်တစ်ပေါက်ကို
ာ့ ဆို့လို့မရဘူးဆိုတဲ့ စကား တယ်မှန်ပါလား။

မပြောပါနဲ့လို့ တားထားတဲ့ကြားကနေ ပြောဖြစ်အောင် ပြော
က်တဲ့ လူကြောင့် ဖေဖေ့မှာ အေအိုင်ဒီအက်စ်ရောဂါ ရှိတာ ပတ်
းကျင်က လူတချို့ သိလာတယ်။

အဲဒီတုန်းက ဝင့်ဝါလေးက သူငယ်တန်းကျောင်းသူလေးပဲ
ာလေ။ ဝိတောက်က လေးတန်းကျောင်းသူ။ မေမေရဲ့သောကနဲ့
ဖေရဲ့အမွေဆိုးကို နားလည်ရကောင်းမှန်းသိနေတဲ့အရွယ်။

ဟိုကပြော ဒီကပြော၊ ဟိုကကဲ့ရဲ့ ဒီကကဲ့ရဲ့နဲ့ ပတ်ဝန်းကျင်မှာ
ောက်ဆို မျက်နှာတောင် မဖော်ရဲခဲ့ပါဘူး။

နောက်ဆုံးဖေဖေကတော့ သူ့ရဲ့မိုက်ပြစ်နဲ့သူ နိဂုံးချုပ်သွား
တယ်။ အင်း ... မိုက်ရူးရဲ့သူတစ်ယောက်အတွက် မိုက်ဇာတ်သိမ်း
သွားတာ မဆန်းပါဘူး။ ဒါပေမဲ့ ဖေဖေရဲ့ ရက်စက်မှုကတော့ ကမ်းကျ
လွန်းပါတယ်။

သူသေရင် သူ့အမွေဆိုးတွေ ချုပ်ငြိမ်းသွားမယ်လို့ ထင်ထား
တာ မှားလေစွ။

သူ့ရဲ့ရောဂါဆိုးကို မေမေ့ဆီထိတောင် လက်ဆင့်ကမ်းပေး
တယ်တဲ့။ ရက်စက်လိုက်တာ။ မေမေ့မှာလည်း အေ–အိုင်–ဒီ–
အက်စ်ရောဂါ ရှိနေပြီဆိုတာ သိလိုက်ရတော့ ပိတောက်တို့အားလုံး
ကမ္ဘာပျက်သလို ခံစားကြရတယ်။ ဒါတွေကိုလည်း ဝင့်ဝါမသိခဲ့ရဘူး။

ဝင့်ဝါသိနေတာက မေမေ့မှာ ရောဂါရှိနေလို့ အိပ်ယာထဲ
လဲနေတယ်၊ ဒီလောက်ပါပဲ။ စိတ်ဓာတ်ကျလွယ်တဲ့မေမေကတော့
လူ့လောကကို လွယ်လွယ်နဲ့ လက်မြှောက်အရှုံးပေးသွားတယ်။

ဖေဖေနှင့်မေမေ ရှေ့ဆင့်နောက်ဆင့် ဆုံးသွားတော့
ပိတောက်တို့ (၂) ယောက်ကို မာမီက အုပ်ထိန်းခဲ့တာ။

တကယ်တော့ မာမီသာ ယောက်ျားဆိုရင် ယောက်ျားပီပီသာ
ရှာဖွေကျွေးမွေးခဲ့ရင်လေ ပိတောက် လက်ရှိဘဝမှာ အဖြစ်ဆိုးခဲ့မှာ





ပါဘူး။

အင်း ... ဒါကျတော့လည်း ကျွမ်းကျင်ရာ လိမ္မာရာဆိုတော့
ည်း သူ ကျွမ်းကျင်တဲ့ အတတ်ပညာကလွဲရင် ဘာလုပ်တတ်
တတ်မှာလဲ။

နဂိုကတည်းက နည်းနည်းနွဲ့နေပါတယ်ဆို အလုပြင်တဲ့
န်းလုပ်ပြီဆိုတော့ ခြောက်သွားတာ သိပ်တော့မဆန်းပါဘူး။

မေမေဆုံးတော့ မာမီက ပိတောက်တို့အပေါ် အမေလို
နဲ့ အဖေါ်လိုတစ်ဖုံ အုပ်ချုပ်ခဲ့တာပါ။ သူ့ရဲ့အတွေးထဲမှာလေ
က်တို့ကောင်းစားဖို့ကလွဲရင် တခြား ဘာမှမသိဘူး။

တစ်ခုပဲ၊ မာမီရဲ့အကျင့်ဆိုးက ကောင်လေးချောချောလေး
နဲ့ ပရောပရီ နေတတ်တာလေးပဲ။ ကျန်တာတော့ ပိတောက်တို့ကို
ထိလေနဲ့ မီးပွင့်သွားမယ် အစားထဲက။

ဒီလိုနဲ့ မာမီရဲ့အုပ်ထိန်းမှုအောက်မှာ ပိတောက်ရော ဝင့်ဝါပါ
ာင်းပြီးခဲ့တယ်။ ဝင့်ဝါကတော့ ကျောင်းပြီးတာနဲ့ သူလုပ်ချင်တာ
တယ်။ မာမီလုပ်ခိုင်းတာလည်း မလုပ်ဘူး။ မာမီလုပ်နေတဲ့အလုပ်
ကို ရွံ့ချတဲ့အထဲမှာ ဝင့်ဝါက ထိပ်ဆုံးပဲလေ။

ကျောင်းသွားလို့ ဆိုင်မှာ မုန့်ဖိုးဝင်တောင်းပြီဆိုရင် ဝင့်ဝါ

ဘယ်တော့မှ ဆိုင်ထဲမဝင်ဘူး။ မာမီ ဘယ်လောက်ဆူဆူပေါက်ပေါက် ပြောပြော ဆိုင်ဘေးဘက်မှာ ပေကပ်ကပ်ရပ်နေခဲ့တာ။

ဆိုင်ထဲမှာ ကောင်လေးတွေနဲ့ ပုတ်လား ခတ်လား လုပ်နေ တဲ့ မာမီကို စူပုတ်ပုတ်နဲ့ မျက်စောင်းအတင်းထိုးနေတတ်တာလည်း ဝင့်ဝါပဲလေ။

ဩော် ... ပြောရဦးမယ်။ မေမေဆုံးတော့ ဝင့်ဝါတို့က ပတ် ဝန်းကျင်အဟောင်းကနေ ရှောင်ပုန်းလာကြတယ်လေ။

ပီတောက်တို့ မိဘတွေဟာ အေအိုင်ဒီအက်စ်ရောဂါနဲ့ သေ တယ်ဆိုတာ ပတ်ဝန်းကျင်က ကဲ့ရဲ့မှာစိုးလို့၊ ပီတောက်တို့ တစ်သက် လုံး သိမ်ငယ်နေရမှာစိုးလို့တဲ့။

မေမေဆုံးတော့ မာမီက ပီတောက်တို့တူဝရီး (၂) ယောက်ရဲ့ လက်ကိုဆွဲပြီး ရန်ကုန်ရွှေမြို့တော်ကြီးဆီ ပြောင်းရွှေ့လာတယ်။

မြို့ကြီးပြကြီးမှာဆိုတော့ ပီတောက်တို့ရဲ့အလှပြင်ဆိုင်လေး နယ်မှာထက်စာရင် ဝင်ငွေကောင်းတယ်လို့တော့ ဆိုရမှာပေါ့။

ကျောင်းပြီးတော့ ပီတောက်က မာမီရဲ့အလှပြင်ဆိုင်မှာပဲ ဝင်ရောက်ကူညီရတယ်။ ပီတောက်မာမီရဲ့ဆိုင်မှာလုပ်တဲ့အချိန်ကစပြီး ပီတောက်တို့ရဲ့ဆိုင် ယောက်ျားလေးတွေ အဝင်အထွက်များလာတယ်။





အရင်ကထက်စာရင် ဖောက်သည်တွေလည်း ပိုများလာ တယ်။ ဝင်ငွေလည်း ပိုကောင်းလာတယ်။

ပီတောက်ကို ကောင်လေးတွေက အရမ်းလှတယ်၊ အရမ်း ချောက်တယ်တဲ့။

ခေတ်နဲ့အညီ ဝတ်ဆင်တတ်တဲ့ ပီတောက်ရဲ့ကိုယ်ပေါ်မှာ ဘယ်တော့မှ ရိုးရိုးယဉ်ယဉ် မတွေ့ရတတ်ဘူး။

ပီတောက်က ပင်ကိုယ်ချောသူ၊ ပင်ကိုယ်အလှပေါ်မှာ အလှ ပြင်ပစ္စည်းတွေ ထပ်ပေါင်းဖြည့်လိုက်တော့ ပီတောက်ဟာ အင်မတန်မှ ဆွဲဆောင်မှုရှိတဲ့ မိန်းကလေးတစ်ယောက်။ အထူးသဖြင့် ပုရိသ ယောက်ျားတွေကို ဆွဲဆောင်ညှို့ယူတဲ့နေရာမှာ ပီတောက်က ဆရာ ကြီးအထာပေါ့။

မာမီက ပီတောက်ရဲ့အလှပေါ်မှာ ဂုဏ်ယူသလို ပီတောက်ရဲ့ သပ်ရပ်ပေါ် အားပေးအားမြှောက်ပြုသူပေါ့။ သူကိုယ်တိုင်က ဆိုင်မှာ ယောက်ျားလေးတွေ ဝင်ထွက်နေရင် သဘောကျသူဆိုတော့ သူ့ရဲ့ ဆိုင်မှာ ပီတောက်က မရှိမဖြစ် အရေးပါသူတစ်ယောက်။

ဘေးပတ်ဝန်းကျင်ဆိုင်တွေကတော့ ပီတောက်တို့ရဲ့ စီးပွား ရေးကောင်းမှုကို မနာလိုဝန်တိုတာလားတော့မသိဘူး။

ဝိတောက်က ယောက်ျားလေးတွေကို ချစ်စားနေတဲ့သူ၊ မာမီက ဝိတောက်ကို အမှိုက်ပြုပြီး ထောင်စားနေတဲ့သူလို့ အတင်းတုတ်ကြတယ်။

ဒါပေမဲ့ ဝိတောက်တို့က ပတ်ဝန်းကျင်က အတင်းအဖျင်းလောက်ကို ခွေးဟောင်သံကြားသလို ထမကြည့်တတ်ဘူးဆိုတာ သူတို့ မသိရှာဘူးထင်ရဲ့။

❋



## အခန်း (၁၆)

"ဘာပြောတယ် မာမီ"

တအံ့တသြ မေးလိုက်သံက ပြောလိုက်သည့်စကားကို ကြားလို့မဟုတ်။ မယုံနိုင်သဖြင့် အံ့သြလွန်း၍ နှုတ်ကထွက်သွားခြင်း ...ပ်ပါ။

မာမီက မှန်ကြည့်မပျက်ဖြင့် –

"သမီးကူညီနိုင်လိမ့်မယ်လို့ မာမီ ယုံကြည်ပြီးသား"

"မယုံကြည်နဲ့ မာမီ"

ဝိတောက် ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။ ခုထိ အမူ

အယာမပျက်သေးသည့်မာဓိကို ကြည့်လိုက်သည်။ တူမတွေ ဝတ်ချင်သလိုဝတ်၊ ပေါ်အောင်ဝတ်ဝတ်၊ တိုအောင်ဝတ်ဝတ် ဘာမှမပြောသည့် မာဓိက သူကျတော့ တကာယမိန်းကလေးအသွင် ဗိုင်းကောင်းကျောက် ဗိဟန်နှင့် ဝတ်စားတတ်သည်။

လက်သည်းနီဆိုလျှင် အရောင်ရဲရဲမှ ဆိုးတတ်သည့် လက်ချောင်းရှည်ရှည်က ဖယောင်းခဲအသွင်။

ခရမ်းပုတ်ရောင် လက်သည်း ဆိုးဆေးနှင့် ကော့ညွတ်နေသောလက်ကို စိုက်ကြည့်ကာ –

"မာဓိ အမြဲတမ်း ယုံကြည်နိုင်လောက်အောင် ပိတောက်က ဥမ္မာဒန္တီလည်းမဟုတ်ဘူး။ ဥမ္မာဒန္တီကိုသာ မြင်မြင်သမျှလူတွေက ယစ်မူးသွားမှာ။ ပိတောက်ကို မြင်မြင်သမျှလူတွေက ယစ်မူးတယ်လို့ ပိတောက် လက်မခံထားဘူး"

"တော်စမ်း ပိတောက်၊ စကားတွေ အပိုပြောမနေနဲ့"

"အပိုတွေလို့ မာဓိကထင်ရင်လည်း ပိတောက် မတတ်နိုင်ဘူး။ ဒါပေမဲ့ ဒီကိစ္စမှာတော့"

"ဒီကိစ္စမှာ ညည်း မဆောင်ရွက်ပေးဘူးဆိုရင် တို့ (၃) ယောက်လုံး ဒီအိမ်ပေါ်ကနေ ခွေးမောင်းသလို မောင်းခံရဖို့ပဲ ရှိတယ်"





"ဘာဆိုင်လို့လဲ၊ မာဓိကသာ ကိုယ့်သဘောနဲ့ကိုယ် လုပ်ပြီးတော့ ပိတောက်တို့က ထင်းပေးစရာလား။ အဲဒီဖဲရိုက်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး မာဓိထိန်းနော်။ လောင်းကစားဆိုတာ အမြဲတမ်း မနိုင်ဘူးလို့"

"ငါလည်း နိုင်မယ်ထင်လို့ လုပ်တာပဲ၊ ရှုံးတာတော့ မတတ်နိုင်ဘူး"

ရှုံးတာတော့ မတတ်နိုင်ဘူးလို့ ဘာမှမဖြစ်သလို ပြောသောဟန်ပုံစံကို ပိတောက် မကြိုက်။ မြို့ပေါ်ရောက်မှ အထည်ကြီးပျက်တွေ ချူစား မြှူစားတဲ့ကောင်တွေနှင့် ပေါင်းကာ ဖဲရိုက်တတ်လာသည်။

ဖဲရိုက်ခြင်းဟာ လူ့ဂုဏ်ထံတွေမှသာ လုပ်ခွင့်ရသလိုနှင့် သူ့ကိုယ်သူ ဂုဏ်ယူနေသည်။

သူ့ဝါသနာနှင့်သူ ပျော်သလိုနေဆိုပြီး လွှတ်ထားသည်။ အပျော်တမ်း စုရိုက်ကြသည်ဆိုရင် တော်သေး။

ခုကျတော့ ပိတောက်တို့တိုက်ခန်းကိုပါ ပေါင်ပြီးရိုက်သည်ဆိုတော့ မဖြစ်သင့်။ လုံးဝကို မဖြစ်သင့်။

"သိပ်စိတ်ပျက်ဖို့ကောင်းတာပဲ"

ပိတောက် ထိုင်ခုံပေါ် စိတ်ပျက်လက်ပျက် ထိုင်ကာ ပြောလိုက်သည်။

"ကြည့်စမ်း . . . ဘာစိတ်ပျက်ဖို့ကောင်းတာလဲ"

"ဟုတ်တယ်လေ၊ မာမီကြောင့် ပီတောက်က ယော
လေးတွေနဲ့ အလိုက်အထိုက်နေတာ။ ဒါပေမဲ့ အခုကိစ္စမှာတော့"

"အခုကိစ္စမှာတော့ ဘာဖြစ်လဲ၊ ဒီမှာ ပီတောက်"

မာမီ ပီတောက်ကြားအောင် လေသံလည်းတိုးစွာနှင့် ကို
ကို ရှေ့သို့ကိုင်းကာ –

"လောကမှာ အရေးကြီးဆုံးက ဒါပဲ"

"ဟွန့်"

ဦးလေးဖြစ်သူက လက်ညှိုးနှင့် လက်မကွင်းပြသည်ကို
ပြီး ပီတောက် ဟွန့်ခနဲ မဲ့လိုက်သည်။

လောကမှာ ငွေဆိုတာ အရေးကြီးတာ လူတိုင်းသိတာ
ဒါပေမဲ့ သေမာတဲ့ငွေတွေကိုတော့ မလိုချင်ပါ။ ပြီးတော့ ကိုယ်
မမြင်ဖူးသူက –

"ညည်းကသာ သူ့ကိုမသိတာ သူက ညည်းကို သိလ
သိတယ်၊ မြင်လည်းမြင်ဖူးတယ်၊ သဘောလည်းကျတယ်"

"မာမီ့ကိုပြောလား"

"ပြောပို့"





"အပိုတွေ"

ရွှဲမေးတာကို ပြောတယ်ဆိုတော့ အပိုတွေလို့ ပီတောက်
မဲ့ပြောလိုက်သည်။ မာမီက –

"အပိုတွေ မဟုတ်ဘူးနော်၊ တကယ်ပြောနေတာ။ သူက
ညည်းကို တကယ်သဘောကျနေပုံပဲ။ ညည်း အဲဒီနေ့လာမယ်ဆိုရင်
ဘိုက်ခန်းစာချုပ်လည်း ပြန်ပေးမယ်တဲ့။ နောက်ပြီး ညည်းအတွက်
ဘိုက်ခန်းတစ်ခန်း၊ ကားတစ်စီး အပိုင်ပေးမှာတဲ့"

"ဘယ်လို"

တိုက်ခန်းတစ်ခန်း၊ ကားတစ်စီးဆိုတော့ ပီတောက် ကိုယ်
မတ်ခနဲဖြစ်သွားသည်။

ကောင်လေးတွေလာခေါ်လို့ သူတို့ကားတွေနှင့် ဟိုလိုက်သွား
ဒီလိုက်သွားရှိပေမယ့် ကိုယ်ပိုင်ကားတော့ တစ်ခါမှ စိတ်ကူးမယဉ်ခဲ့
ဖူးချေ။

ပြီးတော့ ကိုယ်ပိုင်ကားနှင့် ကျော့ကျော့မော့မော့သွားလာရဖို့
ဆိုတာလည်း အိပ်မက်မျှသာ သဘောထားခဲ့သည်။

ယခုကျတော့ တွေးတောင်မတွေးဖူးသေး။ တိုက်ခန်း တစ်
ခန်း၊ ကားတစ်စီးဆိုတော့ မိန်းကလေးတစ်ယောက်ရဲ့ ခံစားမှုကို

ကိုင်လှုပ်လိုက်သလို။

"ပြီးတော့ အိုနာကျိုးကာန်းလည်းမဟုတ်ဘူး ပီတော
သက်လတ်ပိုင်းလူရွယ်ပဲ"

"--------"

"မာမီကတော့ သူ ကမ်းလှမ်းလာကတည်းက စဉ်းစ
မယ် ပြောမနေဘူး။ ခေါင်းညိတ်ပစ်ခဲ့တာ"

"မာမီ"

ချက်ချင်းကြီးခေါင်းညိတ်တယ်ဆိုတော့ ကိုယ်က ဘာ
အပုတ်အပြိ၊ အစုတ်အပြတ်မို့ ချက်ချင်းထိုးကျွေးရတာလား။

ကာယကံရှင်မိန်းကလေးရဲ့ဆန္ဒ သဘောတူချက်မယ
ခေါင်းညိတ်လိုက်တာတဲ့။ မျက်ခုံးကြုတ်ကာ မာမီ့ကို –

"ဒီမှာမာမီ"

"ဘာလဲ"

"ပီတောက်က ရောင်းကုန်မဟုတ်ဘူးနော်။ နောက်
မကောင်းတာလုပ်စားတဲ့မိန်းမလည်း မဟုတ်ဘူး။ စကားတောင်
မကြည့်ရသေးဘဲ လက်ခံလိုက်တယ်ဆိုတော့ ပီတောက်ရဲ့အ
အတန်းကလည်း လမ်းဘေးက မိန်းမတစ်ယောက်သာသာပဲ"





"နင်ဟာလေ လူလေးကြည့်တော့ ပျော့စိစိနဲ့ တစ်ခါတလေ
စ်ပမှုသနိလိုက်တာလည်း နှစ်ယောက်မရှိဘူး။ ငါလေ ညည်းတို့
အစ်မ (၂) ယောက်ကို ဒီအရွယ်ထိ ကျွေးမွေးပြုစုစောင့်ရှောက်လာ
တာ။ ကျွေးမွေးရလေခြင်းဆိုပြီး ဘယ်တုန်းကမှ မညည်းညူခဲ့ဖူးဘူး။
တို့အရွယ်ရောက်တော့မှ တစ်ခုတလေပဲ အကူအညီတောင်းမိပါ
ယ်။ ဘာဖြစ် ညာဖြစ်နဲ့ မလုပ်ပေးချင်လည်း သဘောပဲ"

မာမီက ပီတောက်ကို စကားနာထိုးပြီး မတ်တတ်ထရပ်လိုက်
ည်။ ဒီလို ခနိုးခနဲ့ ပြောတော့လည်း ပီတောက် မနေတတ်။
ဘူးသဖြင့် မာမီစိတ်ဆိုးပြီဆိုလျှင် တစ်ပတ်နှစ်ပတ်လောက် စကား
ပြောဘဲ ဆူဆောင့်အောင့်နေတတ်သည်။

တစ်ချိန်လုံး အိမ်ပြင်မှာရှိနေတဲ့ ဝင့်ဝါက ပူစရာမလို။ မာမီနှင့်
တစေ အလုပ်တွဲလုပ်နေရတဲ့ ပီတောက်မှာတော့ အနေခက်ရ
ည်။ စိတ်ညစ်ရသည်။

"မာမီ"

"----"

ခေါ်သံကြားပေမယ့် လှည့်မကြည့်။ ရှေ့လည်းဆက်မသွား
ဖြင့် နားထောင်နေမှန်းသိ၍ –

"ပထမဆုံးတွေ့မှာဆိုတော့ တခြားကိစ္စအသာထား လူချင်းအရင်တွေ့ကြည့်ချင်တယ်"

"ဒီလိုလုပ်ပါ ပီတောက်ရယ်။ အဲဒါကြောင့်လည်း ဝင့်ဝါထက်ပီတောက်ကို မာမိက ပို့ချစ်တာ။ ကိုယ့်တူမ ဒုက္ခရောက်အောင် မာမိလုပ်ပါ့မလား။ ကိုယ့်မိသားစုအပေါ်မှာ သိတတ်တဲ့သူက ဘယ်တော့ဒုက္ခမရောက်ပါဘူး တူမရယ်။ ပီတောက်က အိမ်ရဲ့အခြေအနေကိုအသိဆုံးပါ"

ပျားရည်နှင့် ဝမ်းချတာလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။ မာမိပြောသလို ဝင့်ဝါထက် အိမ်ရဲ့အခြေအနေကို ပိုသိနေတဲ့ ပီတောက်အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဆင်းပြေးရမှာမျိုးတော့ ဘယ်နည်းနဲ့မှအဖြစ်မခံနိုင်ပေ။

ဒါပေမဲ့ အခုကိစ္စမှာတော့ မာမိကြောင့်သာမဟုတ်ရင်ပီတောက် အခြေပျက်စရာလည်းမရှိ၊ ကဲ့ရဲ့ခံရစရာလည်းမရှိ။

ဘာပဲဖြစ်ဖြစ် ကိုယ်မှ လက်မခံလျှင်။

❈



## အခန်း (၁၇)

မှားယွင်းမိတဲ့အမှားတစ်ခုအတွက် ပီတောက် နောက်လည်းဆုတ်ချင်။ နောက်ဆုတ်လို့လည်းမရတော့ပေ။

"ဒီနေ့ ဒီချိန်ကစလို့ ပီတောက်ကို ကိုယ်ပိုင်သွားပြီ။ ပီတောက်ရဲ့ဆိုင်မှာ ကောင်လေးတွေ တရုန်းရုန်းဖြစ်နေတာကို ကိုယ်မမြင်ချင်ဘူး"

ကိုကိုက အမိန့်ဆန်ဆန် စကားဆိုသည်။

မာမိရဲ့တိုက်ခန်းကို ပီတောက်နှင့်အလဲအလှယ်လုပ်၍ပေးထားပေးလိုက်သူက ကိုကိုပိုင်ဖြိုးသိုက်။

‘သိုက်’ ကုမ္ပဏီရဲ့ တစ်ဦးတည်းသောသူဌေး ပိုင်ဖြိုးသိုက် ပိတောက်ကို မြင်မြင်ချင်း မက်မော၍ ပိုင်ဆိုင်ချင်သည်ဆိုခဲ့သော သူဌေးလေး ပိုင်ဖြိုးသိုက်။

သို့သော်

သူပိုင်ဆိုင်သော လုပ်နည်းကလည်း သိပ်တော့မဆန်းကြ ရိုးရှင်းလွန်းပါသည်။

သဘောကျ၍ ချစ်ခင်၍ဆိုသည့် အကြောင်းပြချက်သာမျိုး တကယ်တမ်း လက်ထပ်ဖို့ထိကျတော့ –

“ကိုယ်ဝန်ခံချင်တယ်။ ကိုယ့်မှာ ချစ်သူတွေလည်း အများကြီး။ ရည်းစားတွေလည်း အများကြီး ရှိခဲ့ဖူးတယ်။ ဒါပေမဲ့ ပိတောက်ကို မြင်လိုက်ရတဲ့အချိန်ကစပြီး ကိုယ် တခြားမိန်းကလေးတွေ ဘယ်လိုမှ ခံစားလို့မရတော့ဘူး။ ကိုယ့်ကို ပေဘာဒီကောင်မလေး ရူးသွပ်အောင် ပြုစားလိုက်တာလေ”

တကယ်ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကိုယ် တစ်ယောက်တည်းသော အချစ်ဆုံးဆိုတော့လည်း လူက သာယာကျေနပ် တဝံ သဘာဝ။

ခပ်ဖြောင့်ဖြောင့်နှင့် စမတ်ကျသည့် လူတစ်ယောက်ကို





တောက် မြင်မြင်ချင်း စုံမက်သွားကာ သူ့ရှေ့ ဒူးထောက်ကျသွားရသည်။

မတွေ့ခင်ကတော့ မာမီ့ရဲ့အကြွေးကိစ္စတစ်ခုတည်းသာ င်းထဲမှာရှိပြီး ကိုယ့်ရဲ့မာယာအသချေအောက်မှာ ပြားပြားဝပ်စေရ မယ်ဆိုပြီး ကြွေးကြော်ခဲ့သည်။

နောက်ဆုံးတော့ မုဆိုးက တောမကျွမ်းတော့ သားကောင် ဖြစ်သွားရကာ ရန်သူခြေရင်းတွင် ဝပ်စင်းသွားရသည်။

သိပ်ချစ်လို့ပါဆိုတဲ့စကားကို သာယာပြီး ဘဝလည်းပေးခဲ့ သည်။ ပိတောက်ကို လက်ထပ်ပါဆိုတော့ –

“ပိတောက်ကို ကိုယ်ချစ်တယ်”

“အင်းလေ၊ ပိတောက်လည်း ကိုကို့ကိုချစ်ပါတယ်။ အဲဒါကြောင့်”

“အဲဒါကြောင့် လက်ထပ်ပါလို့ ပြောချင်တာလားပိတောက်။ ကို တစ်ခုပဲပြောမယ်။ ခုချိန်မှာ ပိတောက်ကြိုက်တာ တောင်းဆို၊ တောင်းဆိုဆို ကိုယ် လိုက်လျောမယ်။ ဒါပေမဲ့ လက်ထပ်ဖို့တော့ သာရှိပဲ”

“ရှင် ဘယ်လို”

ကိုယ့်ကိုလက်မထပ်နိုင်ပါဘူးဟု မျက်နှာချင်းဆိုင်ပြောလာသည့် ချစ်ရသူကို ဝိတောက် မယုံကြည်နိုင်စွာ ကြည့်လိုက်သည်။

လက်မထပ်နိုင်ဘဲ ဘာကြောင့် ဘဝကို ယူခဲ့တာလဲ။ အချိန်ကို ဖြားယောင်းခဲ့တာလဲ၊ အချစ်နဲ့အောက်မှာ ရုန်းထွက်မရလို့ ဘဝကို အခါခါ နစ်မွန်းစေခဲ့တဲ့ ဝိတောက်က တဏှာရမ္မက်ကို မက်မောခဲ့တာမဟုတ်၊ ကိုကိုတစ်ယောက်တည်းကိုသာ မက်မောခဲ့လို့ မငြင်းဆန်နိုင်ခဲ့တာပါဆိုတာ ကိုကို သတိပြုမိရဲ့လား။

"အဲဒါကြောင့်လည်း ဝိတောက်ရဲ့ဦးလေးကို ကမ်းလှမ်းခဲ့သားပဲ။ တိုက်တစ်လုံး၊ ကားတစ်စီး"

"တော်တော့ ကိုကို၊ ကျွန်မက ပိန်းမပျက်လည်း မဟုတ်ဘူး။ လုပ်စားနေတဲ့သူလည်း မဟုတ်ဘူး။ ကိုယ့်ကို လက်မထပ်နိုင်ပါဘူးဆိုတဲ့ ယောကျ်ားနားမှာလည်း ကိုယ့်ဘဝကို ပေးမထားနိုင်ဘူး"

"အဲဒီတော့"

အဲဒီတော့လို့ ခပ်ပေါ့ပေါ့မေးလိုက်သူကို ဝိတောက် မကြည့်မိအောင် ထိန်းရသည်။ မျက်ရည်တွေ မကျအောင်ထိန်းရသည်။ တကယ်တော့ အဲဒီလိုလုပ်ဖို့ဆိုတာ ခက်ခဲပင်ပန်းလွန်းလှပါသည်။

ဒါပေမဲ့ –





ကိုယ့်ကို လက်မထပ်ပါဘူးဆိုတဲ့ ယောကျ်ားတစ်ယောက်ကို ...မျှော်လင့်ချက်နှင့် ဘဝတစ်ခုလုံး ပေးထားရမှာတဲ့လဲ။

"ဖြစ်ခဲ့တဲ့အကြောင်းအရာတွေအားလုံးကို မေ့ပစ်လိုက်ပါ ...တော့"

"မေ့ပစ်လိုက်ပါတော့ ဟုတ်လား"

"ဟုတ်တယ်၊ ဝိတောက် ကိုကို့ကို နောက်လည်းမနှောက် ...က်တော့ဘူး။ ဖြစ်ပြီးသားတွေကို မေ့လိုက်တော့မယ်"

"ကိုယ့်ကိုရော့ပေါ့ ဟုတ်လား။ ဝိတောက်နဲ့ကိုယ့်ရဲ့ဇာတ်လမ်း ...ကော"

ဝိတောက် မျက်နှာရဲရဲနီစွေးသွားသည်။ ပျက်စီးသွားသည့် ...အပျိုစင်ဘဝက ပြန်မှမရနိုင်တော့တာ။ သူ ဘာပြန်လုပ်ပေးနိုင်မှာမို့ ...လဲ။

"ဟုတ်တယ်၊ အားလုံးကို မေ့ပစ်လိုက်ကြရအောင်။ ဖြစ် ...ပျက် ခဲ့တဲ့ကိစ္စဟာလည်း ဝိတောက်က အိမ်ပြန်ရရှိတဲ့အတွက် ပြန်ပေးဆပ် တယ်လို့ သဘောထားလိုက်ပါ"

"အဓိပ္ပာယ်မရှိဘာ။ ကိုယ် လုံးဝသဘောမတူဘူး ဝိတောက်"

ဝိုင်ဖြိုးသိုက် ခါးခါးသီးသီး အော်သည်။ သူ့ရှေ့တွင်

မျက်နှာလွှဲ၍ ရပ်နေသော မိန်းကလေးတစ်ယောက် အတင်းဖက်ထား မျက်နှာထက် ကမူးရှူးထိုး အနမ်းတွေခြွေချပြီး –

"ကိုယ် မင်းကို ချစ်တယ်။ လက်မထပ်နိုင်တာကလွဲရင် မင်း ဘာလုပ်ချင်လဲ၊ ဘာလိုချင်လဲ အားလုံးလုပ်ပေးမယ်"

"မသိဘူး လွှတ်"

ပိတောက် ဘယ်လောက်ရုန်းရုန်း ရုန်းထွက်မရ။ သူ့ရဲ့ သိမ်း ချစ်လို့ဆိုတဲ့စကားအောက်မှာ နောက်ထပ်နှစ်မြုပ်ရပြန်ပြီ။

နောက်ဆုံးတော့ ကိုကိုက ပိတောက်ကို လက်မထပ်ဘူး ဆိုတာကလွဲလျှင် အားလုံးဖြည့်ဆည်းပေးခဲ့သည်။

ဘာလိုချင်ချင် (၂) ခါ ပူဆာစရာမလို။ ပိတောက်ကို ဘယ် ယောက်ျားလေးနှင့်မှ စကားမပြောရ မပတ်သက်ရဆိုပြီး တားမြစ် ချုပ်ချယ်ခဲ့သည်။

သူကိုယ်တိုင်တော့ မိန်းမချော မိန်းမလှလေးတွေနှင့် အသွား အလာမပျက်ခဲ့။ ကိုယ့်ကို သူကပိုင်ထားပြီး ကိုယ့်ကျတော့ သူ့ကို ပိုင်ဆိုင်ခွင့် မရတာမျိုးကို ဘယ်မိန်းကလေးက သည်းခံပေးနိုင်မှာလဲ

ဘယ်မိန်းကလေးမှ သည်းခံမပေးနိုင်ပေမယ့် ပိတောက်က တော့ သည်းခံပေးရသည်။ သိပ်ပြီး ခန္တီပါရမီရှိလွန်း၍တော့မဟုတ်





သူ့ကို မငြိတွယ်အောင် ထိန်းနေသည့်ကြားမှ တဖြည်းဖြည်း ငြိတွယ်သွား၍ ဖြစ်သည်။ သူနှင့်မှ ကိုယ်က မဝေးနိုင်။ သူ့ကိုမှ ကိုယ်က အဆုံးရှုံးမခံနိုင်တာကို။ သူလိုလျှင် ကိုယ်က အဆင်သင့် ဖြစ်နေပြီး ကိုယ်လိုလျှင် သူက အဆင်သင့်မဖြစ်။ သူက တွေ့ချင်သည် ဆို ရောက်လာပြီး ကိုယ်က တွေ့ချင်သည်ဆိုပြီး သွားတွေ့ခွင့်မရှိ။

"ကိုကိုလက်ထပ်မယ့်မိန်းကလေးက ဘယ်လိုမိန်းကလေး လဲ"

"ပိတောက်"

"ကိုကို ပိတောက်ကို လက်မထပ်ဘူးဆိုတော့ ကိုကို့မှ မလွဲ သွေ လက်ထပ်ရမယ့် မိန်းကလေးတစ်ယောက်တော့ ရှိမှာပဲလေ။ အဲဒီမိန်းကလေးက ဘယ်သူဖြစ်မလဲ ပိတောက် သိချင်လိုက်တာ"

ကိုကို့ရင်ခွင်ထဲမှာမှီရင်း ကိုကို့မျက်နှာကို သေချာစွာစိုက် ကြည့်ပြီးမေးလိုက်သည်။ ကိုကိုက မျက်နှာလွှဲသွားသည်။ ပိတောက် ကိုကို့ရဲ့မျက်နှာကို အလွှဲမခံဘဲ –

"ပြောကြည့်ပါ ကိုကို။ ကိုကို့မှာ အဖြေမရှိသေးတာ မဟုတ် ဘူး။ အဖြေရှိလျက်နဲ့ ပြောမထွက်တာဆိုတာ ပိတောက်သိတယ်။ ပိတောက်က ခံနိုင်ရည်ရှိပါပြီ နားထောင်ကြည့်ချင်တာပါ"

"ဒီမှာ ပိတောက်"

"ရှင် ကိုကို"

ကိုကိုက ပိတောက်ကို ငုံ့ကြည့်ပြီးခေါ်သည်။ ပြီးတော့ ပိတောက်ရဲ့ကိုယ်ကို ခပ်တင်းတင်းဖက်ပြီး –

"ကိုယ် ဘယ်အချိန်ပဲရောက်ရောက် မင်းကိုမခွဲဘူး"

"ဟင့်အင်း ... ပိတောက်သိချင်တာ အဲဒါမဟုတ်ဘူး။ ကိုကို ဘယ်လောက်ပဲ ကတိပေးပေး ပိတောက်က ယုံကြည်ခွင့်မရှိသူလေ။ အချိန်တန်တော့ စက္ကူရုပ် လုံးချေသလိုချေပြီး မင်းသွားတော့ဆိုရင် ပိတောက်က မဖြစ်မနေ ထွက်သွားရမယ့်သူပါ"

"ပိတောက်"

"ဟင့်အင်း ကိုကို၊ ပိတောက်ရဲ့စကားကို ဆုံးအောင် နား ထောင်ပေးပါ။ ပိတောက်က ဘဝပေးကုသိုလ် ကံမကောင်းခဲ့ဘူး။ ကိုယ်ကောင်းအောင်နေပါလျက် ခေါင်းရှေ့သွားခဲ့တာ ဆက်ပြီး ခေါင်း မရှေ့ပါရစေနဲ့တော့။ ဖြစ်ပြီးခဲ့တဲ့ကိစ္စမှာ ကိုကိုမြူဆွယ်လို့ဖြစ်တာ မဟုတ်သလို ပိတောက် လော်မာလို့လဲ ဖြစ်တာမဟုတ်ဘူး။ ပိတောက်က ကိုကို့ကိုချစ်တယ်လေ။ ကိုကို စိတ်ချမ်းသာရင် ပိတောက်ပျော်ပါ တယ်"





"------"

"စောစောက မေးခွန်းကိုဖြေပေးပါ။ ပိတောက်ကို တကယ် ချစ်တယ်ဆိုရင် ဖြေပေးပါနော်"

"ဘာကိုလဲ"

မေ့ချင်ယောင်ဆောင်သလို ပြန်မေးပေမယ့် ပိတောက် ဆက်မေးသည်။

"ကိုကို တကယ်လက်ထပ်မယ့်သူပေါ့"

"------"

"ဖြေလေ၊ ပိတောက်ကို မချစ်ဘူးလား"

ပိတောက် အကျပ်ကိုင်သလိုပြောလိုက်သည်။ ကိုယ်လို မိန်း ကလေးကိုလက်မထပ်နိုင်ဘူးဆိုတဲ့ စကားအတွက် အောင့်သီးအောင့် သက်ဖြစ်ရသလို သူ ဘယ်လိုမိန်းကလေးကို လက်ထပ်ချင်တာလဲ ဆိုတာကို အပြင်းအထန် သိချင်မိသည်။

"ကိုယ့်အတွက် ပွဲတက်မယားဆိုတာ မရှိမဖြစ်လိုတယ် ပိတောက်"

"ပွဲတက်မယား"

"ဟုတ်တယ်၊ ကိုယ်နဲ့ ညီခံပွဲတိုင်းမှာ ဂုဏ်သရေရှိရှိနှင့်

လိုက်တက်နိုင်မယ့် ပညာတတ် ဂုဏ်ရှိအမျိုးသမီးတစ်ယောက်ကတော့ မရှိမဖြစ် လိုအပ်တယ်''

''ဟုတ်တယ်မေ့ါ''

နှလုံးသားတွေ တချိချိ တရိရိ ပဲ့ကြွေကျသွားသလို ခံစားလိုက်ရသည်။ စိတ်ပိုင်းဆိုင်ရာ ခံစားချက်ထက် ရုပ်ပိုင်းဆိုင်ရာကို အလေးထားသည့်သူကိုလည်း အပြစ်မတင်ချင်တော့ပါ။

ဖြစ်လေရာဘဝတိုင်းမှာသာ ကိုယ်က စချစ်ရသူ မဖြစ်ပါစေနဲ့။ အချစ်ကို ကိုးကွယ်တဲ့သူ မဖြစ်ပါစေနဲ့ဟု ဆုတောင်းမိသည်။

လက်ရှိမှာတော့ ထိုရဲ့အရှုံးကို ကျေကျေနပ်နပ်ကြီးခံယူကာ ရှုံးပြီးရင်းရှုံးလျက်။

❋



## အခန်း (၁၈)

ဝင့်ဝါ အိပ်ရာမှထတော့ ဝိတောက်မထသေး။ နိုးနေပြီဖြစ်သော်လည်း မျက်လုံးမဖွင့်။

အမှန်တော့ နိုင်နေပြီဟုသာပြောရသည်။ ဝိတောက် တစ်ညလုံး လှုပ်လှုပ်ရွရွနှင့် ဟိုဘက်လှည့်လိုက် ဒီဘက်လှည့်လိုက် ဖြစ်နေသည်ကို တွေ့ရသည်။

ညည်ခံပွဲကိစ္စအတွက် ဝိတောက် တော်တော်ခံစားနေရသည် ဖြစ်လိမ့်မည်။

ဝင့်ဝါ ခြေလက်မျက်နှာသစ်ပြီး ပြန်လာတော့လည်း နှုးပေါ်

လက်တင် ငြိမ်သက်နေသည်က စောစောကတည်းကအတိုင်း။

"မမ"

"------"

ဝင့်ဝါ မှန်တင်ခုံရှေ့က ခုံမှာ ထိုင်ပြီး လှမ်းခေါ်လိုက်သည်။ ခုတင်ဘက်သို့ လှူတည့်တည့်လှည့်ထိုင်ပြီး –

"မမ"

နှစ်ခါလောက်ခေါ်လိုက်တော့မှ မျက်လုံးဖွင့်ကြည့်လာသည်။

"ညက အိပ်မပျော်ဘူးလား"

"------"

"အိပ်ပါတယ်"

ပိတောက်က မပွင့်တစ်ပွင့်ဖြေသည်။ ဝင့်ဝါ အားမရ ဖင်ထိုင်ခုံထက်မှာ ခုတင်ဘက်ထိသို့ တင်ပလွဲပြောင်းထိုင်လိုက်သည်။

ပိတောက်၏လက်မောင်းပေါ် လက်တင်ကာ ငုံ့ကြည့်ပြီး–

"မမ ဝင့်ဝါကလေ ကိုယ့်တာသာ တစ်ကိုယ်ကောင်းဆန်တာလည်း မဟုတ်ဘူး။ သီးသန့်နေတာလည်းမဟုတ်ဘူး။ ဒါပေမဲ့ ဒီအိမ်မှာ ဘာဖြစ်ဖြစ် ဘာမှမသိရတာ ဘာကြောင့်လဲ"

"မာမီရဲ့လုပ်ငန်းကိစ္စကိုသာ ဝင့်ဝါ မကျေနပ်တာရှိချင်ရှိမယ်





အိပ်တွင်းရေးနဲ့ပတ်သက်တဲ့ အရေးကိစ္စမှာတော့ ဝင့်ဝါသိလည်းသိချင်တယ် သိလည်းသိသင့်တယ်လို့ထင်တယ်"

"နင် စောစောစီးစီး ဘာတွေလာပြောနေတာလဲ။ မိုးတောင်မလင်းသေးဘူး။ စကားကို အကြောင်းပြောစမ်းပါ"

"ဟာ တွေ့လား။ ဝင့်ဝါက စကားအကြောင်းမပြောလို့ ဘယ်လိုတွေ ပြောလို့လဲ။ မေးလိုက်တိုင်း ဝင့်ဝါကို ဘာမှမပြောချင်ကြဘူး"

"ကျွတ်"

"မမ"

စိတ်သပ်ကာ တစ်ဖက်သို့ ကိုယ်ကို လှည့်ပြောင်းပြီးပြင်လိုက်သဖြင့် ဝင့်ဝါ မကျေနပ်။ ထို့ကြောင့် ပိတောက် ဟိုဘက်သို့ လှည့်လို့မရအောင် လက်ကို ဖိထားပြီး –

"နင်တို့လုပ်နေတဲ့ကိစ္စမှန်သမျှကို မိသားစုဝင်ငါက မသိရသမယ့် နှံရုံမှာ နားတွေရှိတယ်။ ပတ်ဝန်းကျင်မှာ မျက်စိတွေရှိတယ်"

"-------"

ဘာမှမပြောဘဲ ငြိမ်သက်နေသော ပိတောက်ရဲ့မျက်နှာကို စိုက်ကြည့်ပြီး –

"သူတို့တွေရဲ့ကားမှာ ငါ့အတွက် ဂုဏ်ယူစရာတွေပါတယ်လို့ နှင်ထင်နေလား။ အလှပြင်ဆိုင်ကို ဖန်းပြုလို့ ကောင်လေးတွေကို ချူစားနေပါတယ်။ မြူစားနေပါတယ်တဲ့။ ဟိုမှာတွေ့လိုက်၊ ဒီမှာတွေ့လိုက် ယောက်ျားလေး တစ်ယောက်ပြီးတစ်ယောက်နဲ့တဲ့"

"ငါလား။ ဟုတ်တာပဲလေ။ တွေ့တော့ ဘာဖြစ်လဲ။ ချူစားမြူစားတယ်ပြောရအောင် ဘယ်သူ့ကိုမှ ငါ့ဘက်က စပြီး ဝယ်ပေးပါယူပေးပါ တောင်းခံတာ တစ်ခုမှမရှိဘူး။ နောက်ပြီး ယောက်ျားလေးနဲ့ မိန်းကလေး နှစ်ယောက်တည်းတွဲတွေ့ပစ်တာနဲ့ ထင်ချင်သလိုထင်လို့ရလား"

ပိတောက်က အိပ်ရာပေါ်မှထကာ ခေါင်းရင်းဘက်သို့ ဖင်တိုးရွှေ့လိုက်တော့ ဝင့်ဝါနှင့် မျက်နှာချင်းဆိုင်ဖြစ်သွားသည်။

လင်းတာနှင့် အိမ်ကျက်သရေမရှိအောင် လုပ်ရတာတော့ မဟုတ်ရပါ။ ဒါပေမဲ့ ပိတောက်ကို လင်ဖန်းဖင်စမ်းလို့ မရတာနဲ့ မျက်နှာချင်းဆိုင်မိတုန်း မေးရသည်။

ပိတောက်နှင့်မာမီက တစ်နေကုန်ဆိုင်မှာ။ ဝင့်ဝါက အလုပ်မှာ။ ဒါမှမဟုတ် အိမ်မှာ။ ဆိုင်ကိုတော့ အရွယ်ရောက်ကတည်းက ဘယ်တော့မှ လိုက်မသွားခဲ့တာမို့ ပိတောက်ရဲ့အရှုပ်တော်ပုံအကြောင်း





ပတ်ဝန်းကျင်က ပြော၍ သိရသည်။

ပတ်ဝန်းကျင်ဆိုတာ လိုတစ်မျိုး မလိုတစ်မျိုးမို့ အပိုတွေ ညှပ်ပြောတာလည်း ဖြစ်နိုင်သည်။ သို့သော် ဝင့်ဝါဖူးဆိုတာ ကိုယ့်ရဲ့အလုပ်မှာလည်း အပြောအဆိုခံသူမဟုတ်။ သူငယ်ချင်းတွေရဲ့ကြားမှာလည်း ကိုယ်ကပြောသူ၊ ပြောခံသူမဟုတ်။ ဒီတော့ကား ကိုယ့်မိသားစုဝင်တွေကို သူများကဲ့ရဲ့ ပြစ်တင်နေသည်ဆိုတာကို လုံးဝမကြားချင်။

ကောင်းသတင်းမို့ လူတွေပြောတယ်ဆိုတာ ဂုဏ်ယူ၍ရသေးသည်။ အပုတ်သတင်းမို့ ကြားရတာ နားမချမ်းသာ၊ စိတ်မချမ်းသာ။

ဝင့်ဝါတို့ငယ်ငယ်လေးကတည်းက မာမီ့ရဲ့ဆိုင်မှာ ယောက်ျားလေးတွေ တရှုန်းရှုန်းရှိခဲ့တာမို့ သိပ်တော့မဆန်းပေ။

မာမီကိုယ်တိုင် အမျိုးသားသီးသန့်အလှပြုပြင်ရေးဆိုင် ဖွင့်ထားသည်ဆိုတော့ ဘယ်ယောက်ျားလေးတွေနဲ့ ကင်းနိုင်ပါ့မလဲ။

ဝင့်ဝါ ငယ်ငယ်တုန်းက မာမီဆိုင်ကိုလာပြီဆိုရင် မျက်နှာပြောင်စပ်စပ်နှင့် ယောက်ျားတွေကိုကြည့်မရ။ ဟီးဟီးဟဲဟဲနှင့် ဟိုတို့လိုက်၊ ဒီထိလိုက် ပုံစံမျိုးတွေကိုလည်း မမြင်ချင်။

ထို့ကြောင့် ဝင့်ဝါ ဘယ်တော့မှ မာမီ့ဆိုင်ကို မလာခဲ့။ အရွယ်ရောက်တော့ ပို၍ဆိုးသည်။

မာမီရဲ့ဆိုင်မှာ ပိတောက်က ကူလုပ်ပေးတော့ အရင်ကထက်

လူများသည်တဲ့။

ပိတောက်အရမ်းလှတာလည်း ဆွဲဆောင်မှုတစ်ခုပေါ့။

ပိတောက်နှင့်ဝင့်ဝါမှာ ညီအစ်မသာဆိုရသည် ပိတောက်ကလှပြီး ဝင့်ဝါ

က သာမန်မျှသာ ဖြစ်သည်။

ပိတောက်ကို ဖန်ဆင်းပြီး မာမီရဲ့လုပ်ငန်းတွေ တိုးတက်လာ

ကာ ဖြစ်ကောင်းဖြစ်မည်။ ဒါပေမဲ့ ချူးစား။ ပိုင်းလုံးဆိုသည့် စကား

ကြမ်းကြမ်းတွေကိုတော့ ဝင့်ဝါရဲ့နားထဲ လက်မခံနိုင်ချေ။

"ပတ်ဝန်းကျင်မှာနေပြီး ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘူး ဆို

ချင်သလိုထင်လို့ နင်ပြောလို့မရဘူး မမ။ နေရာတကာ ပတ်ဝန်းကျင်

ကို ဂရုစိုက်စရာမလိုဘူး။ ဒါပေမဲ့ သူတို့ အခုပြောနေကြတာ နင့်

ကောင်းကြောင်းမဟုတ်ဘူး။ နင့်မကောင်းကြောင်း"

"_______"

"ငါကလေ၊ ယောက်ျားလေးတွေ တရုန်းရုန်းနဲ့ မိန်းကလေး

တွေဆိုရင် အလိုလိုကြည့်မရတာ ကိုယ့်အစ်မကပါ အဲဒီလိုဆိုရင်"

"ဝင့်ဝါ။ နင်ဘာတွေသိလို့ ငါ့ကိုဝေဖန်နေတာလဲ။ လူဆိုတာ

မျက်စိတစ်မှိတ်မှာ တွေ့တဲ့အရာကိုပဲ ဆုံးဖြတ်တတ်ကြတယ်





ဘာအရေးစိုက်စရာ လိုလို့လဲ။ ကောင်းတာလုပ်ရင် ချီးမွမ်းမယ်၊

မကောင်းတာလုပ်ရင် ကဲ့ရဲ့မယ်။ ဒါ နိယာမပဲ။ ချီးမွမ်းပြီးသူကို အမြဲ

တမ်း မချီးမွမ်းနိုင်ပေမယ့် ကဲ့ရဲ့ဖို့ကျတော့ အချိန်မရွေး"

"______"

"ကောင်းတာလုပ်လုပ် ဆိုးတာလုပ်လုပ် သူတို့ပါးစပ်ထဲမှာ

ပြောစရာစကား တစ်ခုမဟုတ်တစ်ခု ရှိနေတာပဲ။ ဒီမှာဝင့်ဝါ ပတ်ဝန်း

ကျင်ကို ဂရုစိုက်နေရင်လေ နေရာကျဉ်းတယ်။ ငါကတော့ ကိုယ်

လုပ်စရာရှိ ကိုယ်လုပ်မယ်။ ကိုယ်ဝတ်နေရင် ဘယ်သူလာကျွေးမှာလဲ၊

ကိုယ်ချမ်းသာရင်သာ ကိုယ့်နားမှာ တရုန်းရုန်း။ ငါ့ကို ပတ်ဝန်းကျင်က

ဘယ်လို ဘယ်ချမ်းသာဆိုတာ လာမပြောနဲ့"

"မမ"

ဝင့်ဝါ အစ်မဖြစ်သူရဲ့လက်ကို လှမ်းဆုပ်ကိုင်လိုက်သည်။

ညီအစ်မနှစ်ယောက် ရုပ်ချင်းမတူသလို စိတ်ဓာတ်ကလည်း

နည်းနည်းမှမတူ။

ဝင့်ဝါက စကားကို တုံးတိတိနှင့် ခပ်ပြတ်ပြတ်ပြောတတ်

သည်။ ပိတောက်က ချိုချိုသာသာနှင့် စကားကို ဖွဲ့နွဲ့ပြောတတ်သည်။

"ငါပြောနေတာကလေ ပတ်ဝန်းကျင်ကြောင့် သက်သက်

မဟုတ်ဘူး။ ပြောချင်တာက လိုရင်းကိုမရောက်ဘူး။ နင့်ကို ယော
လေးတွေနဲ့ ဟိုမှာ ဒီမှာတွေ့တာကို ငါကိုယ်တိုင် မတွေ့ချင်ဘာ

ပိတောက်က မကျေနပ်သလို စိုက်ကြည့်သည်။ မတတ်
လုပ်ငန်းကြောင့် ပြောဆိုတွဲသွားနေရပါသည်ဆိုတာကို လက်

ကိုယ်တွေကအလုပ်လုပ်နိုင်သည့်အရွယ်၊ ဒီထက်ဆင်
လည်း ဘာအကြောင်းမှမရှိ။ မချမ်းသာနိုင်တာတော့အမှန်။

ဒါပေမဲ့ လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာနှင့် နိုင်းဆ
ချမ်းသာတယ်၊ ဆင်းရဲတယ်ဆိုတာ ဘယ်လောက်ထိ အသုံးဝင်

"တကယ်လို့ နင့်မှာ ချစ်သူရှိနေပြီဆိုရင် နင်လည်း
ထပ်ဖို့အရွယ်ရောက်နေတဲ့သူပဲ။ လူပြောသူပြောခံမနေပါနဲ့။ နော
အဲဒီလိုသတင်းတွေဟာ တစ်နေ့ နင့်အိမ်ထောင်ရေးမှာ ကြီးမွာ
အနှောင့်အယှက် ဖြစ်လာမှာလေ"

"လက်ထပ်ဖို့အရွယ်ရောက်ပြီ"

ပိတောက်ဖူး ဝင့်ဝါရဲ့စကားကို တီးတိုးရေရွတ်လိုက်သ

ရင်ထဲမှာဖြစ်တည်နေသော ဝေဒနာတို့က အခွေ
ကယက် ထလာပြန်ပြီ။

ပိတောက်က လက်ထပ်ဖို့အရွယ်ရောက်နေပြီတဲ့။





**"ပန်းပန်းချင်းတူသော်လည်း ရှင်သန်နေထိုင်ပုံခြင်း ခြားသောအခါ လမ်းဘေးမှာပွင့်တဲ့ပန်းကို ဘယ်သူက င်းမှာ အမြတ်တနိုး ပန်ချင်ပါ့မလဲ ကိုကို"**

ကိုကိုကလည်း -

"ပိတောက်ဟာ ကိုကိုလက်ထပ်ရမယ့် မိန်းကလေးမျိုး တ်ဘူး"လို့ ကြွေးကြော်ခဲ့သည်။ တကယ်ဆို တွေးကြည့်လျှင် င်းခဲ့စရာ။

ထိုထိုသော အကြောင်းတရားတွေကြောင့် ပိတောက် ကိုကို မှန်းကြည့်သည်။ မေ့ကြည့်သည်။ မရ။ ကိုကိုအသံကြားလျှင် င်းထားရသမျှ စိတ်တို့သည် မီးနဲ့ထိသော ဖယောင်းအသွင် ပျော့ ပျောင်းသွားရသည်။

ဟုတ်တယ်။

မီးနဲ့ထိသော ဖယောင်းအသွင်။

ကိုကို့ရဲ့အချစ်က ပိတောက်အတွက် မီးပါပဲ။ သောက်လေ သောက်လေ ငတ်မပြေတဲ့ တဏှာရမ္မက်မှာ ကိုကိုက မရှုန်းထွက်ချင် သက်သက်။

ကိုယ့်တာဝ ကိုယ့်အခြေအနေနဲ့ အချစ်ကို မကိုးကွယ်သင့်ပါပဲ

နှင့် ကိုးကွယ်မိသည်။ ဝိတောက်က မိုက်မဲသူ လူတစ်ယောက်။

အနိမ့်ဆုံးစကားပြောရလျှင် သူက ကိုယ့်ဆီက အရော အသားသောက်သုံးသည်။ ကိုယ်က သူ့ရဲ့ထောက်ပံ့မှုနှင့် ဘထ ပိုက်ဆံ၊ တိုက်၊ ကား၊ ပြင်ပနာမ်ဝတ္ထုတွေ ရရှိသည်။ စိတ်နှလုံးသား ကမူ ရှုံးရသည်။

ကိုကိုကလွဲရင် ဘာမှမလိုချင်ပါဘူးဟု သွားပြောလျှင် ဒု ဟားတိုက်ရယ်မည်။

ဟားတိုက်ရယ်လိမ့်မည်။

"ကိုယ့်ကို ပိုင်ဆိုင်ရမှတော့ မင်းမတောင့်တ မလိုချင်ေ စည်းစိမ်ဥစ္စာတွေလည်း အလိုလို ရလာမှာပဲလေ။ အချစ်ဆိုတဲ့စကား ကိုယ်က သိပ်အယုံအကြည်မရှိဘူး ဝိတောက်။ ဒါပေမဲ့ မင်းကိုတော့ ကိုယ်နဲ့ပတ်သက်ခဲ့ဖူးတဲ့ မိန်းကလေးတွေထဲမှာတော့ အချစ်ဆုံးပဲ"

ကြားခဲ့ရပါသည်။

ရင်တွင်းမှ လက်မခံနိုင်သော်လည်း မကြားချင်သောစကား တွေကို ကြားခဲ့ပါသည်။

သြော်

ညီမငယ်ကတော့ လက်ထပ်လိုက်ပါလားတဲ့။





"မမ"

"----"

"ဟင် . . . မမ နင်ငိုနေတယ် ဟုတ်လား"

ဝင့်ဝါ သူမရဲ့ပခုံးကို အလောတကြီး ဖုတ်ကိုင်မေးလာမှ ောက် ငိုနေမိကြောင်း ကိုယ့်ကိုယ်ကိုယ် သိလိုက်သည်။

"ဘာမှမဟုတ်ဘူး"

"ဘာမှမဟုတ်ဘူး လုပ်မနေနဲ့၊ ဝင့်ဝါစကားအကောင်းပြော ည့်"

ဝင့်ဝါ အံ့စ်မပြစ်သူမျက်ရည်တွေ တို့သုတ်နေတာကြည့် ည်။ ဘာမှတော့ မပြောသေး။

အိပ်ရာထအလှတွေနှင့်တင် ပြီးပြည့်စုံနေတဲ့ ကိုယ့်အစ်မရဲ့ လှတရားကို ဂုဏ်ယူသည်။ နောက် ကိုယ့်အလှကိုယ့်ဘဝ တန်ဖိုး ားစေချင်သည်။

မာမီရဲ့ ကြိုးဆွဲကရာ အရုပ်တစ်ရုပ်မဖြစ်စေချင်။ မိန်းမစိတ် ါက်ရုံတစ်ခုတည်းနဲ့ မိန်းမ ဖြစ်မသွားနိုင်။

မိန်းမသားတွေရဲ့ ခံစားချက်တွေကိုလည်း နားမလည်နိုင်။ ခက်တာက မာမီ့ကို အပြစ်ယူရခက်နေသည်။ မာမီသည်

ဝင့်ဝါတို့ရဲ့အဖေဆိုလည်းဟုတ်၊ အမေဆိုလည်းဟုတ်သည်။ တမင် တကာ ပျက်စီးစေချင်သည့် ရည်ရွယ်ချက်တော့ ရှိမည်မထင်။

ဘာပဲဖြစ်ဖြစ် တခြားနည်းလမ်းတွေနှင့်လည်း မာမီ စိတ် ချမ်းသာအောင်ထားလို့ရတာပဲလေ။

"နင့်ရဲ့ချစ်သူဆိုတဲ့လူနဲ့ နင်နဲ့ ရေ့ဆက်လက်တွဲလို့ရမလား နင်သေချာပြန်စဉ်းစားကြည့်ပါ။ အချစ်ဆိုတာ ဘာလဲ၊ ငါနားမလည် ဘူး။ ဒါပေမဲ့ တကယ်ချစ်တာလား မချစ်ဘူးလားဆိုတာကိုတော့ ငါ ခန့်မှန်းတတ်တယ်။ အင်း မှားချင်မှားမှာပေါ့လေ"

မျက်နှာပျက်သွားသော အစ်မဖြစ်သူကိုကြည့်ပြီး ဝင့်ဝါ စကားကို လျှောချလိုက်သည်။

ပြီးတော့ ထိုင်ရာမှထလိုက်သည်။ ဒီနေ့ အင်တာဗျူးသွားရဦး ရှိသည်။ နောက်ကျ၍မဖြစ်။ အခုတော့ ကိုယ့်အတွက် ပြင်ဆင်ရန် သိပ်မရှိ။ အပြင်သို့မထွက်ခင်တော့ -

**"အတ္တကြီးတယ်လို့ပြောပြော ငါနဲ့ပတ်သက်တဲ့သူ ဘယ်သူ့ကိုမဆို သူမှသူ အသက်ပေးချစ်မယ့် ချစ်သူမျိုးနဲ့ပဲ ဆုံစေချင်တယ်"**

❋



## အခန်း (၁၉)

"အတ္တကြီးတယ်လို့ပြောပြော ငါနဲ့ပတ်သက်တဲ့သူ ဘယ်သူ့ ဆို သူမှသူ အသက်ပေးချစ်မယ့် ချစ်သူမျိုးနဲ့ပဲ ဆုံစေချင် ယ်" တဲ့။

ဝင့်ဝါရဲ့စကားက ဝိတောက်ရဲ့နားမှာ ပဲ့တင်ထပ်သံလို ကျန် ည်။

အသက်ပေးချစ်မယ့်သူ မပြောနှင့် ဘဝပေး၍ ချစ်မယ့်သူ င်မရှိ။

ရုပ်ရည်ကတော့ လူတိုင်း သမင်လည်ပြန်ငေးရသူတဲ့။ လူ

တွေက ဘဝပေးကံကောင်းလိုက်တာတဲ့။ ဒါပေမဲ့ အဲဒီ ရုပ်ရည်ချော တာက ကိုယ့်အတွက် ကျိန်စာမိသူတစ်ယောက်လို။

"ပိတောက်ကိုမြင်မြင်ချင်း ကိုယ်သဘောကျသွားတာ"

တဲ့။

ရှေးခေတ်တုန်းကလိုဆိုရင်တော့ ရှင်ဘုရင်က နှစ်သက်လို့ တော်ကောက်လိုက်တယ်ပေါ့လေ။ သာမန်မိန်းကလေးကို အတွင်း အထိပ် မိဖုရားနေရာပေးတယ်ဆိုတာကလည်း အယောက်တစ်ရာ မှာ တစ်ယောက်ပဲမဟုတ်လား။

ကိုယ်လိုမိန်းကလေးက တစ်ယောက်မှာမပါနိုင်။ အယောက် တစ်ရာမှာပဲ ပါနိုင်မည်။

ဒါကြောင့်လည်း ကိုကိုက ပိတောက်လို မိန်းကလေးကို လက်မထပ်နိုင်တာပေါ့။

ခုတော့ ဟောဒီရုပ်ရည်လှပခြင်းဟာ ပိတောက်အတွက် ကျိန်စာတစ်ခု ဖြစ်စေတယ်တဲ့လား။ ဟုတ်တာပေါ့၊ မှန်တာပေါ့။ ပိတောက်သာ ရုပ်ဆိုးကြည့်ပါလား၊ ကိုကို ပိတောက်ကို ဘယ် စိတ် ဝင်စားမလဲ။

ကြာလာလေလေ ရောက်ရှိနေတဲ့ အခြေအနေကို ရှုံရာလေ





ကိုကိုရဲ့ထောက်ပံ့မှု၊ လွယ်လွယ်ပြောရရင် လူမသိ သူမသိ မယားတစ်ယောက်ဘဝမှာ မပျော်ပိုက်တော့။

သူများတွေလိုတော့ ချစ်သူအနားမှာ နေရရင် ဘယ်လိုပုံစံ ဘယ်လိုအခြေအနေပဲ ဖြစ်ဖြစ်နေရဲတယ်၊ နေနိုင်တယ်ဆိုတဲ့စကားကို ည်း လက်မခံနိုင်။

ရဲရင့်သူက မင်းဖြစ်ပြီး ကြောက်ရွံ့သူက ရှုံးနိမ့်ရမှာသဘာဝပဲ။

ကိုယ့်ကို ပွဲတက်မယားအဖြစ် လက်မခံနိုင်ပါဘူးလို့ ပြောခဲ့တဲ့ ကို။ ဂုဏ်သရေရှိ အမျိုးသမီးကိုသာ တရားဝင်လက်ထပ်မှာတဲ့။

မရဘူး ကိုကို။

ပိတောက်စိတ်က ပျော့တယ်ဆိုပေမယ့် သည်းခံရတဲ့အဝိုင်း တာတွေများလာရင်တော့ ပေါက်ကွဲတော့မှာပဲ။

**ကိုကိုနဲ့ ဖြစ်ပျက်ခဲ့တဲ့အဖြစ်အပျက်တွေက ပိတောက် အတွက်တော့ အဆိပ်တက်အိပ်မက်တွေပါပဲ။**

**အိပ်မက်ဆိုတာလည်း တကယ်မှမဟုတ်တာ။ ပြီး ပျောက်သွားမယ့်အရာပဲ။ စိတ်ကူးအိပ်မက်တွေ လက်တွေ့ဘဝ မှာ အကောင်အထည်ဖော်နိုင်တယ်ဆိုတာကလည်း ရှားမှရှား။**

**အဆိပ်ဆိုတာကကော လူတွေကို ဘယ်လောက်ထိ ကောင်းကျိုးပေးလို့လဲ။ အို ကောင်းကျိုးထက် ဆိုးကျိုးပဲပေး တာပါ။ ဆိုးကျိုးတောင် လူ့အသက်ကို သေစေတဲ့ ဆိုးကျိုးက လွဲလို့ ဘာဖြစ်နိုင်မှာလဲ။**

**နောက်ပြီး ကိုကို့ကိုချစ်မိတာ ဝိတောက်အတွက်တော့ ကိုယ့်ရင်ဘတ်ပေါ် မီးတင်ရှို့မိသလို ခံရခက်စွ။ အိပ်ရေးဖျက် ခဲ့သည့် ညပေါင်းတွေကများစွာ။**

ရင်တွင်းမွန်းကြပ်နေသည့် အစိုင်အခဲတို့ကို တစ်စုံတစ် ယောက်အား ဖွင့်ပြောလိုက်ရရင်တော့ ပေါ့သွားကောင်း ပေါ့သွားနိုင် ပါရဲ့။

ဒါပေမဲ့ ဝိတောက်ရဲ့ကိစ္စကကော ဖွင့်ပြောလို့ ကောင်းတဲ့ကိစ္စ တဲ့လား။ ဝင့်ဝါသာသိလျှင် ဝိတောက်အပေါ် အထင်သေးသွားမည်။ အရှိအသေတန်သွားမည်။ ထိုသို့ ဖြစ်မှာစိုး၍ ဝိတောက်နှင့် ကိုကို့ရဲ့ကိစ္စ ဝင့်ဝါကို ဘာဆိုဘာမှ မသိစေခဲ့။

မာမီကော။ တွေးကြည့်လျှင်တော့ ရင်နာစရာ။

ကိုယ့်ရဲ့တူမ အပျိုစင်နုနုထွတ်ထွတ်ကို အရိုးကြီးပန်းဦးဆောင် စေခဲ့တာ မာမီပဲလေ။





"သူက သမီးနဲ့ကိစ္စကို လူတကာသိအောင် လည်ပြောမယ့်သူ မဟုတ်ဘူး။ ပြီးတော့ ခုခေတ်မှာ ဒါတွေက ဘာဆန်းလို့လဲအေ။ နာမည်ကြီးတဲ့သူတချို့လည်း ဒီလိုပဲ"

နာမည်ကြီးတဲ့လူတွေလည်း ဒီလိုပဲဆိုတာ ဟုတ်ချင် ဟုတ် မည်။ ဟုတ်ခဲ့လျှင်တောင် သူတို့ရဲ့ အောင်မြင်မှု၊ သူတို့တွေရဲ့ အရှိန် အဝါတွေနဲ့ ဒီအပုတ်သတင်းကို ဖုံးပစ်လို့ရသည်။

ဝိတောက်တို့လို သာမန်အရပ်သူတွေအဖို့ ရှက်တတ်လျှင် သေသေချင်စရာကောင်းသည်။

အခုတောင် လူတောထဲသွားလျှင် ရဲရဲဝံ့ဝံ့ မသွားရဲတဲ့ အကြောင်း မာမီသိပါရဲ့လား။ ဝိတောက်ကို ကိုယ်ချင်းစာနိုင်ပါ့မလား။

မထူးတော့ပါ။

ကျွေးခဲ့ မွေးခဲ့တဲ့ကျေးဇူးတွေကို ဘဝနဲ့ပဲ ထိုးဆပ်ရတာယ်လို့ သဘောထားရမည်။

နောက်ဘဝမှာ ဒီလိုဘဝဆိုးမျိုးနဲ့ ဘယ်တော့မှ မကြုံရ ဆုံရပါစေနဲ့လို့တော့ ဘုရားမှာ အကြိမ်ကြိမ်အခါခါ ဆုတောင်းမိပါ သည်။

ဝင့်ဝါလေးရဲ့ဘဝကို အားကျသည်။

သူ့ကို မည်သူမှ ကြိုးကိုင်၍မရ။ သူလုပ်ချင်တာလုပ်မည့် သူများလမ်းကြောင်းပေးတာ ဘာမှမလုပ်။ ထို့ကြောင့် ဝင့်ဝါကိုကြည့် လိုက်လျှင် ယုံကြည်ချက်နှင့် အမြဲတမ်း တောက်ပသွက်လက်နေ သည်။

ဘာပဲဖြစ်ဖြစ်၊ ကိုယ့်ညီမလေးကလည်း ကိုယ့်လို မများ တာကိုပဲ ကျေးဇူးတင်ရမည်။

ဟုတ်တယ်၊ ပိတောက်က ပျက်စီးနေပြီ။

လော်မာချင်စိတ်ကြောင့် မဟုတ်တဲ့ အစစအရာရာ ထော ထားညှာတာ၍ ပျက်စီးရတယ်ဆိုဦး ကိုယ်မပါလျှင် ဘာမှဖြစ်ရာမ

ဒါပေမဲ့ ဝင့်ဝါရဲ့ စကားတွေကလည်း ပိတောက်ကို တွေး စေသည်။

ဘယ်သူမဆို ကိုယ်ချစ်မယ့်ယောကျ်ားကိုပဲ အိမ်ထော ဖက်အဖြစ်လက်တွဲလိုကြတာ မဟုတ်ပါလော။

ကိုကိုကတော့ သူအလိုရှိတဲ့အခါ ရောက်လာသည်။ အသ မပါ အနှစ်မရှိတဲ့ ချစ်တယ်ဆိုသောစကားတွေကို ဆိုပြီး ပျော ရည်သာ ရှုတ်ချင်သည်။ ပန်းရဲ့အလှကို အမြတ်တနိုး ကြည့်လို မဟုတ်။





သူလိုချင်လျှင် လက်ဖျောက်တီးလိုက် အချိန်မရွေးရောက် ဘာနိုင်မည့် မိန်းမတွေထဲမှာ ပိတောက်ကတော့ ကံဆိုးသူမောင်ရှင် ဖြစ်သွားလေလော။

ရုပ်ဝတ္ထုတွေကြောင့် လူ့ဘဝကို ထိုးကျွေးလိုက်ရတယ် ဆိုတာက တွေးကြည့်လျှင်တော့ ရင်နာစရာ။

ခုလည်း ပိတောက်မဟုတ်တဲ့ အမျိုးသမီးနှင့် ကိုကို မကြာခင် အိမ်ထောင်ပြုတော့မည်။

“ပိတောက်က ကိုကို့ရဲ့အိမ်ရှင်မ မဖြစ်ရမယ့်အတူတူတော့ ပိတောက်ကို လွှတ်လပ်ခွင့်ပေးပါကိုကို။ ကိုကို့ကိုလည်း ပိတောက် ဘာမနှောင့်ယှက်ပါဘူး”

ထိုသို့ မျက်ရည်စက်လက်နှင့် ပြောခဲ့သည်။ သို့သော် ကိုကို က ပိတောက်မထင်မှတ်လောက်အောင် ဒေါသတကြီးနှင့် တုံ့ပြန်ခဲ့ သည်။

ပိတောက်ရဲ့ ပခုံးနှစ်ဖက်ကို ခပ်တင်းတင်းဆုပ်ကာ –

“ဒီမှာပိတောက် . . . ကိုကိုက ထွက်သွားတော့လို့ မပြောတဲ့ ခင်းသွားခွင့်မရှိဘူး။ သွားပါတော့လို့လည်း ကိုယ်က ဘယ်တော့မှ ပြောမှာမဟုတ်ဘူး”

ပျားရည်နဲ့ ဝမ်းချနေတဲ့ စကားတွေပါလို့ ရင်ထဲမှာ ကျိတ်

ရင်း ပိတောက် အံကြိတ်ခဲ့မိသည်။

ပိတောက်က ကျားနှင့်မှ ကာ၊ ့ခဲ့မိသည်ကို။ ဒီလိုပဲ

သက်လုံး ချည်နှောင်ထားတော့မည်ဆိုလျှင် ပိတောက် ကိုကို့အတွ

အဖော်လေးတစ်ယောက်လိုချင်သည်။

ကိုကို့ရဲ့ကိုယ်စား အဖော်ပြု ချစ်ခင်ယုယလို့ရမည့် သား

ရတနာလေးကို ပိတောက်လိုချင်သည်။

ဘယ်တောင်းဆိုခွင့်ရှိမည်နည်း။ လူသိရှင်ကြား အိမ်ထော

သည်အဖြစ် ခံယူလို့မရတဲ့မိန်းမက ဘယ်လိုလို့ ကလေးတစ်ယော

မွေးဖွားခွင့်ရှိမှာလဲ။

ဩော် –

တွေးကြည့်လျှင် ပိတောက်ရဲ့ဘဝက လမ်းပျောက်နေ

လား။ ကမ်းမမြင် လမ်းမမြင်နှင့် ကူကယ်ရာမဲ့နေတဲ့ဘဝမှာ ပိတော

ဖြစ်သလို ရေစုန်မျောနေ၍ ဖြစ်ပါ့မလား။

မဖြစ်။

ခွင့်ပါရဲ့စကားတွေက ပိတောက်အတွက် တွန်းအားပဲ။ နေ

ဖြန် ကိုကိုနဲ့သွားတွေ့ပြီး ပိတောက် အသနားခံမည်။





ပိတောက်ကို သက်ညှာတယ်ဆိုရင် ကိုကို့ရဲ့အိမ်ထောင်ရေး

ကို ခေတ္တဆိုင်းငံ့ထားဖို့နှင့် ပိတောက်ရဲ့အနာဂတ်အတွက်။

အသနားခံ၍မရလျှင်တော့ ပိတောက် တစ်ခုခုတော့ လုပ်ကို

မှဖြစ်မည်။

❋

## အခန်း (၂၀)

"ဝင့်ဝါရေ ကော်ဖီသွားသောက်ရအောင် အိပ်ချင်ပြေလေး"

ကွန်ပျူတာစာရိုက်နေသော ဝင့်ဝါရဲ့အနားသို့ ယုယက ရောက်လာပြီး အဖော်စပ်လေသည်။

ဝင့်ဝါ စာရိုက်နေရင်းမှ မျက်နှာချင်းဆိုင်တွင်ရှိသော တိုင်ကပ် နာရီကို လှမ်းကြည့်လိုက်သည်။

(၂) နာရီထိုးတော့မည်။

"ခဏစောင့် ဒါလေးလက်စသတ်လိုက်ဦးမယ်"

"ဘာတွေလဲ"





ယုယက ဝင့်ဝါရဲ့ကျောနောက်ဘက်ကနေ စခရင်ဆီ လှမ်း ကြည့်ပြီး မေးသည်။ ဝင့်ဝါ အတွေးမပျားအောင် သေချာ ဂရုတစိုက် ရိုက်နေရင်း –

"မော်ဒယ် အေဂျင်စီတစ်ခုအတွက် အင်တာဗျူးဖို့ မေးခွန်း တွေ။ ကိုစောနိုင်လှလေ"

"ဪ ... ဟိုတစ်လောက ငါတို့ရှာနေယ်တိုက်ကို အေဂျင်စီ ပွဲအတွက် လာဖိတ်တဲ့သူမလား"

"ဟုတ်တယ်လေ၊ အဲဒါ သူတို့ရဲ့အလုပ်ကမဆိုးဘူး။ အလား အလာကောင်းတယ်ဆိုတော့ အယ်ချုပ်က အင်တာဗျူးဖို့စဉ်းစားနေ တာ။ ငါ့ကို မေးခွန်းအကြမ်းရိုက်ထားဆိုလို့"

"ခုချက်ချင်း လိုတာမှမဟုတ်တာ၊ လာပါ ပြန်လာမှရိုက်စမ်း ပါ။ ခဏနေ ငါ အပြင်သွားရဦးမယ်"

"ဟော နင်ကလည်း ဖွတ်ပဲ"

"ဖယ် သွားဖို့လုပ်"

"ဘာလုပ်ရမှာလဲ"

ယုယက ဝင့်ဝါကို အတင်းဖယ်ခိုင်းပြီး ဝင့်ဝါရိုက်နေတဲ့စာ တွေကို save လုပ်ပြီး ကွန်ပျူတာကို ပိတ်လိုက်သည်။

"အရေးကြီးနေလိုက်တာ၊ ငါက ဘာမှလုပ်ရမလဲ နင်ပဲ"

"ငါက ဘာလုပ်ရမှာမို့လဲ"

တစ်ယောက်နှင့်တစ်ယောက် တွတ်ထိုးပြီး လက်ဖက်ရည် ထွက်သောက်ဖို့ ဆင်းကြသည်။

ဝင့်ဝါတို့ရဲ့ ဂျာနယ်တိုက်က ဒုတိယထပ်တွင် ရှိပြီး လက်ဖက် ရည်သောက်ချင်လျှင် မြေညီထပ်တွင်ရှိသော လက်ဖက်ရည်ဆိုင်တွ ဆင်းသောက်ဖြစ်ကြသည်။

"အစ်မဝင့်ဝါ"

"ဟေ ပြော ညီလေး"

"အစ်မရဲ့ဖုန်း ကျန်ခဲ့တာလား။ ဖုန်း ခဏခဏလာတယ် အရေးကြီးလို့တဲ့"

ယုယနှင့်လက်ဖက်ရည်ဆိုင်မှာ ထိုင်တောင်မထိုင်ရသေး နောက်မှ ဂျာနယ်တိုက်ကဝန်ထမ်းကောင်မလေးက ဖုန်းယူလာပေး ပြောသည်။

လက်ဖက်ရည်ဆိုင်တွင်ဆိုပြီး ဝင့်ဝါက ဖုန်းကို ထားခဲ့ခြင်း ဖြစ်သည်။





"ဩော် ... အေးအေး။ ကျေးဇူးပဲညီလေးရေ"

ကိုယ့်မှာလည်း လုပ်ထားသည့်ကိစ္စကများတော့ ဘယ်သူ က်လို့ ဆက်မှန်းမသိ။ ဖုန်းကိုကြည့်လိုက်တော့ –

ဟွန့် ဘာတွေအရေးကြီးနေလဲမသိဘူး။

မာဓိက ဝင့်ဝါနှင့်စကားပြောရတာ အပေါက်အလမ်း သိပ် ည့်၍ တော်ရုံ အကြောင်းရှာဆက်သွယ်ခဲ့သည်။

"ဟယ်လို မာဓိ"

"------"

"ဟုတ်တယ်၊ အောက်ဘက်ခဏဆင်းနေလို့။ ရှင် မာ မာဓိ ာပြောလိုက်တာလဲ"

ကြားလိုက်ရသောစကားတစ်ခွန်းကြောင့် ဝင့်ဝါ မယုံကြည် င်စွာဖြင့် ထိုင်ရာမှ ကမန်းကတန်း ထလိုက်သည်။

ကိုယ့်ရှေ့တွင် လာပေးသော ကော်ဖီခွက်ကိုတောင် မတို့ထိ ယုယကိုလည်း စကားပြောနေဖို့ သတိမရစွာ။ ဆိုင်ထဲမှ ကပျာ ယာထွက်လိုက်တော့ –

"ဟဲ့ ဝင့်ဝါ အရေးတကြီးပုံစံနဲ့ ဘာတွေဖြစ်နေတာလဲ"

"မေးတာ မြန်းတာ နောက်မှလုပ်။ ယုယ ငါ အပေါ်ထပ်ကို

ပြန်မလိုက်တော့ဘူး။ နင် ငါ့ရဲ့ပိုက်ဆံအိတ်ယူပြီး ငါနဲ့အဖော်လိုက်ပေး ငါ အရေးကြီးတဲ့ကိစ္စရှိလို့လို့ အယ်ချုပ်ကိုပြောပေး''

ဖုန်းကိုနားမှခွာကာ ကတိုက်ကရိုက်ပြောနေခြင်းမို့ ယုယမေတ္တာ ဘာမှ မေးမနေတော့ဘဲ အပေါ်ထပ်သို့ ပြေးတက်ခဲ့သည်။

အယ်ဒီတာချုပ်ကိုခွင့်တောင်းပြီး အောက်ထပ်သို့ ဆင်းခဲ့တော့ ဝင့်ဝါက ကားတောင်ထုတ်ပြီးပြီ။

ကားပေါ်တက်တော့ -

''ယုယ မမ မမ ပိတောက်ဖူးလေ ရေ ရေနစ်ပြီး''

''ဘယ်လို''

''ဟုတ်တယ်၊ မာမီပြောတာ။ ငါ ဒီနေ့မနက် မမကိုတွေ့ခဲ့တာ။ မမနဲ့ စကားတွေအများကြီးပြောခဲ့တာ။ ဟင့်အင်း မဖြစ်နိုင်ဘူး။ မာမီလျှောက်ပြောနေတာ''

''ဝင့်ဝါ စိတ်ထိန်း သူငယ်ချင်း။ နင် ကားမောင်းနေတာနော် သတိထား''

''ငါ ဘယ်လိုစိတ်ထိန်းရမှာလဲ။ မဟုတ်ဘူး။ ဒါ မဖြစ်နိုင်ဘူး''

ဝင့်ဝါ ကယောင်ချောက်ချားဖြစ်လာသည်။





မမပိတောက်ဖူး ရေနစ်ပြီးဆုံးပြီတဲ့။ အခုချက်ချင်း ရင်ခွဲရုံကို သွားပါတဲ့။

ဟင့်အင်း မဟုတ်ဘူး မဖြစ်နိုင်ဘူး။

မမက ဘာကိစ္စအတွက်နဲ့ ရေနစ်သေရမှာလဲ အဓိပ္ပာယ်မရှိဘူး။ ရင်ခွဲရုံသို့ရောက်တော့ မာမီက ဝင့်ဝါကို တရှုံ့ရှုံ့ငို၍ ကြိုနေသည်။

''မာမီ''

''ပိတောက်မရှိတော့ဘူး ဝင့်ဝါ။ ညည်းအစ်မ မရှိတော့ဘူး ဝင့်ဝါရဲ့''

ဝင့်ဝါ မာမီကိုစကားမတုံ့ပြန်အား။ ပိတ်ဖြူလွှမ်းသောနေရာဆီသို့ ခပ်သွက်သွက်ပြေးသည်။ အလောင်းအနီးသို့ရောက်တော့ ပိတ်ဖြူစကို ကမန်းကတန်း ဆွဲလှန်ကြည့်လိုက်ရာ -

''အား''

''မမ ဟင့်အင်း မဟုတ်ဘူး။ မမ''

ရေတွေစိုနင့်နေသည့် အနေအထားနှင့် မျက်လုံးမှိတ် ငြိမ်သက်နေသော မမပိတောက်ဖူးက ဝင့်ဝါကို ငြိမ်သက်စွာ ဆီးကြိုနေလေသည်။

''မာဝီ မမ မမ''

''အဖြစ်ဆိုးလှချည်လား တူမကြီးရယ်''

''ဆရာ ကျွန်မအစ်မ မသေသေးဘူး မဟုတ်လား၊ မသေသေးပါဘူးနော်''

''စိတ်ကိုထိန်းပါ သမီး''

''မဟုတ်ဘူး မဟုတ်ဘူး''

''ဝင့်ဝါ ဆရာတို့ကို မနှောင့်ယှက်ပါနဲ့။ ဒါ အမှန်ပဲဆိုတာ နင်လည်း မြင်နေရတယ်လေ''

ဆရာဝန်ရဲ့စကားကို မယုံကြည်နိုင်စွာ ခေါင်းတယမ်းယမ်းနှင့် အော်နေတာကို ယုယ အတင်းဝင်ထိန်းရင်း –

''ဆရာ သူ မမပီတောက်ဖူးကို ဘယ်ကဆယ်ခဲ့တာလဲ''

''အင်းလျားကန်ထဲကလို့ ဆယ်လာတဲ့သူတွေပြောတာ''

''မမ ငါ့ကိုမကျေနပ်လို့ အနိုင်ပိုင်းသွားတာလား''

''ဝင့်ဝါ''

ယုယက ဝင့်ဝါစိတ်လွတ်ပြီးပြောနေတာဟုထင်သည်။ ဝင့်ဝါက ဟိုတစ်နေ့ညက ဖြစ်သည့်ပြဿနာကြောင့် မမ သူ့ကို သိပ်မကျေနပ်ဘူးလို့ စိတ်ထဲက ထင်သည်။





တစ်ညလုံး မအိပ်ဘဲ ဟိုဒီလူးလွန့်နေခဲ့သည်။ နောက်ရက် စကားပြောတော့လည်း မမနဲ့ ဝင့်ဝါ စကားပြောရတာ အဆင်မပြေခဲ့။

ဝင့်ဝါက စကားပြောမာကျော ကျွတ်ဆတ်သူပီပီ ခပ်မာမာပဲ ပြောခဲ့သည်။

မမရဲ့ပြဿနာကို ပြေလည်အောင် မကူညီခဲ့။

ခုတော့ ဘာမှမပြေရှင်းတော့ဘဲ ထွက်သွားပြီလား။

''မမရေ . . . ဝင့်ဝါကို တကယ်စိတ်ချလက်ချ ထားခဲ့တာလား။ ဝင့်ဝါ ဘာလုပ်လုပ် ခွင့်လွှတ်တယ်ဆို၊ အခု ခွင့်လွှတ်တယ် ပြောချင်လို့ မထတာလား''

ယုယက သက်ဆိုင်ရာတွေကို အားနာ၍ ဝင့်ဝါကို အတင်း ဝင်ဆွဲသည်။

ဝင့်ဝါ စိတ်ခန္ဓာကိုယ်နှင့် လူအသိတရား မကပ်တော့ဘဲ စကားတွေ တတွတ်တွတ်ဆို၍ ငိုနေတော့သည်။

အသက် (၂၀) ကျော်. နုနယ်ပျိုမျစ်သည့် မိန်းကလေး တစ်ယောက်ကို အဘယ်သို့သောအကြောင်းတရားတွေက သေမင်းထံ ခေါ်ဆောင်သွားရတာလဲ။

ဘယ်သို့သော အကြောင်းတရားတွေက ရှင်လမ်းထက် သေလမ်းကို ရွေးချယ်စေခဲ့တာလဲ။

မဖြစ်နိုင်၊ မဖြစ်နိုင်။ မမက အလှအပကို မက်မော၍ အမြဲတမ်း ကိုယ့်ကိုယ်ကိုယ် လှပကျော့ရှင်းအောင် နေတတ်သူ။ ထိုသူက အသေဆိုးနှင့်သေရသည်။ ကိုယ့်ကိုယ်ကိုယ် ရေနစ်အဆုံးစီရင်ပြီ မလား။

❋



## အခန်း (၂၁)

"မမက အလှအပကို အရမ်းမက်မောတယ် အစ်ကို။ သူ ကိုယ်သူလည်း လှအောင်နေတယ်။ ဒီလိုလူက မသေခင်မှာ ရေမွန်းတဲ့ဒဏ်ကို ဆိုးရွားစွာခံရမယ်၊ ရေနစ်သေဆုံးခြင်းလမ်းကို ရွေးပါ့မလား"

"ဒီလိုတော့ ယထာဘူတကျကျ သတ်မှတ်လို့ မရဘူးလေ ညီမ။ အကုသိုလ်က အရမ်းကြီးမားလာတဲ့အခါ မလုပ်သင့်တာတွေ လုပ်ဖြစ်ကြတယ်။ လုပ်သင့်တာ မလုပ်သင့်တာ မဆန်းစစ်နိုင်တော့ ဘူး"

"ပထမပိုင်းမှာ မမဆုံးတာကို နှမြောဝမ်းနည်းမိရုံပဲဖြစ်သေး တာ။ နောက် မမရဲ့အိပ်ရာအောက်ကနေ မမရေးထားတဲ့ ဒိုင်ယာရီ ကို ဖတ်လိုက်ရမှလေ ဝင့်ဝါ မမကို အရမ်းသနားတယ်။ တစ်ကိုယ် ကောင်းဆန်ဆန်နေခဲ့မိတဲ့ ကိုယ့်ကိုယ်ကိုယ်လည်း မုန်းမိတယ်"

"-----"

"ပြောရရင် မမခံစားခဲ့ရတဲ့ သောကမှန်သမျှကို ဝင့်ဝါ မခံစား ခဲ့ရဘူး။ အိမ်ရဲ့စီးပွားရေး လူမှုရေး အစစအရာရာ အားလုံးပြေလည် နေတယ်လို့ပဲ ဝင့်ဝါ ထင်ခဲ့တယ်။ မာမီကြောင့် အိမ်ကို ပေါင်ထားရ တာလည်း မသိဘူး။ နောက်ဆုံးကုန်ကုန် မမ ဘဝနဲ့ရင်းပြီး ပြဿနာ ကိုပြေလည်အောင် ဖြေရှင်းခဲ့တာတောင် မသိဘူး။ ဝင့်ဝါဟာ တကယ့် ကို အလိုက်ကမ်းဆိုးမသိတဲ့ မိန်းကလေးတစ်ယောက်ပါ"

မမရဲ့ဒိုင်ယာရီကို ဖတ်လိုက်ရပြီး ဝင့်ဝါ ယူကျုံးမရ ဖြစ်ခဲ့ ရသည်။

လူတွေ အပြစ်ဆိုသလို ဝင့်ဝါက မမကို အပြစ်ဆိုခဲ့သည် ပြောခဲ့သည်။

မမရင်ထဲမှာ ဖြစ်နေတဲ့ အပူအပင်သောကတွေကိုတော့ သိမ္ မကြိုးစား။ သိခဲ့ရတဲ့ အချိန်ကျတော့ အချိန်နှောင်းသွားပြီ။





ဟုတ်တယ် အချိန်နှောင်းသွားပြီ။

မမသေမှ ဝင့်ဝါက အခေါ်လွန်မိုးလုပ်ခဲ့သည်။ ပြဿနာကို ဖြေရှင်းဖို့ ကိုယ့်ရဲ့ဘဝကို မနှမြောနိုင်ဘဲ လူတစ်ယောက်ဆီမှာ ကိုယ့် ဘဝကို အပ်နှံခဲ့တယ်တဲ့။

ဝင့်ဝါကိုတော့ ဘယ်တော့မှ အထိခိုက်မခံစေခဲ့တဲ့ အိမ်တွင်း ရေးအပူကို မမတစ်ယောက်တည်း ခါးစည်းခံခဲ့ရသတဲ့လား။

မမဆုံးပြီး ဝင့်ဝါ အရူးတစ်ပိုင်းလို ဖြစ်နေခဲ့သည်။ သေသည့် တိုင် အလှမပျက်သေးသည့် မျက်နှာကို မြင်ယောင်ဆဲ။

ညညဆို အိပ်မပျော်၊ ကိုယ့်ဘေးနားက လွတ်နေတဲ့ မမရဲ့ နေရာကွက်လပ်လေးကို ကြည့်ပြီး အိပ်မပျော်ခဲ့ရတဲ့ ညတွေက ကုဋေ ကုဋာ။

တိတ်တဆိတ် မျက်ရည်ကျလို့ မမရှိနေတယ်အထင်နဲ့ စကားတွေ ပြောခဲ့သည်။

"ရဲက ကိုယ့်ကိုယ်ကိုယ် သတ်သေတဲ့ သေမှုသေခင်းလို့ သတ်မှတ်ထားတာကို ဘာကြောင့် သတ်ခံရတယ်လို့ ထင်မြင်ယူဆရ တာလဲ"

ရင်းနှီးသူနှစ်ယောက် စကားပြောနေတာနှင့် မတူတော့ဘဲ

သူက အမှုစစ်ရဲတစ်ယောက် ဖြစ်သွားသည်။

ယုယက -

"သူ အမှုလိုက်တဲ့အခါ သေချာပါတယ်၊ တိကျမှုရှိတယ်။ အသေးအမြန်နဲ့တင် အမှုဖော်နိုင်တာတွေ အများကြီးရှိတယ်တဲ့။ နောက်ပြီး လာဘ်ပေးလာဘ်ယူ ပပျောက်ရေးလို့ ဘယ်လောက်ကြွေးကြော်ကြော် သူကတော့ လာဘ်မစားဘူး။ လာဘ်မယူဘူး"

"အံ့မယ် ရှင်က သိလှချည်လား"

"သိဆို၊ မမတို့ အရမ်းပြောနေလို့ ငါက ကြားဖူးနေတာဟာ။ စကားတော့ တစ်ခါမှ မပြောဖူးဘူး"

ယုယကိုတောင် မမ သေဆုံးမှုဟာ သတ်ခံရမှုလို့မပြောခဲ့။ ပြောလိုက်လျှင် အကြောင်းတရားတွေက မီးနိုးတန်းကြွက်လျှောက်ဆိုသလို မမရဲ့ ဟိုဇာတ်လမ်းလည်း ပေါ်လာမည်။

ကိုယ်တောင် သံသယရှိနေတဲ့အဆင့်ပဲရှိသေးတော့ ဘယ်သူ့ကိုမှ ဘာမှမသိစေချင်။

"ဟင် ကိုယ်မေးနေတယ်လေ"

"ရှေ့သွား အစ်ကို၊ ထင်မြင်ယူဆယုံသက်သက်တော့ မဟုတ်ဘူး။ ဟောဒီ စာတစ်စောင်ကြောင့် ဆိုပါတော့"





ဝင့်ဝါ ပိတောက်ဖူးရဲ့ ဒိုင်ယာရီစာအုပ်ကြားတွင် ညှပ်ထားသည့် စာရွက်ခေါက်ကို ထောင်ပြရင်းပြောသည်။

စာရွက်ခေါက်ကို ထင်ရဲမာန်ရဲ့လက်ထဲ ထည့်မပေးခင် -

"ဒီစာရွက်ခေါက်ကိုတော့ ဘယ်ကတွေ့တယ်ထင်လဲ"

"အဲဒီ ဒိုင်ယာရီစာအုပ်ထဲက မဟုတ်ဘူးလား"

"နိုး"

"အင်း"

"မမကို ဟိုလူယုတ်မာ ဝယ်ပေးတဲ့ တိုက်ခန်းက"

"ဘယ်လို မင်းပြောတာနဲ့ ကိုယ် နားရှုပ်လာပြီ။ မင်းပြောတော့ မင်းအစ်မသေမှ အဲဒီကိစ္စတွေ သိတာဆို"

"ဟုတ်တယ်လေ၊ ဒါပေမဲ့ သော့က မာမီ့ဆီမှာရှိတယ်လေ။ မမ မဆုံးခင်ကတော့ မမဆီမှာပေါ့။ မမဆုံးတော့ မမရဲ့တိုက်ခန်းနဲ့ ဘဏ်ထဲကငွေကိစ္စကို မာမီပဲ ကိုင်တယ်။ ဝင့်ဝါကတော့ မသန့်စင်တဲ့ ငွေကို ထိတောင်မထိချင်ဘူး။

ရောက်သွားတယ်ဆိုတာကလည်း ကိုယ့်ဘာသာ တစ်ယောက်တည်းဆိုရင် သွားဖြစ်မှာမဟုတ်ဘူး။ မာမီနဲ့ မမရဲ့တိုက်ခန်းမှာ ပစ္စည်းတချို့ သွားသိမ်းရင်းတွေ့တာ။

ဒီစာ မာမို့ကိုတောင် မပြောပြဘူး။ မာမီက မမကို သတ်မ ရတယ်လို့ပြောတာ လက်မခံဘူး။ သူ့ ဘာသာ ရေနစ်သေတဲ့ကိ ဝင့်ဝါက အလုပ်ရှုပ်အောင် လုပ်တယ် ယင်နေမှာ"

"ဒါပေါ့၊ ဒါကတော့ သူ့အမြင်ပဲလေ"

"ရော့ . . . ဒီစာလေးကို ဖတ်ကြည့်ပါဦး။ ဝင့်ဝါကသာ အဲ စာကိုဖတ်ပြီး မမသတ်ခံရတာလို့ ကောက်ချက်ချရတာ။ အစ်ကို တော့ လုပ်သက်ရနေတဲ့ရဲဆိုတော့ ဝင့်ဝါတို့ထက် ပိုပြီး အမှုလိုက် တော်မှာပေါ့"

ထင်ရဲမာန်ရဲ့လက်ထဲကို စာရွက်ခေါက်ထည့်ပေးရင်း ပြော လိုက်သည်။ အရင်တုန်းကလည်း အကြောမတည့်။ မမ မရှိတော့ နောက်ပိုင်း တူဝရီး (၂) ယောက်တည်းပဲရှိတော့လို့ တည့်လားဆိုတော့ လည်း ဒုံရင်း ဒုံရင်။

မာမီက အလုပြင်ဆိုင်ကိုလိုက်ပို့နိုင်းလျှင် ဟင့်အင်းပဲ။

ခုကျတော့ ပိုဆိုးပြီ။ အိမ်မှာ လူနှစ်ယောက်ရှိသော်လည်း လူတစ်ယောက်မှမရှိသလို တိတ်ဆိတ်ငြိမ်သက်နေသည်။

ဝင့်ဝါကိုယ်တိုင် မမရဲ့ ဒိုင်ယာရီကိစ္စကော ဒိုင်ယာရီထဲမှ ပါတဲ့ စာကိစ္စကိုပါ မာမီမသိအောင် လျှို့ဝှက်ထားခဲ့သည်။





မမပိတောက်ဖူးရဲ့ဘဝ နစ်မွန်းရခြင်းရဲ့ကိစ္စတွေမှာ မာမီရဲ့ က်တွေလည်း ပါခဲ့သည်လေ။ လူသေမှုမဟုတ် လူသတ်မှုဖြစ် ကြောင်း ပြောခဲ့စဉ်က မျက်စိပျက် မျက်နှာပျက်နှင့် –

"နင် ဘယ်လိုဖြစ်နေတာလဲ ဝင့်ဝါ။ ပိတောက်က ရေနစ် သေတာပါလို့ ရဲကပြောခဲ့တာ။ နင်က ရဲထက်ပိုသိနေလား။ ပိုတတ် နေလား"

"ဒါပေမဲ့ တရားရုံးမှာ သံသယဝင်တဲ့သူတွေ ခေါ်စစ်တာပဲ ဟုတ်လား။ လူသတ်မှုလို့ သံသယရှိလို့ ခေါ်စစ်တာပဲလေ"

"တော်စမ်း ပြီးပြီးသွားကိစ္စကို ထားလိုက်တော့"

ထားလိုက်တော့တဲ့။

ထားလိုက်လို့ ဘယ်ဖြစ်မလဲ။ မာမီက ဘာလို့ အဲဒီလောက် သွားသောစိတ်နည်းရတာလဲ။ လက်သည်းဆိတ်ရင် လက်ထိပ်နာရ ယ်ဆို။ ဘာလို့ မနာရတာလဲ။ ဘာလို့ သူစိမ်းလူကို ကာကွယ်ပေး ရတာလဲ။ ဝင့်ဝါကတော့ မမရဲ့ ဒိုင်ယာရီစာအုပ်ထဲကစာကို အကြိမ် ကြိမ် ဖတ်နေလို့ အလွတ်တောင်ရနေပြီ။

"ပိတောက်ကို ထားခဲ့ပြီး တခြားသူကိုလက်ထပ်သွားမယ် ဆိုရင် ကိုကိုကော သက်သာမယ်ထင်လား။ ပိတောက်ကတော့ ငြိမ်ပြီး

ကျန်နေခဲ့မယ်ထင်လား။ မရဘူး ကိုကို၊ ကိုကို့ရဲ့ကြင်ဖက်သက်ထား ပိတောက်မှဖြစ်ခွင့်မရရင် တခြား ဘယ်မိန်းကလေးမှ ကိုကို့ရဲ့ ဖြစ်ခွင့်မရစေရဘူး''

''ဒီစာရွက်ကြောင့် ဝင့်ဝါက ပိတောက်ဖူးသတ်ခံရတယ်လို့ ဆိုလိုချင်တာလား''

ထင်ရဲမာန်က ဖတ်ပြီးသောစာရွက်ကို ဝင့်ဝါထံ ကမ်းပေးရင်း မေးလေသည်။

''ဒီစာရွက်ကြောင့်လည်းပါသလို စိတ်ကြောင့်လည်း အလိုလို သိနေတာပဲ အစ်ကို။ တယ်လီပတီနည်းအရ ဝင့်ဝါရဲ့ကစိတ်ထဲမှာ မမ ပိတောက်ဖူးသတ်ခံရတာလို့ ရဲရဲကြီးပြောနိုင်တယ်။ ဟောဒါက တော့ မမရဲ့ဒိုင်ယာရီစာအုပ်ပါ''

''ပြော်''

သူက အညိုရောင်ဒိုင်ယာရီစာအုပ်ကို လှမ်းကြည့်လိုက် သည်။ ဝင့်ဝါ ဒိုင်ယာရီစာအုပ်ရဲ့မျက်နှာပြင်ကို လက်ချောင်းတွေနှင့် အသာတို့ထိရင်း –

''အစ်ကိုလည်း သိမှာပါ၊ ဒိုင်ယာရီထဲမှာ လူတွေက သူတို့ ခံစားရတဲ့ ဘဝကယ့်အဖြစ်မှန်တွေကိုပဲ ရေးချတတ်တယ်ဆိုတာလေ''





''ဒါပေါ့''

''အဲဒါကြောင့် ဝင့်ဝါရဲ့အပြောစကားတွေကို မယုံဘူးဆိုရင် ဟာဒီဒိုင်ယာရီစာအုပ်ကို အစ်ကိုဖတ်ကြည့်နိုင်ပါတယ်။ တစ်ခုတော့ ...တယ်''

''ဘာများလဲ''

''ဝင့်ဝါတို့ရဲ့အမှုကိစ္စဟာ မရေရာဘူး၊ မသေချာဘူး။ လူသေ ...လည်းဖြစ်ချင်ဖြစ်မယ်၊ လူသတ်မှုလည်း ဖြစ်ချင်ဖြစ်မယ်။ လူသေမှု ...ဖြစ်ခဲ့သော် အစ်ကိုသိထားတဲ့ မမပိတောက်ဖူးနဲ့ ပတ်သက်တဲ့ကိစ္စ ...ဘယ်သူ့ကိုမှ မပြောပါဘူးဆိုတဲ့ ကတိ အစ်ကို ဝင့်ဝါကို ပေးနိုင် ...လားဟင်''

''စိတ်ချပါ ဝင့်ဝါ၊ အစ်ကိုက ပြည်သူတွေကို ကူညီနေတဲ့ ...ပါ။ ပြည်သူတွေရဲ့ လုံခြုံရေးနဲ့ ပတ်သက်ရင် အစ်ကိုတို့မှာ တာဝန် ...အပြည့်ရှိပါတယ်''

''ကျေးဇူးတင်ပါတယ် အစ်ကိုရယ်''

လှိုက်လှိုက်လှဲလှဲပြောပြီး ဝင့်ဝါက သူ့ဆီသို့ ဒိုင်ယာရီ ...စာအုပ်ကို ကမ်းပေးလေသည်။

''ဒါဆိုရင် ဝင့်ဝါကို ပြန်ခွင့်ပြုပါဦးနော်''

"ကောင်းပါပြီ ညီမ"

ဝင့်ဝါက သူ့ကိုနှုတ်ဆက်ပြီး ပြန်နို့ မတ်တပ်ထရပ်လိုက်သော တစ်စုံတစ်ခုကို သတိရလိုက်သည်။ ဘောင်းဘီအိတ်ထဲတွင် ထည့်ထားသော ဖုန်းကို ထုတ်ယူကာ –

"ဪ . . . ဝင့်ဝါတို့အကြောင်းထူးရင်ဖြစ်ဖြစ်၊ ကိစ္စရှိရင်ဖြစ်ဖြစ် ဆက်သွယ်လို့ရအောင် အစ်ကို့ဖုန်းနံပါတ် ပေးထားလို့ရမလားရှင့်"

"ရပါတယ် ညီမ၊ နေဦး ညီမဖုန်းနံပါတ်ပေးလေ၊ အစ်ကို အခုခေါ်လိုက်မယ်"

သူက ဖုန်းကိုဖွင့်ပြီးပြောလိုက်သည်။ ဝင့်ဝါရွတ်ပြလိုက်သော နံပါတ်ကို ခေါ်ပြီး သူက save လုပ်သည်။ ဝင့်ဝါလည်း သူခေါ်တဲ့ နံပါတ်မှာ သူ့နာမည်ရေးပြီး save လုပ်လိုက်သည်။

"အခုလို ဝင့်ဝါအတွက် အချိန်ပေးတဲ့အစ်ကို့ကို ကျေးဇူး အရမ်းတင်ပါတယ်နော်။ တစ်ခုခုထူးခြားရင် ဝင့်ဝါဆီ ဖုန်းဆက်ပေးပါ နော်။ ဝင့်ဝါလည်း ထူးရင် ဆက်ပေးပါ့မယ်"

"စိတ်ချပါ ညီမ"

❋



## အခန်း (၂၂)

ထိုနေ့မှစလို့ သူနှင့် ဝင့်ဝါတို့ မတွေ့ဖြစ်တော့ပေ။ သူလည်း တာဝန်ယူထားရသည့်ကိစ္စတွေက တစ်ဖက်၊ သူမရဲ့ကိစ္စကို တတ်နိုင်သမျှ စုံစမ်းနေတာတစ်ဖက်နှင့်ဆိုတော့ သိပ်မအားနိုင်။

တပ်ကြပ်ကြီးစိုးမင်းကတောင် –

"ဆရာ့နတ်သမီးလေးနဲ့ကော အခြေအနေ ဘယ်လိုလဲ"

ဟု စနောက်နေသဖြင့် သူမှာ ပြုံးပြုံးပြာပြာနှင့် –

"ဆရာစိုးမင်းကတော့ လုပ်တော့မယ်။ ကျွန်တော့်နတ်သမီး ဟုတ်ပါဘူး"

"အခုတော့ ဘယ်ဟုတ်ဦးမလဲ ဆရာရယ်။ ခုတော့… နောက်တော့တစ်မျိုးတိုးလို့ ချစ်ပါရစေကွယ်ပေါ့ ဟုတ်ဖူးလား"

"ဒီလူကြီးတော့"

မဟုတ်ပါဘူးလို့ပြောနေတာကို မရရအောင် စနေသ… သူမှာ ဖြေရှင်းလို့ကို မရတော့ပေ။ ဖြေရှင်းနေလျှင် ရှုပ်ပြီးရင်းရှုပ်နေ… မို့ ဖြေရှင်းမနေတော့ပေ။

ဆရာစိုးမင်း တင်စားသလို နုတ်သီးလေးတော့ … သည်။

အရပ်ကလေးက သိပ်မရှည်၊ လူလေးက ဖြူဖြူသေး… ဆိုတော့ ကလေးမလေးတစ်ယောက်နှင့်ပင် တူသေးသည်။

သူမပြောခဲ့ပုံအရဆိုလျှင် အသက် (၂၀) ကို လေးနှစ်လော… သာ စွန်းဦးမည်။

ဒီလိုဆိုလျှင်တောင် သူ့ထက် (၆) နှစ် (၇) နှစ်ခန့်လော… ငယ်ပေလိမ့်မည်။

ကောင်မလေးကတော့ သူ့ကိုယ်သူ မလှဘူး၊ သူမအစ်… သာ သူမထက်လှသည်ဟု ပြောခဲ့သည်။ ဝင့်ဝါဖူးလည်း သူ့အမြင်… တော့ လှသည်ပဲလေ။





မျက်နှာထက်မှာ သဘာဝအလှတရားတွေသာရှိပြီး ခေတ် …နည်းနဲ့ ပြင်ဆင်ခြယ်သထား ဘာမှမရှိ။ Natural beauty ကမှ အလှဆုံးမဟုတ်လား။

ဝတ်စားတာကျတော့လည်း သူများတွေလို လျှပ်ပေါ်လော်လီ …တ်ဆင်ထားတာမျိုး မဟုတ်။ လူငယ်ပုံစံလည်းဖြစ်တဲ့ ပေါ့ပေါ့ပါးပါး …ောင်းဘီရှည်နှင့် တီရှပ်တွေသာ ဝတ်တတ်တာလည်း တွေ့ခဲ့ရဖူးပြီ။ မြန်မာဆန်ဆန်နှင့် ခပ်ရိုးရိုးဝတ်ခဲ့တာလည်း တွေ့ခဲ့ဖူးသည်။

အင်း ... သူကတော့ လေးကြိမ်လေးခါလောက် တွေ့ခဲ့ဖူးသောသူမရဲ့အပြုအမူ ပုံသဏ္ဌာန်လေးကို အလွတ်နီးပါးကို ရနေခဲ့ပြီ၊ ကိုယ်နှင့်နှစ်ပေါင်းများစွာက တွေ့ကြုံခဲ့ရသူလို ရင်းနှီးကျွမ်းဝင်နေခဲ့သည်။

သူမကကော ထိုသို့သော ရင်းနှီးမှုမျိုးဖြင့် သူ့ကို ဘာဆိုဘာမှ မထိမ်ချန်ပဲ အစစအရာရာ ဖွင့်ပြောခဲ့တာပဲလေ။ နို့ နေပါဦး ထင်ရဲမာန်။

အမှုလိုက်မယ့်မင်းကို သူက ဘာလို့ထိမ်ချန်ပြီးပြောပါ့မလဲ။ မင်းအမှုသွား အမှုလာကို သေချာသိအောင် သူကပြောမှာပဲလေ။ မင်းကတော့ ကိုယ့်တက်ကိုယ်ယက်တဲ့လိပ်ပဲ။ သူ့ အမျိုးမျိုးလှည့်တွေးကာ သူ့ရဲ့ နယ်ကျွံသွားသော အတွေးအတွက် မျက်နှာပူသွားရသည်။

"ဆရာ"

"-----"

"ဆရာထင်ရဲမာန်"

"ဗျာ"

"အမယ်လေး ဆရာရယ် ကျွန်တော်ခေါ်နေတာ ကြာလှပြီ"

"ဪ . . . ဆရာစိုးမင်း"

"ဘယ်လိုလဲ စိတ်က နတ်သမီးလေးဆီ အလည်ရောက်နေ တာလား"

"ဟာဗျာ"

သူ့မှာ ဆရာစိုးမင်းရဲ့စကားကြောင့် ရှက်ပြီးရင်းရှက် ဖြစ်ရ တော့သည်။

"ကဲ ဘာကိစ္စလဲ"

"ကိစ္စက အသာထားပါဦး ကျွန်တော်ပြောတာ မှန်ဘူးလား ပြောပါဦး"

"ဟော့လူ ခင်ဗျားကတော့ဗျာ"

"ဒီလူတော့ အလိုက်သိသင့်ပါဗျာ"

"စခန်းမှူး"





ဆရာစိုးမင်းရဲ့အသံမဟုတ်သဖြင့် လှည့်ကြည့်လိုက်တော့ ခန်းမှူးဖြစ်နေလေသည်။ စခန်းမှူးက ခပ်ပြုံးပြုံးအမူအယာနှင့် သူတို့ ဆီသို့ လျှောက်လာသည်။

"ဆရာထင်ရဲမာန်နဲ့ ဆရာစိုးမင်းတို့ပြောနေတာတွေ ကြားပါ ဗျာ။ ကျွန်တော်လည်း ကြိုတုန်းမေးရဦးမယ်။ ဘယ်တော့စားရမလဲ ာထင်ရဲမာန်"

"ဟာဗျာ၊ စခန်းမှူးကတော့လုပ်ပြီ"

"ဟား ဟား"

"ပြောသာပြော စခန်းမှူးရေ"

စခန်းမှူးကြီး ဝင်ပြောလိုက်မှ အခြေအနေက ပိုဆိုးသွား သည်။

သူ မျက်နှာနီရဲနေတာကိုကြည့်ပြီး စခန်းမှူးနှင့် တပ်ကြပ်ကြီး ိုးမင်းက သဘောကျစွာ ရယ်ကြလေသည်။

"စားပြီးကြပြီလား"

"ကျွန်တော်ကတော့ စားပြီးပါပြီ စခန်းမှူး။ မစားရသေးတာ တော့ ဆရာထင်ရဲမာန်လေ။ ပီတိနဲ့ ဗိုက်ဝနေသလားမသိဘူး"

တပ်ကြပ်ကြီးစိုးမင်းက သူ့ကိုမေးငေါ့ပြီး ပြောလေသည်။

သူ့ရှေ့ဘက်တွင်ဖွင့်ထားသော ဖိုင်ကို မျက်စပစ်ပြကာ –

"မဟုတ်ရပါဘူး ကိုစိုးမင်းရယ်။ ဟောဒီမှာ အလုပ်လည်း ပြတ်အောင်လုပ်ရင်း အချိန်ကိုမေ့သွားတာပါ။ ပြီးတော့ ဗိုက်လည်း သိပ်မဆာသေးဘူးလေ"

"အလုပ် အလုပ်ဆိုမှ ကိုယ်သတိရတယ်။ မောင့်ရင့်ကို လေးပြီးရင် ကိုယ့်ရုံးခန်းဘက် တစ်ချက်လာခဲ့ပါဦး"

"ကျွန်တော့်ကိုစွက ထားခဲ့လို့ရပါတယ် စခန်းမှူး ကျွန်တော် ဘာလုပ်ပေးရမလဲ"

"ထားလို့ရတယ်ဆိုရင် ထားခဲ့ပါဦး"

"ဟုတ်ကဲ့"

ရှေ့တွင်ချထားသော ဖိုင်ကိုပိတ်ပြီး စခန်းမှူးရဲ့နောက် လိုက်လာခဲ့သည်။ ရုံးခန်းထဲသို့ရောက်တော့ စခန်းမှူးက ဝင်စာ ကို ကမ်းပေးရင်း –

"လမ်း (၃၀) ဆယ်မှာ ဖြစ်ခဲ့တဲ့ သုံးလောင်းပြိုင်လူသတ် အတွက် ဖော်ထုတ်ပေးနိုင်ခဲ့တဲ့ မောင်ရင့်ကို ဂုဏ်ပြုပါတယ်"

"ကျွန်တော့်ကြောင့် သက်သက်မဟုတ်ပါဘူး ခင်ဗျာ ပတ်သက် ဆက်နွယ်တဲ့ သက်ဆိုင်ရာတွေ ကူညီလို့ပါ စခန်းမှူးခင်ဗျာ





ဒါတောင် ပြည်သူတချို့က ဝေဖန်နေတာတွေတောင် ကြားရပါတယ်"

"ဘာများပါလိမ့်၊ ပြော် . . . ထိုင်လေ"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

စခန်းမှူးက စကားထောက်ရင်း သူ လက်နောက်ပစ်၍ မတ်တတ်ရပ်နေတာကို သတိရပြီး ထိုင်ခိုင်းလေသည်။

"တစ်နှစ်လောက်နေမှ ဖော်ထုတ်လို့ရတာ မြန်မာနိုင်ငံရဲတွေ သိပ်တော်ပါတယ်ဆိုတာမျိုးတွေ လူမှုကွန်ရက်ပေါ်မှာ ဝေဖန်နေတာ မျိုးတွေလေ"

"ပြော် . . . ဒါလား။ ဒါကတော့ ထုံးစံပဲလေ။ မောင်ရင် ကောင်းတာပဲလုပ်လုပ်၊ ဆိုးတာပဲလုပ်လုပ် မောင်ရင်ဒီးကျူးခံရမယ် ထင်လား"

"ဗျာ"

"ဘယ်တော့မှ ဒီးကျူးကြမှာမဟုတ်ဘူး။ ဘာလို့လဲဆိုတော့ သူတို့က မောင်ရင် ရဲတစ်ယောက်ဖြစ်နေကတည်းက မောင်ရင့်ကို အလိုလိုနေရင်း ဝေဖန်ကဲ့ရဲ့မယ်"

"ဘာဆိုင်လို့လဲ စခန်းမှူးခင်ဗျာ"

ထူးဆန်းသော စကားတချို့ကြောင့် သူ နားမလည်စွာ

မေးလိုက်သည်။ စခန်းမှူးက ခေါင်းညိတ်ပြီးရင်း -

"သိပ်ဆိုင်တာပေါ့၊ ရဲဆိုတာ အာဏာရလူဆိုးလို့ သူတို့က သတ်မှတ်ကြတာလေ"

"ဗျာ . . . အာဏာရလူဆိုး ဟုတ်လား စခန်းမှူး"

"ဟုတ်တယ်၊ မောင်ရင်တို့ ကိုယ်တို့ အရင်က ရဲတွေပဲဖြစ်ဖြစ်၊ ခုလက်ရှိကာလမှာပဲဖြစ်ဖြစ် ရှိနေတဲ့ ရဲတချို့က အဲဒီလိုလေ။ အဲဒီလိုလူတွေကို ရွေးထုတ်ပြီး သူတို့ကမပြောရဲတော့ ရဲတွေအားလုံးကို ဝါးလုံးသိမ်းယမ်းပြီး အာဏာရလူဆိုးလို့ ပြောတော့တာပဲ"

"ဪ"

စခန်းမှူး ရှင်းပြတော့လည်း မှန်နေပါလားဟုတွေးမိသည်။ လက်ရှိ ကိုယ့်အဖွဲ့အစည်းထဲမှာရှိနေတဲ့ ဝန်ထမ်းတချို့တောင် အကြီးပိုင်းပဲဖြစ်ဖြစ်၊ အငယ်ပိုင်းပဲဖြစ်ဖြစ် လုပ်ပိုင်ခွင့်အာဏာနဲ့ လုပ်ချင်တာတွေ လုပ်နေကြတာပဲ။

သူတောင် ကိုယ်နှင့် မပတ်သက်လျှင် ထိုလူတွေရဲ့ ကောင်းခြင်း ဆိုးခြင်းတွေကို မဝေဖန်ခဲ့။ ကိုယ့်အဖွဲ့အစည်းရဲ့ မကောင်းကြောင်းကို ကိုယ်က လူတကာလည်ပြောနေလျှင် ကိုယ့်ပေါင် ကိုယ်လှန်ထောင်းတာနှင့်အတူတူပဲလေ။





"ဒါနဲ့ စခန်းမှူးခေါ်တဲ့ကိစ္စက"

"ကုမ္ပဏီတစ်ခုက သူတို့လုပ်ငန်းနဲ့ပတ်သက်ပြီး ဟောပြောပွဲ ပ်ဖို့ရှိတယ်။ အဲဒါ ညဘက်ဆိုတော့ ကျွန်တော်တို့ လုံခြုံရေးလွှတ်ပေးရလိမ့်မည်။ ကိုယ်ကတော့ မောင်ထင်ရဲမာန်နဲ့ ဆရာစိုးမင်းတို့ကိုပဲ လွှတ်ချင်တယ်"

"ဟုတ်ကဲ့ပါ စခန်းမှူး။ ဘယ်နေ့ပါလဲခင်ဗျာ"

"နေ့တော့မသိရသေးဘူး။ ဒီတစ်ပတ်ထဲပဲ၊ အင်း ကုမ္ပဏီက ိုက် အိတ်စပို့စ် အင်ပို့စ်ကုမ္ပဏီတဲ့လေ"

"ဗျာ သိုက် ဟုတ်လား စခန်းမှူး"

"ဟုတ်တယ်လေ၊ မောင်ထင်ရဲမာန် သိလို့လား"

"ဗျာ မသိပါဘူး စခန်းမှူးခင်ဗျား"

"အိုကေ၊ မောင်ရင့်အလုပ်ကိစ္စ ရှိသေးတယ်ဆို ဆက်လုပ်"

"ဟုတ်ကဲ့ပါ ခင်ဗျာ၊ သွားခွင့်ပြုပါဦး စခန်းမှူး"

စခန်းမှူးက ခေါင်းညိတ်ပြသည်။ သူ စခန်းမှူးကို အလေးပြုပြီး ရုံးခန်းထဲမှ ထွက်လာခဲ့သည်။ သိုက် အိတ်စပို့ အင်ပို့စ် ကုမ္ပဏီဆိုတဲ့အသံက သူ့ရဲ့ခေါင်း ထဲမှာ အထပ်ထပ်အခါခါ။

ဝင့်ဂါ ပြောပြ၍ ထိုကုမ္ပဏီမှာ ပိုင်ဖြိုးသိုက်ရဲ့ ကုမ္ပဏီဆိုတာ သိခဲ့ရပြီးပြီ။

ရန်သူကို အနီးကပ်လေ့လာဖို့ အခွင့်အလမ်းကို ရရှိလိုက်ပြီ တဲ့အတွက် စခန်းမှူးကိုတောင် ထိုင်ရှိုးပစ်ချင်လောက်အောင် ကျေးဇူး တင်မိသည်။

❋



## အခန်း (၂၃)

"တော်သေးတယ် အစ်ကိုလာလို့"

"လာမှာပေါ့၊ ကိုယ်လာမယ်လို့ ပြောထားတာပဲ"

"ဒါပေမဲ့ အစ်ကိုက အလုပ်မပြတ်သေးဘူးလို့ ပြောတော့ စိတ်ပူသွားတာလေ"

"ဪ ညီမရယ်"

အားကိုးတကြီးနှင့် ပြောလိုက်သောကြောင့် လူပျိုကြီး ထင်ရဲ ဘန်တစ်ယောက် ရင်ထဲမှာ လှုပ်ခတ်သွားလေသည်။

ပြာလိုက်၊ စိမ်းလိုက်၊ ဝါလိုက်နှင့် အရောင်အမျိုးမျိုးကြားတွင်

ဝင့်ဝါရဲ့မျက်နှာလေးမှာလည်း အရောင်အမျိုးမျိုး ပြောင်းလျက် ရှိသည်။

သူနှင့်ဝင့်ဝါရောက်ရှိနေသောနေရာက "Blue Burry Night Club" ပင်ဖြစ်သည်။

ကလပ်ထဲတွင် အလန်းလွန် အလွန်လန်းသည့်ဒီဇိုင်းများနှင့် ကခုန်မြူးတူးနေကြသည့် ဆယ်ကျော်သက်လူငယ် အများအပြား။

DJ သမား၏ DJ တီးလုံးများကလည်း ဆိုင်ထဲမှာ ဆူညံနေ သည်။ လူငယ်များသည် ဆူညံနေသော ထိုတီးလုံးနှင့်အတူ ကိုယ်ကို တွန့်လိမ်၍ အမျိုးမျိုး ကနေကြသည်။

ယောက်ျားလေးနှင့် မိန်းကလေး အမြင်မတော်တဲ့ပုံစံတွေကို မမြင်စေချင်လို့ အရောင်မှောင်သော ဆလိုက်မီးတွေ လင်းနေသလား။

ဘယ်သူဘယ်ဝါ မသဲကွဲ၍ လွတ်ချင်တိုင်း လွတ်၊ ပျော်ချင် တိုင်းပျော်နေလေသလားမသိ။

သူကတော့ ပြောရလျှင် ဒီခန်းမထဲမှာရှိနေရတာကို စိတ် နောက်ပါသည်။ ခေတ်မမီတဲ့လူကြီးဟု လူတွေ ကဲ့ရဲ့ချင် ကဲ့ရဲ့ပစေ စေ။ ဒုန်းဒုန်းဒက်ဒက် ဆူညံနေသော တီးလုံးသံများကြားတွင် ခေါင်း တောင်ကိုက်လာပြီ။

"အစ်ကို စိတ်အနှောင့်အယှက် ဖြစ်နေပြီလား မသိဘူး"





"ရပါတယ် ညီမရယ်"

သူနှင့်ဝင့်ဝါကတော့ အရက်ဘားခုံတန်းလေးမှာ အတူတူ ထိုင်နေခြင်း ဖြစ်သည်။

ဘားဆိုင်ကစိတ်တာလေးတွေမှာလည်း လက်မလည်အောင် အလုပ်များနေသည်။

စိတ်တာလေးများအပြင် လှလှပပ ပြင်ဆင်ခြယ်သထားကြ သည့် မိန်းမပျိုလေးများ ဘားကောင်တာနောက်တွင် ရပ်နေတာကို လည်း တွေ့ရသည်။

"တချို့ကျတော့ အဖော်မပါကြဘူးလေ။ ဒီရောက်မှ အဖော် ရှာချင်သူတွေအတွက်ပေါ့။ အင်း တစ်ခုကောင်းတာက ဒီမိန်းကလေး တွေကို club အပြင်ဘက် ခေါ်ထုတ်သွားခွင့် မရှိဘူးလေ"

"ဩော်"

"သူတို့ဘာသာသူတို့ ကကြ၊ သောက်ကြရင်း ချိတ်မိလို့ ချိန်းပြီး အပြင်မှာတွေ့ကြ၊ သွားကြလာကြ ပတ်သက်ကြတာကတော့ သူတို့ရဲ့ personal ကိစ္စ ဖြစ်သွားပြီပေါ့"

ဝင့်ဝါက သူ့ကို သေချာရှင်းပြလေသည်။

တကယ်တော့ ညနေက ဝင့်ဝါဖုန်းဆက်ချိန်း၍ ဒီဘားဆီသို့

သူရောက်လာခြင်း ဖြစ်သည်။ သူ တစ်ခါမှ မတွေ့မမြင်ဖူးသော

ဖြူးသိုက်နှင့်ပိုင်ဖြူးသိုက်ရဲ့စရိုက်ကို မျက်ဝါးထင်ထင် တွေ့ရရန်အတွက်

လာရောက် စောင့်ကြည့်နေကြခြင်းဆိုလျှင်လည်း မမှားပေ။

"ဝင့်ဝါလည်း အစ်ကိုနဲ့တွေ့ပြီးနောက်ပိုင်း ဒီလူနဲ့ပတ်သက်

ပြီး စုံစမ်းဖြစ်ခဲ့တာ တောက်လျှောက်ပဲ။ တစ်ယောက်တည်းဆိုရင်တော့

ကိုယ့်ရဲ့အကြီးအစည်တွေ အကောင်အထည်ဖော်ပေးမယ့်သူ မရှိ

လေ။ ခုတော့"

"ခုတော့ ဘာဖြစ်လဲ"

ခုတော့ဆိုပြီး စကားကိုရပ်လိုက်သဖြင့် သူက စကားထောက်

လိုက်သည်။ သူမရဲ့မျက်နှာ မည်သို့ဖြစ်သွားသလဲမသိ။ အသံတိုးတိုး

ဖြင့် -

"အဖော်ရှိတော့ အားရှိတာပေါ့"

တဲ့။

ဒါမျိုးကျတော့ ကြားတတ်တယ်ဆိုဆို ဆူညံနေသည့်အသံ

များကြားတွင် သူမရဲ့အသံကို ကြားဖြစ်အောင် ကြားသည်။

ကာလပ်ထဲမှာဆိုတော့ ဘယ်သူဘာလုပ်လုပ် ဘယ်သူမှ

မစိုက်ပေ။





ဆူညံနေသော တီးလုံးတွေက သူအတွက် စိတ်မကြည်စရာ

ဖြစ်ပေမယ့် ဝင့်ဝါကတော့ ဘားကောင်တာကို နောက်မှီရပ်၍ ကောင်

တာပေါ် တံတောင်နှစ်ဖက်တင်ကာ စည်းချက်ညီညီနှင့် ခြေထောက်ကို

လှုပ်နေသဖြင့် -

"ဝင့်ဝါကိုကြည့်ရတာ ဂီတကို နှစ်သက်သလိုပဲ"

"ဘာလို့လဲ"

သူ့ရဲ့ မှတ်ချက်စကားကို သူမက ပြန်မေးသည်။ သူက

ဘားကို မျက်နှာမူထားပြီး သူမက ဘားကို ကျောခိုင်းထားသူမို့ (၂)

ယောက်သား မျက်နှာချင်းဆိုင်ရပ်နေသလို ဖြစ်နေသည်။

သူမက သူ့ကိုမကြည့်ဘဲ လူအုပ်ကိုကြည့်နေပြီး သူကတော့

ဘယ်သူမှ မကြည့်ဘဲ သူမကိုသာ ကြည့်နေခြင်းဖြစ်သည်။

ဒီနေ့တော့ သူမက လူငယ်တစ်ယောက်လို ပေါ့ပေါ့ပါးပါး

ဝတ်ဆင်လာသည်။ ဂျင်းဘောင်းဘီအနက်နှင့် တီရှပ်အဖြူကို ဝတ်ကာ

အပေါ်မှ ဝေ့စကုတ်အဖြူရောင်ကို ရင်ဖွင့်၍ ထပ်ဝတ်ထားသည်။

ခေါင်းမှာ ဦးထုပ်ကို နောက်ပြန်ဆောင်းပြီး ဘွတ်ဖိနပ်စီးထား

သည်။ တကယ့်ကို လွတ်လပ်သော မိန်းမငယ်လေးတစ်ယောက်

အသွင် ပြင်ဆင်ထားသည်။

သူမပုံစံက ဒီကလပ်ထဲမှာ ရောက်နေခြင်းအတွက် မှီတီး ရှုံ့တန်မဖြစ်ဘဲ ခပ်အေးအေး။ သီချင်းလေးများတောင် ညည်းသို့

"ကိုယ်နဲ့တွေ့တုန်းက ဝင့်ဝါ နားကြပ်ကြီးတပ်ထားသို့ စကားများရတာလေ" -

"ဟုတ်ပဲ့၊ မှတ်မိတယ် မှတ်မိတယ်။ ပြန်တော့မပြောကြေး အဲဒီကိစ္စကိုပြောရင် ဝင့်ဝါ မျက်နှာပူလို့"

"တွေ့လား"

သူ့ဘက်ကို မြှားဦးလှည့်လာတော့ ပြန်မပြောကြေးတဲ့ ဒီကောင်မလေး အလည်လေးပေါ့လေ။

"ဩော် ... ဒါနဲ့ ဝင့်ဝါ ညဘက်ကြီး အခုလို သူစိမ်းအမျိုး သားနဲ့ အပြင်ထွက်တော့ ဝင့်ဝါရဲ့ဦးလေးက စိတ်မပူဘူးလား"

ဝင့်ဝါ ပခုံးတွန့်လိုက်တာကို သူမြင်သည်။ ကိုယ်ကို ဘား ဘက်သို့ တစ်ခြမ်းလှည့်ကာ ကောင်တာပေါ်တွင် တင်ထားသော အအေးကို တစ်ငုံသောက်ကာ -

"သူလား။ ဝင့်ဝါကို ဘယ်တော့မှ စိတ်မပူဘူး။ ဝင့်ဝါ ဘာမှ မဖြစ်နိုင်ဘူးလို့ ယုံကြည်တာလား။ စိတ်ကို မဝင်စားတာလားတော့မသိ ဘူး။ နောက်ပြီး ဝင့်ဝါ အစ်ကိုနဲ့သွားတယ်ဆိုတာလည်း မသိဘူးလေ"





"ဩော် ... အင်း ဟုတ်ပါပြီ အစ်ကို[illegible]ကော ကြောက်ဘူးလား"

"အစ်ကို့ကို ဟုတ်လား ... ဟင်း ဟင်း ဟင်"

အံ့ဩသလိုလုပ်ကာ ပခုံးချင်းလာတိုက်ပြီး [illegible] နေသဖြင့် -

"ဟာ ဖော့ ... ဘာရယ်စရာပါလို့လဲ"

"ရယ်ချင်တာပေါ့ ... ဟင်း ဟင်း"

ပြောလေ ရယ်လေပဲမို့ သူ့မှာ မနေတတ် [illegible] ဘာများ အပြောမှားသွားသလဲ စဉ်းစားကြည့်တော့ [illegible]

"ဝင့်ဝါကလည်း"

"ဆောရီး အစ်ကိုရေ ဝင့်ဝါကလေ အစ်ကို[illegible] ဟုတ်ဘူး သိလား။ ဒါပေမဲ့ ရဲတစ်ယောက်၊ အထူးသဖြင့် [illegible] ကိုယ် စောင့်ထိန်းတတ်တဲ့အစ်ကို့လိုလူကို ဝင့်ဝါက ဘာလို့ကြောက်ရ မှာလဲ"

"ဒါပေမဲ့ ... အစ်ကိုနဲ့ဝင့်ဝါက သိပ်မရင်းနှီးသေးဘူးလေ"

"အဲဒါကတော့ အစ်ကို့ဘက်က အမြင်လေ။ ဝင့်ဝါကတော့ အစ်ကို့ကို မြင်မြင်ချင်း ခင်လည်းခင်တယ်၊ လေးလည်း လေးစားတယ်။

ဒီအတွက် ဝင့်ဝါ သိက္ခာကျအောင် ဘာမှမလုပ်ဘူးလို့လည်း ယုံကြည်တယ်''

လူလေးကသာ ငယ်သည်၊ တကယ်ပါးနပ်သော မိန်းကလေးဖြစ်သည်။ ကိုယ့်ဘက်က မရိုးမသားလုပ်လို့မရအောင် ကြိုတင် ပိတ်ထားလေသလားမသိ။

''အစ်ကို''

''ဟင်''

''လာနေပြီ''

''ဘယ်မှာလဲ''

အသံတိုးတိုးဖြင့် ကပ်ပြောသဖြင့် ဝင်ပေါက်ကိုကျော်ပေးထားသော သူ့ ဘားကိုကျော်ပေးပြီး ဝင်ပေါက်ဆီသို့ မျက်နှာမူလိုက်သည်။

ကလပ်ဝင်ပေါက်မှာ လူတွေ ဝင်လိုက်ထွက်လိုက်နှင့်ဆိုတော့ ဘယ်သူမှန်းမသိ။

ဝင့်ဝါက ဦးထုပ်ကို အတည့်အတိုင်းပြန်ဆောင်းကာ လျှာထိုးမျက်နှာထက်သို့ ငိုက်လိုက်ပြီး သူနှင့် တတ်နိုင်သမျှ နီးအောင်ကပ်ပြီး လေသံဖြင့် –





''ဟိုမှာ အဖြူရောင်အင်္ကျီကိုယ်ကျပ်နဲ့ အနက်ရောင်ဘောင်းဘီဝတ်ထားတဲ့သူ။ လိမ္မော်ရောင်ကောင်မလေးနားက တစ်ယောက်လေ''

တိတိကျကျပြောပြမှ ရှင်းရှင်းလင်းလင်း မြင်ရတော့သည်။

အတန်ငယ် လှမ်းနေတာကတစ်ကြောင်း မီးရောင်စုံတွေကြောင့် တစ်ကြောင်း မျက်နှာကိုတော့ သဲကွဲအောင် မမြင်ရပေ။

ကောင်မလေးတချို့ကတော့ သူ့နားမှာ ဝိုင်းအုံနေသည်။ မျက်နှာကို သေချာ သဲကွဲအောင်မမြင်ရသဖြင့် –

''သေချာမမြင်ရဘူး ဝင့်ဝါ''

''စိတ်မပူနဲ့ အစ်ကို၊ သူ ဘားဆီးအရောက်လာလိမ့်မယ်။ သူက အရက်ကို သူ့မျက်စိရှေ့မှာ သူသဘောကျ စပ်မှ သောက်တတ်တာလေ''

''အင်း''

ဝင့်ဝါလည်း အတော်လေး စုံစမ်းထားပုံရသည်၊ အစ်မဖြစ်သူရဲ့အမှုကိစ္စ အမှုမှန်ပေါ်ပေါက်ရေးအတွက် မရောက်ချင်သည့်နေရာလည်း ရောက်အောင်လာရသည်။ တကယ်ပဲ ဝင့်ဝါပြောသည့်အတိုင်း ထိုလူသည် ကောင်မလေးတွေနားမှ ခွာ၍ ဘားကောင်တာဆီသို့

လျှောက်လာသည်။

သူက လျှောက်လာသော ပိုင်ဖြိုးသိုက်အား အဒေးကို မှုန်းသောက်ရင်း အကဲခတ်ကြည့်မိသည်။ လမ်းလျှောက်လာပုံကတော့ မြောက်ကြွ မြောက်ကြွနှင့်ဖြစ်သည်။

လူကတော့ ခန့်သည့်စာရင်း၊ ချောသည့်စာရင်းတွင် မပါသည့် သာမန်ရုပ်ရည်မျိုးဖြစ်သည်။ သို့သော် ငွေကြေးစည်းစိမ် အရှိန်အဝါက ရှိနေလေတော့ သူ့ဓွေးလေးက ငယ်ငယ်ချောချောလေးဟု ဆိုကြသည်။

ကောင်တာတွင် အရက်ကို စိတ်ကြိုက်မှာပြီး တီးလုံးသံစုံကြားတွင် ကိုယ်ကို တွန့်လိမ်စွာ ကနေသော မိန်းကလေးများကို မျက်စိအရသာခံကြည့်နေသည်။

ဝင့်ဝါကတော့ သူ့ရဲ့ဘေးမှာ ဦးထုပ်ကို မျက်နှာလုံအောင်ဖုံးပြီး ခေါင်းငိုက်စိုက်ချထားသည်။ သူက ခြားနေသဖြင့် ဝင့်ဝါကိုလည်း ပိုင်ဖြိုးသိုက် မမြင်နိုင်ပါ။

အရက်သောက်ပြီးတော့ ပိုင်ဖြိုးသိုက်က ကနေသူတွေကြားထဲ ဝင်ရောသွားသည်။

ဝင့်ဝါက တံတောင်နှင့်တွတ်ကာ -





"ပြန်ကြရအောင် အစ်ကို။ အစ်ကို သူ့ကိုမြင်ပြီးပြီး မဟုတ်လား။ ဘယ်လိုသဘောရလဲ"

ကလပ်ထဲကထွက်တော့ ဝင့်ဝါက သူ့ကိုမေးသည်။ သူ ခေါင်းယမ်းကာ -

"ကိုယ်က အင်္ဂဝိဇ္ဇာ ကျွမ်းကျင်သူမဟုတ်တော့ လူမြင်ရုံနဲ့ ဘယ်လိုလဲလို့တော့ မပြောတတ်ဘူး။ ဒါပေမဲ့ ဝင့်ဝါ မပူပါနဲ့ အစ်ကို ကူညီမယ်လို့ ကတိပေးထားတဲ့ကိစ္စကို အစ်ကို လျစ်လျူမရှုပါဘူး"

"ကျေးဇူးတင်လိုက်တာလေ။ ဝင့်ဝါ ပုဂ္ဂိုလ်ကောင်းနဲ့ တွေ့ရ ဘယ်လို့ စိတ်ထဲခံစားရတယ်"

"ဒီနေ့အတွက် ဝင့်ဝါ ကိုယ့်ကိုချီးကျူးနေတာ အရမ်းများနေပြီနော်။ နည်းနည်းလျှော့ပါဦး"

"အစ်ကိုကလည်း"

သူ့စကားကြောင့် ဝင့်ဝါက ရှက်ကိုးရှက်ကန်းရယ်လေသည်။

❋

## အခန်း (၂၄)

"ကျွန်တော်တို့ပွဲမှာ လာရောက်ကူညီပေးတဲ့ ဆရာတို့ကို ကျေးဇူးအထူးတင်ပါတယ်ဗျာ"

"မလိုပါဘူးဗျာ၊ ဒါ ကျွန်တော်တို့ရဲ့တာဝန်ပဲ"

"အဲဒီလိုတော့ ဘယ်ဟုတ်ပါ့မလဲဗျာ"

ပွဲပြီးသွားတော့ ပိုင်ဖြိုးသိုက်က သူ့ကို အရေးတယူ ကျေးဇူးတင်စကား လာပြောသည်။

စကားပြောကြည့်တော့လည်း ဒီလူ ဆက်ဆံရေးတော့ မဆိုးဘူးဟု မှတ်ချက်ချမိသည်။





စကားပြောတာဆိုတာကတော့ အောင်မြင်နေတဲ့ စီးပွားရေးလုပ်ငန်းရှင် ပီသစွာ ရည်ရည်မွန်မွန်ပဲ ဖြစ်သည်။

"ဪ ... ဆရာ ကျွန်တော့်ကို ခွင့်ပြုပါဦးနော်၊ ဧည့်သည်လာနေလို့"

"ကောင်းပါပြီဗျာ"

ကုမ္ပဏီဝင်းအတွင်းသို့ ကားအကောင်းစားတစ်စီး ထိုးဝင်လာသောအခါ ပိုင်ဖြိုးသိုက်က သူ့ကိုခွင့်တောင်း၍ သွားလေသည်။

သူခေါင်းညိတ်ပြီး ဘာရယ်မဟုတ် ကားဆီသို့ လှမ်းကြည့်လိုက်သည်။ ကားပေါ်မှ အမျိုးသမီးတစ်ယောက် ဆင်းလာသည်။

ဝတ်စားဆင်ယင်ပုံကိုကြည့်ရသည်မှာ အဆင့်တန်းရှိသော အမျိုးသမီးတစ်ယောက်ဖြစ်သည်။

"ဆရာတို့ကတော့ ကံကောင်းတယ်နော်။ လူကလည်းချမ်းသာ အမျိုးသမီးလေးကလည်း ဆရာဝန် ဂုဏ်ရည်လည်းညီ၊ အရွယ်လည်းညီ"

"နေနဲ့လ စိန်နဲ့မြဆိုတာ အဲဒါပေါ့"

"စိန်နဲ့မြမွေ့ရာတော့ ဟုတ်ပါဘူးနော် ... ဟီး ဟီး"

"ပုံစံကိုက သွားရည်တမျှားမျှားနဲ့"

ဝန်ထမ်းကောင်လေး (၂) ယောက်ရဲ့စကားကြောင့် ကားပေါ်မှ ဆင်းသော အမျိုးသမီးမှာ ပိုင်ဖြိုးသိုက်နှင့် လက်ထပ်မည့် မိန်းလောင်းမှန်းသိရတော့သည်။

ဘာတဲ့ ...

ပိတောက်ဖူးရဲ့ဒိုင်ယာရီထဲမှာ သူဖတ်ခဲ့ရဖူးသည်။

"ပွဲတက်မယား"

ဂုဏ်သရေရှိသော ထိုအမျိုးသမီးမှာ ပိုင်ဖြိုးသိုက်အတွက် ပွဲလယ်တင့်သော ပွဲတက်မယားတစ်ယောက်။

ချစ်ခြင်းမေတ္တာဆိုတာ တန်ဖိုးထားရကောင်းမှန်းမသိ၊ လိုအင်ဆန္ဒကို ဆိုင်ပြောင်းစားရသလိုလို ခံတွင်းတွေ့ရာ ဆိုင်တစ်ဆိုင်ဆိုင်မှာ ဝင်စားလိုက်ရင် ကျေနပ်လိုက်ရတာမျိုး။ ကိုယ့်အပေါ် အစစအရာရာ လုပ်ပေးနိုင်မည့် အိမ်သူသက်ထားကိုတော့ လျစ်လျူရှုထားလေသည်။

ဩော် ... လူတွေ လူတွေ ကြောက်စရာ တယ်ကောင်းလှပါလား။

ယခုထက်ထိတော့ ပိတောက်ဖူးနှင့် ပတ်သက်သည့်ကိစ္စ ပိုင်ဖြိုးသိုက်နှင့် ဘယ်လိုမှ ဆက်စပ်၍မရသေး။





"တရားရုံးကခေါ်မေးတယ်ဆိုတာလည်း လူသူတောင် မသိလိုက်ရဘူး အစ်ကို။ သူက အောင်မြင်နေတဲ့ လုပ်ငန်းရှင်လေ။ သူ့ရဲ့နာမည်ကို ဘယ်သတင်းစာမှာ အပါခံနိုင်ပါ့မလဲ။ ကောင်းသတင်းမှမဟုတ်တာ"

တကယ်တော့ သိပ်တော့မလွယ်ကူလှ။

အောင်မြင်နေသော လုပ်ငန်းရှင်တစ်ယောက်ဖြစ်သည့်အတွက် သူ့ဘာလုပ်လုပ် သူ့နောက်မှာ လိုက်ကာပေး၊ ဖုံးဖိပေးမည့်သူရှိသည်။

ကိုယ်လို သာမန်အရာရှိလောက်ကိုတော့ တောက်ထုတ်နိုင်စွမ်းရှိသည်။ ဒီအတွက် ကိုယ့်ဘက်မှ မသေချာ မရေရာဘဲ ဘာမှလုပ်၍မရ၊ အထောက်အထားခိုင်လုံမှုရမည်။

ဝင့်ဝါကလည်း သူ စုံစမ်းရသမျှ ကိစ္စတိုင်းကို ညတိုင်းပြောပြသည်။ ယခုဆိုလျှင် ဝင့်ဝါနှင့်သူ ညတိုင်း ဖုန်းပြောဖြစ်ကြသည်။

အမှုအကြောင်းကတော့ ဘယ်နှယ်မှမနေသေး သူနှင့်ဝင့်ဝါကတော့ တဖြည်းဖြည်း နီးစပ်လာသည်။

စစချင်းတုန်းကတော့ အလုပ်နှင့်ပတ်သက်သည့်ကိစ္စတွေပြောဖြစ်ကြသည်။ နောက်ကျတော့ နေကောင်းလား၊ စားပြီးပြီလား။

ပြီးတော့ အားလျှင် အားသလို ဘယ်ရောက်နေလဲ၊ ဘာလုပ်နေ
သည့် စာတိုလေးတွေ ပို့ဖြစ်ကြသည်။

ဆရာစိုးမင်းကတော့ –

"တို့ဆရာကတော့ ပြောလိုက်ရင် မဟုတ်ပါဘူး။ မဟုတ်
ဘူးနဲ့။ ခုကျ ဟုတ်တော့မယ့်ကိန်းပါလား"

ဟု ပြောလေသည်။

သူ့မှာ မဟုတ်ပါဘူးဟုပြောလျှင် တကယ်မဟုတ်မှာ
ဆရာစိုးမင်းစတိုင်း ဘာမှမပြင်းရဲတော့ပဲ တဟဲဟဲ ရယ်နေဖြစ်
သည်။

ဒေါ်လေးကတော့ –

"တူလေးပုံစံကြည့်ရတာ အရင်နဲ့ လုံးဝကို မတူတော့ပါလား"

"ဘာကွာလို့လဲ ဒေါ်လေးရဲ့။ အရင်ထင်ရဲမာန်နဲ့ အခု ထင်
မာန် ဘာကွာလို့လဲ အတူတူပါပဲ"

"ကွာတာပေါ့၊ စိတ်ကြည်ရင် ရုပ်ကြည်တယ်ဆိုတဲ့စကား
အတိုင်း တူလေးကိုကြည့်လိုက်ရင် အခုဆို ပြုံးနေတာပဲ"

"ဟာ ဒေါ်လေးကလည်း"

ကိုယ့်ကိုယ်ကိုယ်တောင် သတိမထားမိသဖြင့် ဒေါ်လေး





စကားကြောင့် သူ ရှက်သွားသည်။

"ဒေါ်လေးကလည်း မပြောနဲ့ အကောင်းပြောနေတာ။ သား
မှာ ချစ်ရသူတွေရှိနေပြီဆိုရင်လည်း ဒေါ်လေးကို ခေါ်လာပြ"

"ဟင် ... ဘာဆိုင်လို့လဲ ဒေါ်လေးရဲ့"

မဆီမဆိုင် ခေါ်လာပြဆိုတော့ သူ့မှာ လန့်သွားသည်။
ဒေါ်လေးကလည်း ဖွတ်ပါလား။ မျောက် (၂) ကောင်အိမ်ဘေးကို
ရောက်လာကတည်းက ဒေါ်လေးမှာ ကလေးသေးသေးလေးတွေကို
သိန်းချင်နေလိုက်တာ။

"သူများတွေက မြေးကိုချ ပုတီးကိုမနေကျတာ၊ ဒေါ်လေး
ကျမှ"

"ဟဲ့ ... ဘာဖြစ်လဲ။ ကျုပ်အသက်အရွယ်က ပုတီးမရမယ့်
အရွယ်လည်းမဟုတ်ဘူး"

"ဟင် ဒေါ်လေး ... ဒေါ်လေးက လူကြီးနော်၊ တရား
သဘောကို ကျွန်တော့်ထက် ဒေါ်လေးက ပိုသိမှာပေါ့။ ကွေးသော
သက် မဆန့်မီ ဆန့်သောလက် မကွေးမီတဲ့။ တရားအလုပ်လုပ်တယ်
ဆိုတာက အသက်ကြီးမှ ယပ်မှရယ်လို့မဟုတ်ဘူး။ အချိန်တိုင်း လုပ်
ရမှာပဲ"

"ကျုပ် သိပါတယ်။ တော်လေးက ဆရာလုပ်စရာ မလိုပါဘူး"

တွေ့လား ကိုယ်ပြောတော့ကျပြည်း ဘုနှင့်ဘောက်။

အင်း ... ဒေါ်လေးပြောသလို သူပြောင်းလဲလာတာလည်း ဖြစ်နိုင်သည်။

အမြွာနှစ်ကောင်ကတော့ –

"ဦးဦးမာန် ... အခု အရမ်းသဘောကောင်းလာပြီ"

"ဟေ ဘာလို့လဲကွ"

ကိုယ့်ကို ကလေးတွေက ချီးကျူးနေတော့ သူမှာ တအံ့တဩနှင့် မေးရသည်။ အကြီးကောင်က လက်ပိုက်ပြီး –

"ဟုတ်တယ်လေ၊ အရင်တုန်းကဆိုရင် သားတို့ကို တွေ့တာနဲ့ ဦးဦးမာန်က မောင်းထုတ်မယ်၊ ဆူမယ်၊ ငေါက်မယ်"

"ခုကျတော့ မဆူငေါက်တဲ့အပြင် သားတို့နဲ့တောင် အတူ ဝင်ဆော့လိုက်သေးတယ်"

အငယ်ကောင်က ဝင်ပြောသည်။

လူတွေက အချစ်နဲ့တွေ့ရင် အလိုလို ပြောင်းလဲသွားတတ်ကြတယ်တဲ့။ ဒါဆို သူလည်း အချစ်နဲ့တွေ့လို့ ပြောင်းလဲသွားတာလား





တကယ်ပဲ သူ ဝင့်ဝါကို ချစ်မိသွားပြီလား။

ဝင့်ဝါကော သူ့ကော စိတ်ဝင်စားပါရဲ့လား။ သူမရဲ့အစ်မကိစ္စကြောင့် သူ့ကို အလိုက်အထိုက် ပတ်သက်နေတာလား။

ကိုယ့်အတွေးနဲ့တင် ရင်ထဲပူလောင်သွားရသည်။ ဒီလိုဆိုလျှင် သူ့ဘက်က စိတ်စာတစ်ခြမ်း သေချာနေပြီပေါ့။

❋

# အခန်း (၂၅)

"ဒေါ်လေး . . . ဒါ ကျွန်တော်ပြောပြောနေတဲ့ ဝင့်ဝါ
ဝင့်ဝါ ဒါ ကိုယ့်ဒေါ်လေး။ အမှန်တော့ ဒေါ်ကြီးပေါ့။ မေမေ့ရဲ့အ
လေ။ ဒါပေမဲ့ ငယ်ငယ်လေးကတည်းက ဒေါ်လေးလို့ခေါ်တာ
ကျိုးနေပြီ။ ဒေါ်လေးနာမည်က ဒေါ်စံပယ်တဲ့"

"ဟုတ်ကဲ့ . . . တွေ့ရတာ ဝမ်းသာပါတယ် အန်တီရှင့်"

"သမီးလေးက အချောလေးပဲ"

"အဟင်း"

ဒေါ်လေးရဲ့ချီးကျူးစကားကြောင့် ဝင့်ဝါ ရှက်ရယ် ရယ်လို
သည်။





ဝင့်ဝါရဲ့ ရုံးပိတ်ရက်ကို သူက -

"ကိုယ့်ကို ဝင့်ဝါရဲ့ရုံးပိတ်ရက် ခဏငှားမလားဟင်"

"ရှင်"

ရုံးပိတ်ရက်အားလားဟု မမေးဘဲ ခဏငှားမလားဆိုတော့ ဝင့်ဝါ ဘာပြောရမှန်းမသိ။

စိတ်ထဲတော့ ရိုးတိုးရိပ်တိတ်သိနေသော်လည်း လူပျိုကြီးရဲ့ စကားက ကာရံမဆန်ဘဲ ပဟေဠိဖွက်တာနဲ့တောင်တူသေးသည်။

"ဟို အားတော့အားပါတယ်"

"အားတယ်ဆိုရင် ကိုယ်ခွင့်ယူလိုက်မယ်လေ၊ အဲဒီနေ့"

"အားတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ဘာကိစ္စရှိလို့"

"ပြော် . . . အဲဒါတော့ အဲဒီနေ့ရောက်တော့ သိရမှာပေါ့"

ဟုဆိုသဖြင့် ဝင့်ဝါမှာ နောက်ထပ်မေး၍ မရတော့ပေ။

ချိန်းထားတဲ့နေ့ရောက်တော့လည်း မိုးတောင်မလင်းသေး ဖုန်းတဂွမ်ဂွမ်ဆက်ကာ ထွက်မလာသေးဘူးလား။ ထွက်မလာသေးဘူး လား တတွတ်တွတ် ပြောနေသည်။

ဝင့်ဝါတောင် ယုယကိုပြောမိသေးသည်။ ယုယက -

"ပြောဦးလေ အပျိုကြီးဆိုတာ ဘာဖြစ် ညာဖြစ်"

"နှင်ကလည်း"

"ဟုတ်တယ်လေ၊ ကိုယ်ကလည်း ဘယ်အရွယ်ရှိလဲ။ ပြောလိုက်ရင် စကားလုံးအကြီးကြီးတွေနဲ့ ပစ်ပေါက်တာ"

ယုယက ရှည်းစားရှိသည်။ ဝင့်ဝါက တစ်ခါတလေ ယုယ မခံချင်အောင် အပျိုကြီးတွေရဲ့ အားသာချက်တွေကို ပြောကာ ယုယကို အနိုင်ယူတတ်ခဲ့သည်။

"နှင် စဉ်းစားကြည့်သူငယ်ချင်း။ အပျိုကြီးတွေရဲ့အားသာချက်က အများကြီးပဲ။ ကိုယ့်ရဲ့အိပ်ချိန်တွေမှာ အိပ်ရေးဝဝနဲ့ စိတ်ရှုလက်ချ အိပ်လို့ရတယ်။ ရည်းစားနဲ့အဆင်မပြေလို့ဆိုတဲ့ စိတ်ညစ်ရတဲ့ ဒုက္ခကလည်း ကင်းဝေးရတယ်။ ဘယ်သွားချင်ချင် ကိုယ့်တာသာ တစ်ယောက်တည်း ရွတ်ခနဲ သွားလိုက်လို့ရတယ်။ ပြောပါဦး အဲဒီလိုလေးတွေ"

"ကောင်မစုတ်၊ ငါပြောတဲ့စကားနဲ့ ငါ့ကိုလာပြောနေတယ်။ ဒီမှာ နှင် ပုံပြင်တစ်ပုဒ် ကြားဖူးလားတော့မသိဘူး"

"ဘာပုံပြင်လဲ"

ချောက်တွန်းမည့်စကားဖြစ်နိုင်တာမို့ ယုယက မယုံသလိုမှင့် မေးဆတ်သည်။





"တစ်ခါက ရွာတစ်ရွာမှာ ဘုန်းကြီးတစ်ပါးရှိတယ်တဲ့။ အဲဒီဘုန်းကြီးက ရွာမှာ လူသေလို့ အိမ်ရှင်တွေပင့်ပြီးဆိုရင် တရားနဲ့ဖြေဒကာ ဒကာမတို့လို့ ပြောတတ်တယ်တဲ့"

"အဲဒါ ဘာဖြစ်လဲ"

"နေပါဦး အေးအေးပေါ့၊ ဘာတွေလောနေတာလဲ။ စိတ်ချသက်ပစ်ဖုံးနဲ့မပေါက်ခဲ့ဘူး"

"ဟွန့်"

ဘယ်တော့မှ စကားအကောင်းမပြောတတ်တဲ့ ကိုယ့်သူငယ်ချင်းရဲ့အကြောင်းကို သိနေသဖြင့် ယုယကတော့ လန့်သည်။

ဝင့်ဝါက –

"တစ်နေ့ကျတော့ ဘုန်းကြီးရဲ့မယ်တော် ကွယ်လွန်သွားတော့ ဘုန်းကြီးက ငိုတာပေါ့ဟယ်။ လူတွေက အရှင်ဘုရား တရားနဲ့ဖြေပါဆိုတော့ ဘုန်းကြီးက ဘာပြောတယ်မှတ်လဲ"

"ဘယ်သိပါ့မလဲ"

"မဖြေနိုင်ဘူး။ ဘုန်းကြီးက အမေတစ်ယောက်လုံး ဆုံးရှုံးသွားရတာဆိုတော့။ ဖြေပါဘုရား။ တပည့်တော်တို့တုန်းကလည်း အရှင်ဘုရား ဒီလိုပဲ ပြောခဲ့တာမဟုတ်လားဆိုတော့၊ အဲဒီတုန်းက

ကိုယ်တော့်အမေမှ မဟုတ်တာတဲ့''

''ငင် . . . အဲဒါနဲ့ ငါပြောတာနဲ့ ဘာဆိုင်လို့လဲ။ ပြောတဲ့ ဥပမာကလည်း တခြားစီပဲ''

''ဘာမှတခြားမဆီဘူး။ နင်တို့တုန်းက ငါပြောတာ ဘာဖြစ်လဲ။ ငါ့ကျမှ ခံစားရတာတော့ ထည့်မပြောနဲ့''

''တွေ့မလား မိန်းမ၊ ခုတော့ ကိုယ်ချင်းစာတတ်ပါလား။ ငါတော့ ဟိုမိန်းမတွေကို သွားပြောမှာနော်''

''သေပါလား။ ပြောရဲပြောကြည့်ပါလား သူငယ်ချင်းအဖြစ်ကနေ စွန့်လွှတ်ပစ်မှာ''

ဟိုမိန်းမတွေနှင့် ဝင့်ဝါက သိပ်အကြောမတည့်လှ။ ဝင့်ဝါကလည်း သူတို့ကို အသေဝေဖန်ခဲ့၊ ပြောခဲ့ဖူးသည် မဟုတ်လား။

ကိုယ်ကျ နည်းနည်းပြောလျှင်တောင် သည်းခံနိုင်မှာမဟုတ်။

ပြီးတော့ ကိုယ်တွေကိစ္စဆိုတာလည်း ဘာမှ သေချာရေရာသေးတာမဟုတ်။

မိန်းမတို့တတ်အပ်တဲ့ပညာအရ သူက ကိုယ့်ကို စိတ်ဝင်စားနေမှန်း သိသော်ငြား ကိုယ်က သူနှင့်ပတ်သက်၍ ရေရာတဲ့အဖြေမရသေး။ ဘာမှ မသေချာသေးတော့ ဘယ်သူ့ကိုမှ မသိစေချင်။





ယုယကတော့ -

''ကိုထင်ရဲမာန်ဆိုရင်တော့ ငါထောက်ခံရဲတယ်။ သူက မိန်းမကိစ္စနဲ့ပတ်သက်ရင် တော်တော်ကင်းတဲ့လူတဲ့။ ရည်းစားတောင်မရှိဖူးသေးဘူးတဲ့''

''ဒါတော့ မဖြစ်နိုင်ပါဘူးအေ။ သူ့အသက် သုံးဆယ်ပဲထားဦး ကြိုက်ခဲ့၊ စိတ်ဝင်စားခဲ့ဖူးတဲ့ မိန်းကလေး မရှိဘူးတဲ့လား။ လုံးဝမဖြစ်နိုင်ဘူး''

''ဖြစ်နိုင်တာ မဖြစ်နိုင်တာကတော့ နင် သူနဲ့တွေ့မှ မေးကြည့်လေ''

''မေးစရာလား''

ခုကျတော့ ဝင့်ဝါရဲ့ရုံးပိတ်ရက်မှာ သူ့အိမ်ကိုအလည်ခေါ်ဖို့ဘဲ့လေ။ ထိုကိစ္စကိုတောင် လမ်းပေါ်ရောက်မှ ပြောလို့ ဝင့်ဝါ ခါးခါးသီးသီး ငြင်းမိသည်။

''ဟင့်အင်း . . . ဟင့်အင်း။ ဝင့်ဝါ မလိုက်ချင်ဘူး''

''ဘာဖြစ်လို့လဲ ဝင့်ဝါရဲ့''

သူကပဲ ဝင့်ဝါကို တအံ့တသြ ပြန်မေးနေသေးသည်။ ဝင့်ဝါမျက်နှာနီနီဖြင့် -

"မလိုက်ချင်ပါဘူး ဘာလိုက်လုပ်ရမှာလဲ"

"ဒေါ်လေးနဲ့ မိတ်ဆက်ပေးမလို့လေ"

"မိတ်ဆက်ပေးတော့ ဘာလုပ်မှာလဲ"

"ခင်ရတာပေါ့၊ မိတ်ဆွေတိုးတာပေါ့"

"မိတ်ဆွေတိုးတော့ ဘာလုပ်ရမှာလဲ"

"ကျွတ် . . . ဝင့်ဝါကတော့ ကိုယ့်ထက် ရစ်ပါလားကွာ"

သူပြောသမျှကို လိုက်ပိတ်ပြောနေသဖြင့် သူတောင် ဘာဆက်ပြောရမှန်းမသိ။ အမှန် မိတ်ဆက်ပေးတော့ ဘာလုပ်မှာလဲ ပြောကတည်းက မိတ်ဆက်ပေးတော့ အမျိုးတော်ရတာပေါ့ဟု ပြောလိုက်ရမှာ။ ဒါမှ ကိစ္စ တစ်ခါတည်းပြတ်သွားမည်။

ကိုယ်က ထိုလောက်ထိ နှုတ်သွက် လျှာသွက်သော ယောက်ျားလေးမဟုတ်တော့ ဘာပြောရမှန်းကိုမသိတော့။

ကလေးဆိုးတစ်ယောက်လို ဂျစ်တိုက်နေသော သူမလေးကို သာ ဆွဲမွှေ့ယမ်းပစ်လိုက်ချင်တော့သည်။ ဘယ်လိုပဲ ဂျစ်တိုက်တိုက် ဆူပုတ်ပုတ်နှင့် အိမ်သို့ရောက်လာတာကိုပဲ ကျေးဇူးတင်ရဦးမည်။

သူမပြန်သွားတော့ ဒေါ်လေးက -

"တူလေး မှန်မှန်ပြောနော်"





"ဒေါ်လေးကလည်း လုပ်ပြီ။ ကျွန်တော် ဘယ်တုန်းက ဒေါ်လေးကို လိမ်ဖူးလို့လဲ"

"အဲဒါ မင်းကောင်မလေးလား"

"မဖြစ်သေးပါဘူး"

"မဖြစ်သေးဘူးဆိုတော့ ဖြစ်တော့မယ့်သဘောပေါ့ ဟုတ်လား တူလေး"

"ဒေါ်လေး"

"ဘာလဲ"

"ကျွန်တော် သူ့ကို ဖွင့်မပြောရဲဘူး"

"ဟေ"

ဒေါ်လေးက သူ့ကို မျက်လုံးပြူးကြီးနှင့်ကြည့်လေသည်။ ကြည့်လည်းမတတ်နိုင်။

တကယ်ဖွင့်မပြောရဲတာပါ။ သူက ကိုယ့်ကိုယုံကြည်၍ ရဲရဲဝံ့ဝံ့ သွားလာနေပါတယ်ဆိုတာကို ကိုယ်က အခွင့်အရေးယူလို့ သင့်တော်ပါ့မလား။

"ဒါကို အခွင့်အရေးယူတယ်လို့ မခေါ်ဘူး တူလေးရဲ့။ မင်း အဲဒီလိုသာ တွေးပူနေရင် သေချာပေါက် လူပျိုကြီးဖြစ်မှာ"

"ဟာ . . . ဒေါ်လေးကလည်း မဦးမချွတ်"

"ဟောတော် ဘာမဦးမချွတ်လဲ။ ခုမှ နှုတ်ထွက်စကားတွေ လန့်တတ်နေတယ်ပေါ့လေ။ မသိပါဘူးအေ။ ဒေါ်လေးက ဒီလောကမှာ ငါ့တူလေးကြောက်တဲ့အရာ မရှိသေးဘူးမှတ်တာ။ ကလေးမလေးကိုတောင် ကျေးဇူးတင်ရမလို ဖြစ်နေပြီ"

"ဒေါ်လေးကလည်း"

"ဒေါ်လေးကလည်း လုပ်မနေနဲ့။ ဘာလို့ ဖွင့်မပြောရဲရတာလဲ ပြောပါဦး"

"သူက ကျွန်တော့်ကို ယုံကြည်လို့ ကျွန်တော်နဲ့ အတူသွားလာတာတဲ့။ ဖွင့်ပြောလိုက်ရင် ကျွန်တော့်ကို ပွဲလန့်တုန်း ဖျာခင်းတဲ့ အခွင့်အရေးသမားလို့ ထင်သွားမှာပေါ့"

"ဒီမှာတူလေး။ မိန်းကလေးတွေက ယုံကြည်စိတ်ချအားကိုးရပြီဆို သေချာတယ် ကိုယ့်အတွက် (၅၀) ရာခိုင်နှုန်းလောက် သေချာနေပြီ။ အေး တူလေးပြောသလို ပွဲလန့်တုန်းမှာ ဖျာကြမ်းကြမ်းခင်းလိုက်ရင်တော့ (၅၀) ရာခိုင်နှုန်း လျော့သွားရင် ယုံကြည်မှုနည်းနည်းမှ ရှိတော့မှာမဟုတ်ဘူး"

"အဲဒါကြောင့် ပြောတာပေါ့"





"အဲဒါကြောင့် မဟုတ်ဘူး။ လွတ်လပ်တဲ့ မိန်းကလေးကို လွတ်လပ်သော ယောကျ်ားလေးက ရည်းစားစကားပြောတာ ဘယ်သူ ကရားစွဲလို့ရမှာလဲ။ ဖွင့်ပြော၊ အဲဒီကလေးမနဲ့ဆိုရင် ဒေါ်လေး သဘောကျတယ်။ ရဲဖြစ်နေပြီး ကြောက်တတ်လိုက်တာ ငါ့တူရယ်"

ဒေါ်လေးကတော့ အတင်းတွန်းတိုက်၍ မြှောက်ပင့်ပေးနေသည်။ လူကတော့ လက်ဖဝါးစာနှင့် နီးမလား၊ အမုန်းခံရမလား၊ တွေးကြောက်၍ လန့်မိပါသည်။

ဩော် . . . ဝင့်ဝါရယ်။

❋

## အခန်း (၂၆)

တိတ်ဆိတ်ငြိမ်သက်သောညအမှောင်။

လူရှုပ်ထွေးသော နေရာမဟုတ်လေတော့ ညသန်းခေါင်မှာ ခွေးတစ်ကောင် ကြောင်တစ်မြီးမှ လမ်းပေါ်တွင် ရှိမနေ။ ယုတ်စွအဆုံး ကားတောင် ဖြတ်သွားဖြတ်လာမရှိ။

ဤကဲ့သို့သော ငြိမ်သက်တိတ်ဆိတ်နေသော ညအမှောင်တွင်းသို့ ဝင်ရောက်လာသော လူတစ်ယောက် ရှိလေသည်။

သူ မကြောက်တတ်ဘူးလား။

ဘာကိစ္စ အရေးပေါ်လို့ ညနက်သန်းခေါင် လမ်းပေါ်မှာ





ရှိနေရတာလဲ။

ဒါကို ကာယကံရှင် အကြင်လူမှလွဲ၍ မည်သူမှ မသိနိုင်။ စိတ်ဝင်စားဖို့တော့ ကောင်းမနေသည်။

ထိုလူသည် မည်းမှောင်သော ပတ်ဝန်းကျင်နှင့် လိုက်ဖက်စွာ အနက်ရောင်ဖက်ရှင်ကို ဝတ်ဆင်ထားသည်။ ဒီနေ့ ရန်ကုန်မြို့တစ်မြို့လုံး မီးမလာ။ မနက်ကတည်းက ဒီနေ့ည မီးပျက်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

တိုက်ဆိုင်ချင်တော့ ဒီနေ့ဟာ လကွယ်နေ့နှင့်လည်း တိုက်ဆိုင်နေသည်။ ပတ်ဝန်းကျင် တိတ်ဆိတ်ငြိမ်သက်ဖို့အတွက် အခွင့်အရေး များစွာက အထောက်အပံ့ ပြုနေပေသည်။

ထိုလူသည် တစ်ယောက်တည်း အကြောက်အရွံ့မရှိ အိမ်တစ်အိမ်ဆီသို့ ဦးတည်သွားသည်။ သူခိုးတစ်ယောက်လား။ ဖြစ်တော့ ဖြစ်နိုင်သည်။. ညအမှောင်ထုမှာ မထင်မရှားမြင်နေရသူသည် လူကောင်းသူကောင်းတော့ မဖြစ်နိုင်။

သူသည် သွားလိုရာ ခြံရှေ့သို့ရောက်တော့ ခြံတံခါးကို အသံမထွက်အောင် တိုးတိုးတိတ်တိတ် ဖွင့်နေသည်။

သော့ခလောက်ကိုဖွင့်တာမို့ သူခိုးလည်း ဖြစ်နိုင်သည်။

အိမ်ရှင်လည်း ဖြစ်နိုင်သည်။ သော့က အတုဖြစ်နေလျှင် သူခိုးဖြစ်နိုင်ပြီး အစစ်ဆိုလျှင်တော့ အိမ်ရှင်ပေါ့။

ထိုလူသည် ခြံထဲရောက်တော့ သော့ပြန်ခတ်ပြီး အိမ်မကြီး ဆီသို့ လျှောက်သွားသည်။

အိမ်ကြီးသည် မည်းမှောင်သော ပတ်ဝန်းကျင်တွင် ထီးထီး ကြီး။ အိမ်တွင် ဘာမီးရိပ်မီးရောင်မှ မတွေ့ရ။

ထိုလူသည် တိုက်ရှေ့သို့ရောက်တော့ တံခါးကိုဖွင့်ပြီး အိမ် တွင်းသို့ လှစ်ခနဲ ဝင်ရောက်လာသည်။ ဝင်ပြီးပြီးချင်း သူ့ပတ်ဝန်းကျင် သို့ တံခါးပေါက်မှတစ်ဆင့် ပြန်လည်အကဲခတ်လိုက်သည်။

ပတ်ဝန်းကျင် ထူးခြားသည့် အရိပ်အယောင် ဘာမှမရှိ။

ထိုလူ ကျေနပ်စွာဖြင့်ပြုံးပြီး တံခါးကိုစေ့ပိတ်လိုက်သည်။

ဘယ်ကိုမှ မရွှေ့သေးဘဲ အသက်ကို ဝဝရှူလိုက်သည်။ သက်ပြင်းကို ဟူးခနဲချလိုက်သည်။ ပြီးမှ သူ့အင်္ကျီအိတ်ကပ်ထဲက တစ်စုံတစ်ရာ ထုတ်လိုက်သည်။

ဖုန်းဖြစ်သည်။

သူက ဖုန်းထဲမှ flash light ကိုဖွင့်လိုက်သည်။ ထိုမီးကို ဟိုဟိုဒီဒီ လျှောက်မထိုးဘဲ သူသွားလေရာလမ်းကြောင်းကိုသာ ထိုး





ဝှက်ဝှက်ထိုးသည်။

ထိုတစ်ထပ်တိုက်သည် အမြင့်ရှိုးသော်လည်း အထဲတွင် ပြင်ဆင်ထားသည့် Deco.ation မှာ အတော်ကောင်းမွန်ပါသည်။

သူသည် အိမ်တွင်းမှာရှိသည့် ဖွဲ့စည်းပုံတာညာကို စိတ်မဝင် စားဘဲ တစ်စုံတစ်ရာကို သဲသဲမဲမဲ ရှာနေသည်။ သူ့ရဲ့ဦးတည်ရာက အိပ်ခန်းထဲသာ ဖြစ်သည်။

သူသည် ဤအိမ်နှင့် ရင်းနှီးကျွမ်းဝင်သူတစ်ယောက်ကဲ့သို့ အခန်း (၂) ခန်းရှိသည့်အနက် အခန်းတစ်ခန်းဆီသို့သာ ဦးတည်သွား သည်။ ထိုအခန်းသည် အိပ်ခန်းဖြစ်သည်။

ထိုအခန်းထဲသို့ရောက်တော့ သူ သဲသဲမဲမဲ ရှာဖွေတော့သည်။ ဘာကိုရှာမှန်းတော့မသိ။ ဗီရိုထဲလည်းရှာသည်။ ဗီရိုထဲရှိ ပစ္စည်းတွေကို ထက်အောက် ကပြောင်းကပြန်ဖြစ်အောင် ပစ္စည်းတွေ မွှေနှောက်ပြီး ရှာသည်။ မတွေ့။ ထည့်လို့ရသည့် ခွက်သေးသေးလေးကအစ သူ လိုက်ရှာသည်။ မတွေ့။

ခုတင်ခြေရင်းမှာရှိသော နံရံကပ်ဗီရိုလည်း မနေရ။ ခေါင်းဦး အောက်ကော အိပ်ရာတွေအောက်ပါမကျန် သဲသဲမဲမဲ ဖွနေဘဲ့နှင့်ရှာနေ ချိန် သူ့ပတ်ဝန်းကျင်ကို လုံးလုံးလျားလျား သတိမရတော့။

သူ့အာရုံမှာ ပစ္စည်းတစ်ခုကို ရှာတွေ့ဖို့လောက်သာ အာရုံ ရောက်နေသည်။

"ခင်ဗျား ဘာရှာနေတာလဲ ကိုပိုင်ဖြိုးသိုက်"

"ထောက်"

"ဟင်"

"ခင်ဗျား"

ကြားလိုက်ရသော စကားသံကြောင့် ပိုင်ဖြိုးသိုက် ထခုန် မတတ် လန့်သွားသည်။ အချိန်ကိုက်ပင် မီးကို ထောက်ခနဲ ဖွင့်သံနှင့် အတူ မြင်လိုက်ရသူကြောင့် သူ့မျက်လုံးအစုံ ပြူးသွားသည်။

ဝတ်စုံပြည့် ဝတ်ဆင်ထားသော ရဲ (၄) ယောက်နှင့် ရပ်ကွက် လူကြီး (၂) ဦး။

"ခင် ခင်ဗျားတို့"

"သိပ်အံ့ဩသွားသလား။ ခင်ဗျား ဘာကိုရှာနေတာလဲ"

"ဘာရှာရှာပေါ့ဗျာ။ ဒါ ကျုပ်အိမ်ပဲ ကျုပ်ဘာသာ ဘာလုပ် လုပ်ပေါ့။ ခင်ဗျားတို့သာ ကျုပ်ခွင့်ပြုချက်မရဘဲ ဒီအိမ်ထဲကို ဝင်လာတဲ့ အတွက် တရားစွဲလို့ရတယ်ဆိုတာ နားလည်လား"

"ဘယ်လို၊ ဟောဒီအိမ်က ခင်ဗျားရဲ့အိမ်၊ ဟုတ်လား။ ကဲ





...ရပ်ကွက်လူကြီး ဟောဒီအိမ်က ဘယ်သူနာမည်ပေါက်နေသလဲ ကျေးဇူးပြုပြီး ပြောပေးပါဦး"

"ဒီအိမ်က ဒေါ်ပိတောက်ဖူးရဲ့ အမည်ပေါက်ပါ"

ထင်ရဲမာန်က ဥက္ကဋ္ဌကို စစ်ကူခေါ်လိုက်သည်။

ဥက္ကဋ္ဌ၏စကားကြောင့် ပိုင်ဖြိုးသိုက်မျက်နှာ အကြီးအကျယ် ပျက်သွားသည်။

နောက် အားလုံးကို ရူးရူးဝါးဝါးကြည့်ကာ–

"ခင်ဗျားတို့ ကျုပ်ကို ဖမ်းရဲရင်ဖမ်းကြည့်၊ ခင်ဗျားတို့အား လုံး အလုပ်ပြုတ်သွားအောင် ကျုပ်လုပ်လို့ရတယ်ဆိုတာ ခင်ဗျားတို့ မမေ့ နဲ့"

"နေပါဦး ကိုပိုင်ဖြိုးသိုက်၊ ခင်ဗျားကို လာဖမ်းတယ်လို့ ကျွန်တော်က မပြောရသေးပါလား"

ထင်ရဲမာန်ရဲ့စကားက ပိုင်ဖြိုးသိုက်ရဲ့အရှိက်ကို ကောင်းစွာ သိသွားလေသည်။

ထို့ကြောင့်မှ သူ့စကားလောကြီးသွားမှန်း သူ့ကိုယ်သူ သတိ ထားမိလိုက်သည်။

လူ (၆) ယောက်၏အလယ်တွင် ပိုင်ဖြိုးသိုက် ဇောချွေးတွေ

ပျံလာသည်။

ထင်ရဲမာန်က ပိုင်ဖြိုးသိုက်အနီးသို့ လျှောက်လာရင်း –

"လမ်းထိပ်မှာ ကားရပ်ပြီး ဒီထိ လမ်းလျှောက်ခဲ့ရတယ်ဆိုတော့ ခင်ဗျား တော်တော်မောသွားမှာပဲနော်"

"------"

"နေပါဦး ခင်ဗျား ဘာပစ္စည်းရှာနေတာလဲ"

"ဘာ ဘာမှမရှာပါဘူး"

"သေချာလား"

ပိုင်ဖြိုးသိုက် ဒီကိုလာမိတာ မှားပြီဆိုတဲ့အသိနှင့်အတူ အသံတွေ တုန်လာသည်။ ထင်ရဲမာန် လက်ပိုက်ကာ –

"ခင်ဗျား ရှာနေတဲ့ပစ္စည်း ဒါမဟုတ်လား"

ဒါမဟုတ်လားဆိုတော့ ပိုင်ဖြိုးသိုက် ဇဝေဇဝါနှင့်မော့ကြည့်သည်။

သူတောင်ရှာမတွေ့နိုင်သည့်ပစ္စည်းကို တခြားသူက ရှာတွေ့တယ်ဆိုတာ မယုံကြည်သည့်ဟန်။

သို့သော် –

"ဟင်"





ထင်ရဲမာန်၏လက်ထဲတွင် မြင်ရသော လက်သည်းခွံလောက်အရာဝတ္ထုကို မြင်လိုက်ရသောအခါ ပိုင်ဖြိုးသိုက် မျက်လုံးအစုံ ပြူးကျယ်သွားသည်။

"ခင်ဗျားကို ဝိတောက်ဖူးသတ်ခံရမှုနဲ့ ပတ်သက်ပြီး ဖမ်းတယ်"

"ဟေ့လူ ခင်ဗျား ရူးနေသလား။ ဝိတောက်ဖူးက အသတ်ခံတာ မဟုတ်ဘူး။ သူ့ဘာသာသူ ရေနစ်သေတာ ကျုပ်နဲ့ဘာဆိုင်လို့လဲ"

"ဘာဆိုင်လဲ မဆိုင်လဲဆိုတာ ဟောဒီမှာ သက်သေပါတယ်လေ။ ခင်ဗျားအတွက် ဟောဒီပစ္စည်းက အသက်လောက် အရေးပါတယ်ဆိုတော့ ဒီပစ္စည်းကို ခင်ဗျား မဖြစ်မနေ ပြန်လာရှာမှာပဲဆိုတာ ကျုပ် တွက်ဆမိတယ်လေ"

"အို ဘာမှမသိဘူး။ ဘာမှမသိဘူး။ ခင်ဗျားတို့ ကျုပ်ကို ဖမ်းချင်တိုင်း ဖမ်းခွင့်ရမယ်ထင်လား"

"ကျွန်တော်က ဥပဒေဝန်ထမ်းပါ။ ဝရမ်းမပါဘဲ ခင်ဗျားကို လာဖမ်းတယ်လို့ ထင်လား။ ရဲဘော်တို့ သူ့ကို လက်ထိတ်ခတ်လိုက်ပဲ"

"အို ဘာလို့လဲ . . . လုံးဝမရဘူး"

ပိုင်ဖြိုးသိုက် ပတ်ပြေးစရာနေရာလွတ်လည်း မရှိတော့ သူ့ဆီသို့ တိုးကပ်လာသော ရဲတွေကို ခါးခါးသီးသီးကြည့်ပြီး အော်သော သည်။

ထင်ရဲမာန်က လက်ထဲတွင်ကိုင်ထားသည့် SD card လေး ကိုကြည့်ပြီး –

"အင်းလေ . . . ဒါဆိုရင်လည်း ဟောဒီလူကြီးတွေရဲ့ရှေ့မှာ SD card ထဲမှာ ဘာရှိသလဲဆိုတာ ကျွန်တော်တို့ အတူတူကြည့်ကြ တာပေါ့"

ထိုသို့ဆိုတော့လည်း ပိုင်ဖြိုးသိုက် ဖျတ်ဖျတ်လူး ဖြစ်သွား သည်။ ထိတ်လန့်တုန်လှုပ်သောမျက်နှာနှင့် –

"ဟေ့လူ . . . ခင်ဗျား အဲဒီကတ်ကို လုံးဝကြည့်လို့မရဘူး နော်"

"အင်း . . . ခင်ဗျားပြောတာနဲ့ ကျွန်တော်တောင် ဒီပစ္စည်း ကို စိတ်ဝင်စားလာပြီ။ ဒီရဲ့ကတ်ထဲမှာ ဘာရှိမယ်ထင်လဲ"

"ခင်ဗျား တကယ်စကားများတဲ့လူပဲ။ သိချင်ရင် ကျုပ်ကိုယ် တိုင် ပြောပြမယ်။ အဲဒီကတ်ထဲ ခင်ဗျားကိုယ်တိုင် ထဲထဲဝင်ဝင်ကြည့်





ဘာမှမလိုအပ်ဘူး"

"အိုကေ . . . အဲဒီလိုလုပ်ပါဗျာ။ ကဲ လူကြီးတွေကိုလည်း ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ကျွန်တော်တို့လည်း တာဝန်တွေ ဆက် သက် ထမ်းစရာရှိသေးတာမို့ ခွင့်ပြုပါဦး"

"ဟုတ်ကဲ့ပါ ဆရာ"

"ကဲ . . . ရဲဘော်တို့ သူ့ကိုခေါ်ခဲ့ကြပါ"

❋

## အခန်း (၂၇)

"ကျွန်တော် ပိတောက်ဖူးကို တကယ် နှစ်နှစ်ကာကာ ချစ်တာပါ။ ဒါပေမဲ့ . . . ကျွန်တော်က သူ့လို မိန်းကလေးကို ဘယ်လိုလုပ်ပြီး အိမ်ထောင်ဘက်အဖြစ် ရွေးချယ်လို့ ရမှာလဲ"

"သူလုပ်ကိုင်နေတဲ့အလုပ်အကိုင်နဲ့ သူ့ရဲ့ပတ်ဝန်းကျင်က ကျွန်တော့်ပတ်ဝန်းကျင်မှာ ဘယ်လိုမှ မျက်နှာပန်းမလှနိုင်ဘူး ကျွန်တော်က အချစ်ကို ကိုးကွယ်သူမှမဟုတ်တာ။ ဒီအသက်အရွယ် တောင်ရောက်နေပြီ၊ အချစ်ကို ကိုးကွယ်စရာလား"

ဦးနောက်နှင့်စဉ်းစားတတ်သော အသက်အရွယ်သို့ ရောက်ခဲ့





က အတွက်အချက်တော်သော လုပ်ငန်းရှင်တစ်ယောက်ဖြစ်တော့ ်ငဖြိုးသိုက် သူလိုချင်တာကိုလည်း လက်လွှတ်မခံပါ။

အမှတ်မထင် ပိတောက်ဖူးကိုတွေ့မြင်သည့်နေ့က သူ့စိတ်ထဲ ာ သူမရဲ့မျက်နှာကို တော်တော်နှင့် ဖျောက်ဖျက်၍မရပေ။

သိဝိမင်းကြီး ဥမ္မာဒန္တီကြောင့် ရူးသွပ်သွားသလို သူလည်း ဖြစ်ခဲ့သည်။

တစ်နေကုန် တစ်ချိန်လုံး သူမရဲ့မျက်နှာကိုပဲ မြင်ယောင်နေသည်၊ တွေ့ချင်သည်။ ဆုံချင်သည်။ ဘယ်လိုတွေ့ဆုံနိုင်မလဲ စဉ်းစား ခြင်း သူမနှင့်ပတ်သက်တာ သူ့တပည့်တွေကို စုံစမ်းခိုင်းကြည့်သည်။

သူလိုလူက မိန်းကလေးတွေနှင့် ကင်းတော့မကင်း။ ဆိုရိုး စကားတောင် ရှိသေးတာပဲ။ ယောကျ်ားဆိုရင် နှာဘူးနှင့်ဂန်ဒူး နှစ်မျိုးပဲ ရှိတာတဲ့။

တကယ့်ယောကျ်ားစစ်စစ်တွေကတော့ သူတို့ကို ဂန်ဒူးလို့ ခပြောလျှင် ဘယ်သူမှ အပြောမခံ။ ဒီတော့ ယောကျ်ားလေးနှာဘူးတာ ခံမ်းသလား။

သူ့ဘက်ကစပြီး စိတ်ဝင်စား၍ နီးကပ်အောင် ကြိုးစားခဲ့ဖူး သည်မှာ 'ပိတောက်ဖူး' တစ်ယောက်တည်းသာ ရှိသည်။

စုံစမ်းကြည့်လိုက်တော့ သိပ်မကောင်း။ သူမရဲ့ဦးလေး အခြောက်နှင့် အလှပြင်ဆိုင်မှာ လုပ်သည်။ သူမဦးလေးက တူမဖြစ်သူ ကို ဖန်ပြပြီး လုပ်စားနေသည်ဆိုတာ သိခဲ့ရသည်။

ဦးဆန်းထွန်းတစ်ယောက် လောင်းကစားဘက်မှာ ဝါသနာ ကြီးတယ်ဆိုတာ စုံစမ်းသိရှိခဲ့သည်။ ဒီတော့ သူ အကွက်ထွင်သည်။

ဆင်ထားသည့်အကွက်အတိုင်း ဦးဆန်းထွန်း သူ့ရဲ့ဂွင်ထဲ ရောက်လာသည်။

ငွေဘယ်လောက်ယူသုံးသုံး သူ မသိသလိုနေခဲ့သည်။ လုံးဝ မတောင်းသေး။

အိမ်တစ်လုံးလုံးပေါင်ပြီးခါမှ –

“တကယ်တော့ ကျွန်တော်ကလည်း လုပ်ငန်းလည်ပတ်နေ ရတဲ့သူဆိုတော့ ငွေမလည်တာအမှန်ပဲ ဦးဆန်းထွန်း။ ဒါပေမဲ့ ခင်ဗျား အတွက်တော့ အခွင့်အရေး တစ်ခုပေးမယ်”

“ဘာများလဲမောင်ပိုင်”

“တကယ်လို့ ပိတောက်ကို ကျွန်တော်နဲ့သဘောတူတယ် ကြားဝင်စေ့စပ်ပေးမယ်ဆိုရင် အခု ခင်ဗျားရှိနေတဲ့အကြွေးကို ဖြေပေး မယ်။ ဒါ့အပြင် ပိတောက်အတွက် တိုက်တစ်လုံး၊ ကားတစ်စီးပေးမယ်





ဘယ်လိုလဲ”

“ဟင် ... ဘယ်လိုလုပ်ဖြစ်မှာလဲ”

“ဒါတော့ ခင်ဗျားစဉ်းစားလေ”

သူ တစ်ပြန်စီး ချေးကိုင်လိုက်သည်။ ဦးဆန်းထွန်းက ငွေ မြင်လျှင် ဘနဖူး သိုက်တူးမည်ဆိုတာ သူသိသည်လေ။ ထင်သည့် အတိုင်းပင် သိပ်မကြာခင် သူ့ရဲ့စကားကို လက်ခံလိုက်ရသည်။

ပိတောက်သည် သူ့ရဲ့အဖော်ဖြစ်လာသည်။ ပိတောက်လို မိန်းကလေးကို သူရလိုက်တာ ကံကောင်းပါသည်။ ပိတောက်သည် သူ့ပတ်ဝန်းကျင်က မိန်းမတွေလို ငွေမမက်။ ဦးလေးရဲ့အခက်အခဲကို ကူညီချင်တာတစ်ခုတည်းနှင့် သူ့ကိုလက်ခံခဲ့တာ ဖြစ်ပြီး သူ့ဆီက ဘာမှ မမက်မော မတောင်းဆို။

သူကသာ လက်မထပ်နိုင်တာ သက်သက်၊ ချစ်တာက သက် သက်ဆိုတော့ သူမလိုမယ်ထင်တာ မှန်သမျှ ဖြည့်ဆည်းပေးခဲ့သည်။

ဒီတိုင်း ပုံမှန်သွားနေလျှင်တော့ ကိစ္စမရှိ။ သူလည်းအဆင် ပြေ၊ ကိုယ်လည်းအဆင်ပြေ။

ခက်တာက ပိတောက်ဟာအနေကြာလို့ သူ့အပေါ် သံယော ဇဉ်တွယ်လာတာလားမသိ။ သူ့ကိုလက်ထပ်ဖို့ တောင်းဆိုလာသည်။

ဒါတော့ လုံးဝမဖြစ်နိုင်။

သူ့ရဲ့ပတ်ဝန်းကျင်က သူ့ကို ကဲ့ရဲ့တာ သူ မခံနိုင်။ သူက နိုင်ငံခြားသားတွေနှင့် အလုပ်တွဲလုပ်ရသူ။ မိန်းမက ဘာမှမဟုတ်တဲ့ မိန်းမဆိုတာ မထုတ်ပြချင်။

သူ့အတွက် ပွဲတက်လှသည့် ဇနီးမယားတစ်ယောက် မဖြစ်မနေလိုသည်။

ထိုမိန်းမသည် ချမ်းသာဖို့မလို၊ ပညာတတ်ရမည်။ လှဝင်းဆုံသူ ဖြစ်ရမည်။ ပေါင်းသင်းဆက်ဆံရေး ပြေပြစ်ရမည်။

''ဖြစ်နိုင်ပါ့မလား ကိုကို။ ကိုကိုက အိမ်ထောင်ဘက် ရှာတာကော ဟုတ်ရဲ့လား။ မိန်းမတစ်ယောက် အလိုရှိသည်။ အောက်ပါ အရည်အချင်းများနှင့် ကိုက်ညီသူကို ဦးစားပေးမယ်ဆိုတော့ ရုပ်ပိုင်းဆိုင်ရာ မဆန်ဘူးလား''

''စိတ်ပိုင်းတွေ၊ ရုပ်ပိုင်းတွေကို ကိုယ်နားမလည်ဘူး ပိတောက်။ အဓိက,က ပိတောက်ကိုတော့ အချစ်မလျော့ပါဘူး''

''အချစ်ရေးနဲ့အိမ်ထောင်ရေးဆိုတာ ပိုင်းခြားခွဲထားလို့ ရတယ်ဆိုတာ ကိုကိုတို့ အသိုင်းအဝိုင်းမှာပဲ ရှိတာပါ ကိုကို။ ပိတောက်ကိုတော့ စိတ်ပိုင်းဆိုင်ရာကို ဦးစားပေးသူလို့ဆိုဆို ချစ်သူနဲ့ လက်ထပ်





သူ တစ်ယောက်တည်း ဖြစ်ချင်တယ်''

''ကိုကိုကတော့ ပိတောက်ကို လက်မထပ်ဘူးဆိုတာ သေချာတယ်။ ပိတောက်ကို ကိုယ်ချစ်တယ်။ ဒါပေမဲ့ ပိတောက်က ကိုယ့်ရဲ့အိမ်ရှင်မ ဖြစ်လာဖို့တော့ ဘယ်တော့မှစိတ်မကူးနဲ့''

''ဘာရယ်''

မျက်ရည်ဝိုင်းစွာနှင့် ကြည့်နေခဲ့သောပိတောက်ရဲ့အကြည့်တွေကို သူ ဥပေက္ခာပြုခဲ့သည်။

ဘဝကိုယူ၍ လက်မထပ်လိုသူတစ်ယောက်အနေနှင့် ပိတောက် သူ့ကို စိတ်ခုမှန်းသိသော်လည်း ပိတောက်ရဲ့ မကျေနပ်မှုတွေကို ငွေနှင့်ဖြေရှင်းပေး၍ ရနိုင်သည်ဟု သူထင်သည်။

နောက်တော့ သူရည်မှန်းထားသည့်အချက်အလက်တွေနှင့် ကိုက်ညီသော အမျိုးသမီးကို တွေ့ရသည်။

''ဒါဆို ကိုကိုက သူ့ကိုလက်ထပ်မယ်ပေါ့''

''ဒါပေါ့''

''ဒါဆိုရင် ပိတောက်ကကော''

''ပိတောက်က ဘာဖြစ်စရာလိုလို့လဲ ဒီတိုင်းပဲနေပေါ့''

''ဒီလိုပဲ လူမသိ သူမသိ ဇနီးမယားဘဝနဲ့လား''

"ပိုတောက်"

နောက်ထပ် သူရင်နာရသည့်စကားတွေ မကြားချင်၍ ပိတောက်ရဲ့ပါးစပ်ကို ပိတ်လိုက်သည်။ ကလေးရယ် . . . ဒီတိုင်း အတူတူနေကြတော့ကော မင်းနဲ့ကိုယ် အတူနေလို့ မရဘူးလား။

ပိတောက် သူ့ဘေးက ထွက်ပြေးလို့မရအောင်လည်း သူ ချုပ်ကိုင်ထားသည်။

"ကိုယ့်လက်က ရုန်းထွက်ဖို့ ဘယ်တော့မှ မစဉ်းစားနဲ့ ပိတောက်"

"ကိုကို လုံးဝမတရားဘူး။ ကိုကိုကျတော့ ကိုကို့ဇနီးမယားနဲ့ ပျော်ပါးနေချိန်မှာ ပိတောက်က တစ်ယောက်တည်း။ လူကို လွတ်လပ်ခွင့်ပေးပါဆိုတော့လည်း မပေးဘူး။ ဘာလဲ ပိတောက်က ဒီလိုပဲ အများအမြင်မှာ အပျိုဘဝ။ နောက်ကွယ်မှာတော့ ကိုကို့ရဲ့ လျှို့ဝှက်ဇနီးမယားဘဝနဲ့ တစ်သက်လုံးနေရမယ်တဲ့လား"

"— — — — —"

"လုံးဝမနေနိုင်ဘူး။ သက်ဦးဆံပိုင် ဘုရင်ခေတ်ဆိုတာလည်း ကုန်ပြီ ကိုကို။ ကျေးပိုင်ကျွန်ပိုင်ခေတ်ဆိုတာလည်း ပုံပြင်ပဲ။ ပိတောက်က ကိုကို့ရဲ့ ငွေဝယ်ကျွန် မဟုတ်ဘူး။ ပိတောက်လက်ထပ်ရဦးမယ်။





ကလေးနဲ့ခင်ပွန်းနဲ့ ပျော်ရွှင်ဖွယ်ကောင်းတဲ့ မိသားစုဘဝကို ပိတောက် ဘည်ဆောက်ရဦးမယ်"

"ဘာကွ ဘာပြောတယ်"

သူ မဟုတ်တဲ့လူနှင့် ဘဝကို စိတ်ကူးယဉ်သည့်ပိတောက်ကို သူ ရိုက်ပစ်လိုက်သည်။

ပိတောက်သည် ပုံခနဲလဲကျသွားသော်လည်း မျက်ရည်လုံးဝ မကျဘဲ သူ့ကို စူးစူးဝါးဝါးကြည့်ကာ –

"အဲဒီလိုမှ လက်မခံရင် ကိုကို ပိတောက်ကို လက်ထပ်ပေါ့။ အင်း ဘယ်လက်ထပ်ပါ့မလဲ။ အိမ်ထောင်ရေးဈေးကွက်မှာတော့ ပိတောက်က အလေးမတင်တဲ့ တန်ဖိုးနည်း အရောင်းထိုင်းပစ္စည်း ဖြစ်နေတာပေါ့၊ ဟုတ်တယ်မလား"

"ပိတောက် တော်တော့။ မင်းစကားတတ်တိုင်း လျှောက်မပြောနဲ့"

ပိတောက်ရဲ့ ခနိုးခနဲ့စကားတွေအတွက် သူ ခံနိုင်ရည်မရှိ။ ဘဝကိုမပေးနိုင်တာကလွဲရင် အသည်းနှလုံးကို သူမတစ်ယောက် ဘည်းအတွက် ကျေနပ်ရောင့်ရဲပေါ့။ ဘာလို့ လောဘကြီးနေတာလဲ။

❋

## အခန်း (၂၈)

ပိတောက် ဘယ်လိုပဲပြောပြော သူကတော့ သူ့ခံယူချက် သူ့စိတ်ကူးအတိုင်းပဲ။ အမျိုးသမီးတစ်ယောက်နှင့် မဖြစ်မနေ အိမ်ထောင်ပြုဖို့ စိတ်စဉ်ခဲ့သည်။

သူနှင့်ပိတောက် ပြဿနာ အကြီးကြီးတက်သွားသည့်နေ့က သူ့မွေးနေ့မှာဖြစ်သည်။

သူ့မွေးနေ့အတွက် မွေးနေ့ဖိတ်စာကို ပိတောက်ကို သူ မပေးခဲ့။

ဒါပေမဲ့ ဖိတ်စာရွေးပြီးပြန်လာသည့်နေ့က သူ ပိတောက်ဆီ





ရောက်ခဲ့သည်။ ထိုထဲက ဖိတ်စာတစ်စောင်ကို သူ မသိအောင်ယူပြီး ိတောက် ပွဲတက်လာတော့ သူလက်ထပ်ဖို့ ရွေးချယ်ထားသော အမျိုး သမီးနှင့်ဆုံသည်။

ထိုညက သူတို့ (၂) ယောက် ပြဿနာအကြီးအကျယ် ာက်ကြသည်။ သူလည်း စိတ်တော်တော်တိုသည်။ ပိတောက်လည်း ိတ်တိုပုံရသည်။

သူတို့ နောက်ထပ်တစ်ပတ်လောက် မဆုံဖြစ်ကြ။ တစ်ပတ် လောက်ကြာတော့ သူ မနေနိုင်။ ပိတောက်ဆီ ဖုန်းခေါ်ခဲ့သည်။

ပထမရက်က ပိတောက်မကိုင်၊ နောက်တစ်ရက်ရောက် တော့ –

"အဲဒီမိန်းမကို ကိုကို မဖြစ်မနေ လက်ထပ်မှာပေါ့ ဟုတ် ား"

ဖုန်းဆက်ဆက်ချင်းမှာ သူ ကြားချင်တာ ထိုစကားမဟုတ်။

"ကိုကို့နဲ့မတွေ့ရတာကြာပြီ ပိတောက် ကိုကို့ကိုလွမ်းလိုက် ာ" ဆိုတာမျိုး။ မကြားချင်တာထပ်ကြားရတော့ သူ ဒေါသပြန်ဖြစ် ည်။

ပိတောက်ကလည်း အလျှော့ပေးမည့် အလားအလာမရှိ။

"ပိတောက်ကို ကိုယ် ထပ်ခါထပ်ခါ မရှင်းပြချင်ဘူး။ ကိုယ်သွားနေတဲ့လမ်းမှာ ပိတောက်က အတားအဆီးလို့ ကိုယ် မသတ်မှတ်ချင်ဘူး"

ပိတောက်ထံမှ ခနိုးခနဲ့ ရယ်သံကြားရသည်။ ပြီးတော့ ထိုစကားနှင့် မသက်ဆိုင်သည့် –

"ကိုကိုနဲ့ပိတောက် စကားနည်းနည်းပြောချင်တယ်။ အင်းလျားကန်ဘက် ခဏလာခဲ့ပါလား။ ဒီနေ့ညနေ (၁) နာရီ ပိတောက်စောင့်နေမယ်"

"အိုကေ"

ပြဿနာမှ ရှောင်ကွင်းချင်သူများနှ့် သူ လက်ခံလိုက်သည်။

ချိန်းထားသည့်အတိုင်း သူရောက်သွားတော့ ပိတောက်က သူ့ထက်စောစွာ ရောက်နေသည်။

"စောလှချည်လား"

ပခုံးကိုဖက်ပြီးပြောလိုက်တော့ ပိတောက် သူ့လက်ကိုဖယ်ကာ တစ်ဖက်သို့ တိုးထိုင်လေသည်။

ခုထက်ထိ စိတ်ဆိုးပြေသေးပုံ မရချေ။ ထို့ကြောင့် သူလည်း ဘာမှမပြောဖြစ်။





ပိတောက်မျက်နှာ တော်တော်ပိန်သွားသည်။ တကယ်ဆိုရင် ပိတောက်ကို သူ သေသေချာချာ ရှင်းပြပြီးသား။ ဘာမှ စိတ်ဆင်းရဲခံနေစရာမလို။

မဖြစ်သာ၍ လူသိရှင်ကြား ဇနီးဘဝကို မရောက်ရပေမယ့် သူ့ရဲ့ချစ်ခြင်းမေတ္တာအားလုံး ပိုင်ဆိုင်ရသူသည် သူမကလွဲ၍ တခြားသူ မဖြစ်နိုင်ဘူးဆိုတာ သူမှာ ရှင်းပြရတာလည်း ပါးစပ်အမြှုပ်ထွက်တော့မည်။

"တော်မဝင်တဲ့မိန်းမဆိုတော့ တင့်တင့်တယ်တယ် ဘယ်တော်ကောက်ချင်ပါ့မလဲ"

"ပိတောက်"

"အသက်ပေးချစ်မယ့်သူနဲ့ ဆုံဆည်းစေချင်တယ်တဲ့။ ဒါပေမဲ့ ဘဝပေးချစ်မယ့်သူနဲ့တောင် ဆုံဆည်းခွင့်မရှိဘူး"

"ပိတောက် . . . ဒါတွေပဲ ပြောနေမယ်ဆိုရင်တော့ ကိုယ်ပြန်တော့မယ်"

"နေပါဦး။ စကားမှမဆုံးသေးတာ"

ထထွက်ဖို့ပြင်သော သူ့ရဲ့လက်ကို ပိတောက်ကလှမ်းဆွဲသည်။ သူ ပိတောက်ရဲ့လက်ကိုကြည့်ပြီး မထဖြစ်။

သူမထဲတော့ ပိတောက်က ဆုပ်ကိုင်ထားသော လက်ကို လွှတ်ပေးသည်။

ပန်းနုရောင်ဖျော့တော့တော့ဝတ်စုံက ပိတောက်ကို ပိုမြီး ပါးလျစေသည်။ သူ့ကြောင့် ပိတောက် မအိပ်နိုင် မစားနိုင်ဖြစ်နေရ လေသလား။ စိတ်ဆင်းရဲနေရသလား။

"တကယ်တော့ ကိုကိုနဲ့ပတ်သက်ခဲ့မိတဲ့ ပိတောက်ကလေး အဆိပ်တွေနဲ့ ပြည့်နှက်နေတဲ့ အိပ်မက်ရှည်ထဲ အတူဖြတ်သန်းရ သလိုပဲ။ ကြာလာလေလေ ပိတောက်ကိုယ်ထဲမှာ အဆိပ်တွေ ပျံ့နှံ့ လာလေလေပဲ။ ညဆို ကိုယ့်ဘာဝကိုကိုယ်တွေးပြီး အိပ်မပျော်ဘူး"

"ပိတောက်ရယ်"

သူနှင့်ပတ်သက်ခဲ့ရခြင်းအတွက် ပိတောက် တော်တော် ခါးသီးနေခဲ့ပါသလား။

ချစ်တာတစ်ခုပဲ သိလို့မရဘူးလေ ပိတောက်ရယ်လို့ ပြောချင် ပါ၏။ သို့သော်ငြား ဒီချိန်မှာ ဒီစကားဟာ အကောင်းဆုံးသော ကုသ ဆေး မဟုတ်တာလည်း သိနေပြန်ရာ။

"ပိတောက် ဒီနေ့ ကိုကိုနဲ့တွေ့ဖို့ တော်တော်လေး စဉ်းစားခဲ့ ရတယ်"





"အင်း ... ဟုတ်တယ်။ ကိုယ်လည်း အဲဒါပဲစိတ်ဝင်စားနေ တာ။ ပိတောက်က ကိုယ့်ကို ဘယ်တုန်းက ခုလိုချိန်းခဲ့ဖူးလို့လဲ"

သူ မှတ်မှတ်သားသားပြောတော့ ပိတောက်က ဖျော့တော့ စွာပြုံးသည်။

သူ့ကိုမကြည့်ဘဲ အင်းလျားရေပြင်ကိုကြည့်ရင်း -

"ပိတောက် မယားငယ်လည်း မဖြစ်ချင်သလို မယားကြီး လည်း မဖြစ်ချင်ဘူး။ ကိုယ်တစ်ယောက်တည်းကိုပဲ တစ်သက်လုံး ရာသက်ပန် ရိုးမြေကျ ပေါင်းသင်းမယ့်သူကို လိုလားတယ်"

"-----"

"အဲဒါကြောင့် ကိုကို့ကို ရွေးချယ်ခွင့်ပေးတာ ပိတောက်ကို လက်ထပ်မလား။ ဒါမှမဟုတ်ရင် ပိတောက်ကို စွန့်လွှတ်မလားဆိုတာ"

"ဘာကိုမှ မရွေးချယ်ဘူးလို့ ကိုယ်ပြောခဲ့တယ်လေ"

"မရဘူးလေ၊ ရွေးချယ်ခွင့်ပေးလာပြီဆိုရင် တစ်ခုခုကိုတော့ မဖြစ်မနေ ရွေးချယ်ရမှာပဲလေ။ ဘာကိုမှ မရွေးဘူးဆိုရင်တော့ အဲဒီ လူဟာ ဖျက်လိုဖျက်ဆီးလုပ်နေတာနဲ့ အတူတူပဲ"

"ကျွတ်"

သူ စုတ်သပ်တော့ ပိတောက် မကျေနပ်စွာ ကြည့်သည်။

သူ နာရီကို ငုံ့ကြည့်လိုက်သည်။ ကုမ္ပဏီမှာ အစည်းအဝေးလုပ်စရာ ရှိသည်။

"ပီတောက်"

"အလုပ်ရှိသေးတယ် ပြောမလို့လား။ ခဏလေးပဲ နာရီဝက် ထက် ပိုမကြာစေရဘူး။ ရွေးချယ်ခွင့်ပေးတုန်း ရွေးပါ။ တစ်ခုခုကိုရွေး လိုက်ပါ။ ပီတောက်ကိုမရွေးဘူးဆိုရင်တောင် လွတ်လပ်ခွင့်ဖြူးပြီး ပီတောက်ရဲ့ဘဝကိုလည်း ကိုကို နှစ်သက်သလို စားသောက်ခဲ့ပြီးပြီ ပဲ"

"ပီတောက်ဖူး"

မထင်မှတ်သောစကားကြောင့် သူမျက်နှာခက်ထန်သွား သည်။ သူ့ကိုလှည့်မကြည့်သော ပီတောက်ရဲ့ပန်းနှစ်ဖက်ကို ဆုပ်ကိုင် ကာ သူ့ဘက်သို့ မရရအောင်လှည့်ပြီး –

"ကိုယ်က မင်းကို သွေးသားဆန္ဒတစ်ခုတည်းအတွက် ရှာ ခဲ့တယ်လို့ မင်းထင်နေသလား"

"ဒါတွေကို ပြန်ပြောနေလို့ ဘာမှမထူးတော့ဘူး။ အဲဒီလို မစွန့်လွှတ်ဘူးဆိုရင်တော့ ကိုကို ပီတောက်ကို လက်ထပ်ပါ"

"ဘာ"





ဘယ်တုန်းကမှ သူ့ကို အခိုင်အမာနှင့်မပြောဖူးသဖြင့် သူ အံ့ဩ သွားသည်။ တုန်လှုပ်သွားသည်။

လက်ထပ်ပါတဲ့။

သူမ ရူးနေသလား။ သူမက သူ့ပတ်ဝန်းကျင်မှာ ဘယ်လို ...ပ်တည်မလဲ။ ကိုယ့်ခင်ပွန်းအတွက် ဘယ်လောက်ထိ အထောက် အကူပြုပေးမှာလည်း ယောကျ်ားကို ဂုဏ်တက်အောင် လုပ်ပေးမှာ လား။ ဂုဏ်ပျက်အောင်လုပ်မှာလား။

"အဲဒီလိုမှမဟုတ်ရင်တော့ ပီတောက်နဲ့ကိုကိုရဲ့ကိစ္စ ဒီနေရာ ...ာပဲ နိဂုံးတံပြီ ဆိုပါစို့။ ကိုကိုပေးခဲ့တဲ့ပစ္စည်းတွေ ကိုကိုပြန်ယူပါ။ ...ီတောက် ကြည်ဖြူပါတယ်။ ကိုကိုတို့ရဲ့ လက်ထပ်မင်္ဂလာပွဲကိုလည်း ...ီတောက် လာမနှောင့်ယှက်ပါဘူး"

"အဓိပ္ပာယ်မရှိတာကွာ"

"အဓိပ္ပာယ်ရှိတာတွေ လုပ်တာ အရသာမရှိတော့ဘူး ကိုကို ...ရဲ့။ ဘာကိုမှ မရွေးချယ်ဘူးဆိုရင်လည်း ရတယ် ကျွန်မဆီမှာ ရှင် ...ဖြစ်မနေ တစ်ခုခုကို ရွေးချယ်ရမယ့်နည်းလမ်း ရှိတယ်"

ရှင်နဲ့ကျွန်မဟု ပြောနေတော့သည်။ သူ ဆုပ်ကိုင်ထားသော ...ဘက်မှ ရှန်းထွက်ကာ မတ်တတ်ထရပ်သည်။ သူနှင့် အတန်ငယ်

ထေးသည့်နေရာသို့ တိုးရွေ့သွားကာ ပိုက်ဆံအိတ်ကို ဖွင့်၍ တစ်ခုခုယူသည်။

ခေါင်းပြန်မော့လာတော့ လက်ထဲမှာ အပြာရောင် memory stick တစ်ခု။

သူမက ထို stick ကို ထောင်ပြကာ နောက်ဘက်သို့ တဖြည်းဖြည်းဆုတ်သွားကာ -

"ဟောဒီ stick ထဲမှာ ဘာရှိမယ်လို့ ကိုကိုထင်လဲ"

"မသိဘူး"

"ကိုကိုနဲ့ပိတောက်ရဲ့ အချစ်ကမ္ဘာပေါ့"

"ဘာ"

မည်သို့ပြောလိုက်သနည်း။ သူတောင် မျက်နှာမထားတတ်သလို ဖြစ်သွားသည့်ကိစ္စ။ ပိတောက်က ဘာကိစ္စ အဲဒါကို file တစ်ခုလုပ်ခဲ့ရတာလဲ။

"အစကတော့ ပိတောက်နဲ့ကိုကို့အတွက် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အမှတ်တရဖြစ်အောင်ဆိုပြီး အပျော်တမ်း ဗီဒီယိုရိုက်ခဲ့တာ"

"အဲ အဲဒါကို ခု"





သူ တုန်လှုပ်နေတာကိုကြည့်ပြီး ပိတောက်က ဟက်ဟက်ပက်ပက် ရယ်လေသည်။ သဘောကျ၍ ရယ်တာတော့မဟုတ်။

တစ်စုံတစ်ရာကို နာကျည်းနေသလို မျက်နှာက မာကျောနေခင်း -

"ရှင်းတာပဲလေ။ ပိတောက် ရွေးချယ်နိုင်းတာကို ကိုကို တစ်ခုမှ မရွေးချယ်ဘူးဆိုရင်တော့ ပိတောက် ဒီ stick ထဲက ဗီဒီယိုဖိုင်ကို လူမှုကွန်ရက်မှာ တင်ပစ်ဖို့ ဆုံးဖြတ်လိုက်ပြီ"

"ဘာ ဘာပြောတယ် ပိတောက်ပူ။ မင်း ဒါ့ကို ခြိမ်းခြောက်နေတာလား"

သူ စိုးရိမ်တကြီးနှင့် ရှေ့တိုးသွားတော့ ပိတောက် နောက်ဘက်သို့ ဆုတ်သွားသည်။ ပိတောက် ရေစပ်နှင့် နီးနေတာကို သူလည်း သတိမထားမိ။ ပိတောက်လည်း သတိမရ။

"အဲဒီလိုလုပ်ရင် ဘယ်သူသိက္ခာကျမှာလဲ။ မိန်းကလေးဖြစ်တဲ့ မင်းပဲ သိက္ခာကျမယ်ဆိုတာ မသိဘူးလား"

"မသိဘူး။ မသိဘူး။ ဘာမှလာပြောမနေနဲ့တော့။ ဖြေသိမ့်မနေနဲ့တော့။ ကျွန်မမှာ ကျစရာသိက္ခာတွေ ဘာမှမရှိတော့ဘူး။ အခုချိန်မှာ ဟောဒီ stick ကို ရှင် ယူနိုင်တယ်ဆိုရင် ကျွန်မပွားထားတဲ့

stick တစ်ခုကို ရှင်းနိုင်မှာမဟုတ်ဘူး''

ပီတောက်ရဲ့လုပ်ရပ်တွေက ပတ်ဝန်းကျင်အလယ်မှာ သူ့မျက်နှာ ဘယ်နားသွားထားလို့ ထားရမှန်းမသိအောင်လုပ်နေတာ။

တကယ်လို့ အဲဒီဖိုင်သာ ပျံ့နှံ့သွားလျှင် သူ့ကုမ္ပဏီ၊ သူ့ပတ်ဝန်းကျင်၊ သူ့အသိုင်းအဝိုင်းမှာ သူ ဘယ်လောက်ထိ အရှက်ရသွားရမလဲ။ မဖြစ်၊ ဒီချိန်မှာ ပီတောက်က သွေးရူးသွေးတန်း ဖြစ်နေသူ။ ဒီတိုင်းလွှတ်ထားလို့မဖြစ်။

''ရှင်ရှေ့မတိုးနဲ့နော်''

''ပီတောက် ကိုယ်''

''မတိုးနဲ့လို့ ပြောနေတယ်လေ''

''ပီတောက်''

''ဟင်''

''ဝုန်း''

''ဒါဆိုရင် ပီတောက်သေရတဲ့ကိစ္စမှာ ခင်ဗျားမပါဘဲ ကင်းတယ်ပေါ့''

သူ့မေးခွန်းကြောင့် ပိုင်ဖြိုးသိုက် ငေးငေးငိုင်ငိုင်ဖြစ်သွားကာ

''ကျွန်တော့်လက်ကြောင့် သူမသေခဲ့ရပေမယ့် ကျွန်တော့်





စိတ်ကြောင့် သူသေခဲ့တာတော့ သေချာပါတယ် ဆရာထင်ရဲမာန်။ ဘာလို့လဲဆိုတော့ သူ ကျွန်တော့်ကို တော်တော်ချစ်ယ်။ ကျွန်တော့်ရဲ့ အိမ်ရှင်မဖြစ်ရဖို့ သူ အမျှော်လင့်ကြီး မျှော်လင့်ခဲ့တာလေ''

ဒါဆိုလျှင်တော့ သိချင်သောအဖြစ်မှန်အားလုံးကိုလည်း သိခွင့်ရပြီ။

ပိုင်ဖြိုးသိုက် သတ်ခဲ့တာမဟုတ်တဲ့အတွက် မတော်တဆ သေဆုံးမှုသာ ဖြစ်သည်။

ထို့ပြင် ဝင့်ဝါ ကတိတောင်းခံသည့်အတိုင်း နှစ်ဦးနှစ်ဖက်လုံး အတွက် အကျိုးမရှိသော သက်သေခံပစ္စည်းများအားလုံးကို ဖျက်ဆီး ပစ်ရမည်။

သူ ကျောပိုးအိတ်ထဲတွင် ထည့်ထားသော အညိုရောင်ဖုံး ဒိုင်ယာရီကို ထုတ်လိုက်သည်။ ပိုင်ဖြိုးသိုက်က ဒိုင်ယာရီကိုမြင်တော့–

''အဲဒါက''

''ပီတောက်ဖူးရဲ့ဒိုင်ယာရီပါ''

''ဗျာ ဆ ဆရာ ... အဲဒါလေး ကျွန်တော့်ကို''

တောင်းဆိုနေသူကို ခေါင်းယမ်းပြလိုက်သည်။ စားပွဲပေါ်မှာ ဘင်ထားသော မီးခြစ်ကို လှမ်းယူသည်။ စာစောက စားပွဲပေါ်

တင်ထားသော stick ကို စာအုပ်ပေါ်တင်လိုက်သည်။

"ခင်ဗျားက ခုထက်ထိလည်း အိမ်ထောင်ပြုမယ့်ကိစ္စကို မလျှော့သေးဘူး။ သေသွားတဲ့ပီတောက်ဖူးကလည်း ကျေနပ်နိုင်ဦးမှာ မဟုတ်ဘူး။ ပြီးတော့ ဒီရဲ့ပစ္စည်းတွေကလည်း ခင်ဗျားအတွက် အသုံးမဝင်နိုင်ဘူးလေ၊ ဟုတ်လား။ နှစ်ဦးနှစ်ဖက်လုံးအတွက် အကျိုးမရှိတဲ့ပစ္စည်းကို ကျွန်တော်က သက်သေခံပစ္စည်းတွေကို ဖျက်ဆီးမယ် ဆိုရင် ကာယကံရှင် ခင်ဗျား လက်ခံမလား။ ဟောဒီ stick အပါအဝင် ပေါ့"

ထို stick ထဲတွင် သူ့ သိက္ခာကျစရာတို့ရှိသည်။ ဒိုင်ယာရီ ထဲတွင် ပီတောက် သိက္ခာကျစရာတို့ရှိ၏။ ဒီတော့ သူ လေးတွဲ့စွာနှင့် ခေါင်းညိတ်ပြလိုက်သည်။

ဂတ်စ်မီးခြစ်ကို ခြစ်လိုက်စဉ် ကျောက်နှင့်ဘီးလုံး ထိခတ်သွား ပြီး မီးတောက် ထောက်ခနဲ ထွက်ပေါ်လာလေသည်။

❋



## အခန်း (၂၉)

သူ ဝင့်ဝါကိုလာပြီးစောင့်ကြည့်နေသည်မှာ တစ်ပတ်ခန့်ရှိပြီ ဖြစ်သော်လည်း ဝင့်ဝါနှင့် လုံးဝတွေ့ခွင့်မရ။

ပိုင်ဖြိုးသိုက်နှင့်တွေ့ဆုံပြီး အဖြစ်မှန်တွေ သူမအား ရှင်းပြ လိုက်သည်။

"ပစ္စည်းတွေကို ဖျက်ဆီးပစ်လိုက်တဲ့အတွက် ကျေးဇူးတင် ပါတယ် အစ်ကို"

"ဝင့်ဝါလည်း စိတ်ဒုံးဒုံးချလို့ရပြီပေါ့"

သူ့စကားကို သူမ ဘာမှမပြော။ ဆိုင်အပြင်ဘက်ကိုပဲ

တွေဝေစွာ ငေးကြည့်နေခဲ့သည်။

"ဝင့်ဝါ"

"———————"

"ဝင့်ဝါ ညီမ"

"ဟင် အစ်ကို"

"ဘာတွေစဉ်းစားနေတာလဲ။ ပြီးခဲ့တာတွေလည်း ပြီးပြီပဲ မဟုတ်လား။ ဝင့်ဝါသိချင်တာလည်း သိခွင့်ရပြီလေ။ ဘာလို့ မရွှင်မလန်း ဖြစ်နေရတာလဲ"

"မသိဘူး အစ်ကိုရယ်၊ စိတ်ထဲမှာ ငိုချင်သလိုလိုပဲ"

"ရော် ... ဒီကလေးမက"

"ဒါနဲ့ ဝင့်ဝါ မရှင်းတာလေးတစ်ခုလောက် မေးကြည့်ချင်တယ် အစ်ကို"

"မေးလေ ဝင့်ဝါရဲ့"

မေးချင်တာကို အထူးအဆန်းလုပ်လို့ စကားပလ္လင်တွေခံနေသေးသည်။ ဝင့်ဝါသည် ထိုင်ခုံနောက်မှီမှာ ကျောကပ်မှီချကာ လက်နှစ်ဖက်ကို ခပ်တင်းတင်းဆုပ်ကိုင်ပြီး –

"အစ်ကိုက ဟို stick ကို ဘယ်လိုရှာတွေ့သွားတာလဲ"





"ဪ ... ဒါလား။ အစ်ကိုက ဒုရဲအုပ်တောင်ဖြစ်နေပြီဆိုတာ ဝင့်ဝါမမေ့နဲ့လေ။ ဝင့်ဝါ အဲဒီတိုက်အိမ်သော့ပေးကတည်းက ကိုယ် သဲလွန်စတွေ ရလိုရငြား မကြာခဏ ရောက်ဖြစ်ခဲ့တယ်၊ Stick ကို တွေ့တာလည်း မကြာသေးဘူး။ ဒီကြားမှာ ဝင့်ဝါနဲ့လည်း တိုက်တိုက်ဆိုင်ဆိုင် မတွေ့ဖြစ်တော့ မပြောဖြစ်ဘူးလေ"

"ဒါ ဒါနဲ့ အဲဒီ stick ကို အစ်ကိုဖွင့်ကြည့်ဖြစ်တယ်ပေါ့"

ဝင့်ဝါ မျက်နှာနီရဲနေလေသည်။ သူလည်း မျက်နှာတော့ ခပ်ပူပူ။ သို့သော်ငြား မမြင်ဖူးသေးသမားဆိုသကဲ့သို့ ဆရာဝန်ကလည်း မမြင်သင့်တာတွေ မမြင်ချင်လို့မရ။ ထို့အတူ သူတို့ရဲတွေကလည်း မမြင်သင့်တာတွေ မမြင်ချင်၍မရ။

ဒါတွေက သူတို့အတွက် သိပ်တော့မထူးဆန်း။ ဝင့်ဝါ အတွက်တော့ ရှက်ရွံ့စရာ ဖြစ်ကောင်းဖြစ်နိုင်သည်။ ဒါလည်း သူမရဲ့ အပြစ်တော့မဟုတ်။

"အဲဒါကို မြင်လို့သာ ဒီ stick ပိုင်ရှင်ဖြူးသိုက် မလွဲမသွေ ပြန်လာရှာမယ်လို့ ကိုယ်ပြောခဲ့တာပေါ့ ဝင့်ဝါရယ်"

"အစ်ကိုရယ်"

ထိုနေ့က တွေ့ဖြစ်ကြတယ်ဆိုတာကလည်း အလုပ်ကိစ္စ

သက်သက်ဆိုတော့ သူ ဝင့်ဝါကို တဝ်ပြားဟောင်းကြီး ဖွင့်မပြခဲ့ပေ။ ဝင့်ဝါကတော့ ထိုနေ့ကစပြီး သူနှင့်မဆက်သွယ်။ သူ ဖုန်းခေါ်လှမ်း မကိုင်တော့ပေ။

တိုက်ကိုမသွားရဲလို့ အိမ်ဘက်သွားတော့လည်း မဝင်ရဲလို့ တပ်ခေါက်ပြီး ပြန်ခဲ့ရတာက တစ်ကြိမ်တစ်ခါမကတော့ပေ။

"တို့ဆရာကတော့ ခုတစ်လော မြင်ရတာ အားမရလိုက်တာ ဗျာ။ ဆရာ ကျွန်တော်တို့ ဘာကူညီရမလဲ၊ အဲဒီလိုမနေစမ်းပါနဲ့ဗျာ"

ဟုပင် ဆရာစိုးမင်းက ပြောနေတော့သည်။

အရင်တုန်းကဆိုရင် တက်တက်ကြွကြွ ဖြစ်ခဲ့သောသူ၊ ခုကျ တော့ ဘာကို စိတ်အလိုမကျ ဖြစ်နေမှန်းမသိ။ စိတ်မရှည် စိတ်တို လွယ်လာပြန်ပြီ။

ဒေါ်လေးက –

"တူလေးကြည့်ရတာ အရင်အခြေအနေထက်ကို ပိုပြီးဆိုးလာ နေပါ့လား။ ဘယ်လိုဖြစ်တာလဲကွယ်"

"သူ ကျွန်တော့်ကို ရှောင်နေတယ် ထင်တယ် ဒေါ်လေးရာ။ လုံးဝကို အတွေ့မခံတာ။ ရှောင်နေတာ ဘာသဘောလဲဗျာ"

"ဩော် . . . ဒါလား"





ဒေါ်လေးက ဒါလားဟု ရေရွတ်လိုက်ပေမယ့် သူက ဒါပဲလို့ တောင် ပြန်မပြောနိုင်ပေ။

ဆရာစိုးမင်းပြောသလို သူမက နတ်သမီးဆိုတာ မှန်နေပြီ ထင်တယ်။ နတ်သမီးဆိုတာ ပြင်ပလောကမှာ တကယ်မှ မရှိတာ။ လူတွေရဲ့စိတ်ထဲမှာ ထင်ယောင်ထင်မှား ဖြစ်ပြီး နတ်သမီး တကယ်ရှိ တယ်လို့ ယုံကြည်နေကြသည်။

အမြွာ (၂) ကောင်လည်း သူ့ကိုလန့်လို့ ဒီအိမ်ဘက်တောင် မလာတော့ပေ။ သူ စိတ်ကိုထိန်းကြည့်သည်။ ထိန်း၍မရ။ သူမကို တွေ့ချင်သည့်စိတ်တို့သည် ဘာနှင့်မှ ဖျောသိပ်၍ မရတာ ဘာသဘော လဲ။

ဒီနေ့တော့ သူ့ရဲ့ သည်းခံနိုင်သော အတိုင်းအတာကုန်လွန် ပြီ။ အဆုံးစွန် အလုပ်ကတောင် ရှောင်တခင် ခွင့်ယူထားလိုက်သည်။ ခါတိုင်းဆို စခန်းမှာ အချိန်ရတုန်းလေး သူမဆီပြေးခဲ့ရတာဆိုတော့ အချိန်သိပ်မရ။

ခုတော့ သူမကို မတွေ့မချင်း စောင့်မယ်မှာဆိုတော့ အချိန်ယူ မှကို ဖြစ်မည်လေ။ ဟုတ်တယ်၊ ယောက်ျားတို့ရဲ့ သေခါမှလျှော့မယ် ဆိုတဲ့ စကားလေးတောင် ရှိသေးတာပဲ။

ဟော

ဂျာနယ်တိုက်ပေါ်မှ ဆင်းလာသော သူမကိုမြင်တော့ သူ့မျက်နှာ ဝင်းထိန်သွားသည်။ မတွေ့မမြင်ရတာကြာပြီဖြစ်တဲ့ သူမရဲ့ မျက်နှာကို တစ်ဝကြီးကြည့်ပစ်လိုက်သည်။

သူမသည် ဘောင်းဘီပွပွကြီးကို စပို့ရှပ်ကိုယ်ကပ်အကျီ လက်တို ပန်းနုရောင်နှင့် တွဲဝတ်ထားသည်။ ကျောပိုးအိတ်အနက်ကို လည်း ကျောတွင် လွယ်ထားလိုက်သေးသည်။ ကြီးအဖြူရောင်လေး တန်းလန်းဖြစ်နေသဖြင့် နားတွင် နားကြပ်တပ်၍ သီချင်းနားထောင်နေ တာ သိရသည်။

နားကြပ်တပ်ထား၍ သူမ ပတ်ဝန်းကျင်ကို အာရုံမရောက် နိုင်။ သူပြုံးလိုက်သည်။ လမ်းတိုဘက်ကျောကနေ သူ့ကိုကျော်သွား သော သူမရဲ့နောက် မလှမ်းမကမ်းကနေ သူ လိုက်ခဲ့သည်။

သူမက ရှေ့နောက် ဘေးဘီဝဲယာ လုံးဝမကြည့်ဘဲ ခပ်တည် တည်သွားနေခြင်းဖြစ်သည်။ ဘတ်စ်ကားဂိတ်သို့အရောက် ကံကောင်း စွာ ဘတ်စ်ကား ထိုးရပ်တာနှင့် ကွက်တိ။

သူမက ကားပေါ်သို့ ခပ်အေးအေးတက်သည်။ သူက ကား ဘီးတစ်လိမ့်ချင်း လိမ့်နေပြီမို့ အပြေးအလွှားတက်လိုက်ရသည်။





"အစ်ကိုရေ … အထဲထိတိုးပါ။ အပေါက်ဝမှာပဲ ပြုံတစ် ပြုံတစ် မလုပ်ကြပါနဲ့။ အထဲတိုးဝင်ကြပါ၊ အထဲတိုးဝင်ကြပါ"

စပယ်ယာလေးက ခရီးလမ်းအစအဆုံးကို မမောနိုင် မပမ်းနိုင် စွာ အော်သလို ကားထဲတွင် ကမ္ဘာပျက်နေသူများကိုလည်း ထိန်းထား နိုင်သည်။

စပယ်ယာကလည်း သူ့ဘက်စ်ကားပေါ်မှာတော့ ဘုရင် တစ်ဆူပါပဲ။

လမ်းပေါ်မှာတွေ့လို့ စကားနားမထောင်တာ ရှိချင်ရှိမည်။ ကားပေါ်မှာဆိုလျှင်တော့ စပယ်ယာစကားနားမထောင်၍ မရ။ နား မထောင်လျှင် သူ ငေါက်တာခံရမည်။

သူ့ရဲ့မဒီလေးကတော့ ပတ်ဝန်းကျင်မှာ ကမ္ဘာပျက်နေချင် ပျက်နေပါစေ သူနှင့်မသက်ဆိုင်သူလို သီချင်းနားထောင်မပျက်။ ဒါလည်း တစ်ခုတော့ကောင်းသည်။

ပတ်ဝန်းကျင်ကို အာရုံရောက်လို့ သူ့ကိုမြင်သွားလျှင် သူ့ကို အနားတောင် အကပ်ခံမည်မဟုတ်။

သူမှာ သူမမြင်မည်စိုး၍ ဟိုလူ့ပုန်းလိုက်၊ ဒီလူ့ပုန်းလိုက်နှင့် သူပုန်ကြီးလုံးလုံးဖြစ်နေသည်။

မဟာမြိုင်မှတ်တိုင်ရောက်တော့ သူမက ဆင်းသည်။ အထဲထဲမှ တိုးထွက်လာတော့ သူမှာ သူမ မမြင်အောင် ကမန်းကတန်း အရင်တိုးထွက်ရသည်။

ကားပေါ်က သူမအဆင်း။

"ဟိတ်"

"ဟင်"

"ဒါ ဘယ်ကိုလဲ၊ ဘတ်စ်ကားပေါ် ပြန်ပြေးတက်မလို့လား မရတော့ဘူး။ ဟိုမှာ ကားထွက်သွားပြီ"

သူမက သူ့ကို ထိတ်လန့်တုန်လှုပ်သည့်မျက်လုံးနှင့် ကြည့်ကာ –

"အစ် ... အစ်ကို ... ဘယ်လိုဖြစ်ပြီး"

အထစ်ထစ် အငေါ့ငေါ့နှင့်မေးသည်။ ရှောင်ပုန်းတာလူမိခံရသည့်အတွက်လည်း ရှက်ကိုးရှက်ကန်း ဖြစ်နေပုံရသည်။

သူ ပြုံးကာ သူမနှင့်အတူ မဟာမြိုင်လမ်းထဲသို့ ဝင်လာရင်း ...

"ခါးပိုက်နှိုက်တစ်ယောက် စောစောက ဘတ်စ်ကားပေါ် တက်သွားလို့ လိုက်ဖမ်းတာလေ"





"ရှင် ခါးပိုက်နှိုက် ဟုတ်လား။ ဖမ်းမိသွားပြီလား။ ကားကဖြင့် ထွက်သွားပြီ"

"မိသွားပြီလေ"

"ဘယ်မှာလဲ"

"ဟောဒီမှာလေ"

"ဟင်"

ဘယ်မှာလဲဆိုပြီး ပြူးပြူးပြာပြာ ရှာနေသော သူမကို လက်ညှိုးညွှန်ပြတော့ သူမ သူ့ကို မျက်လုံးဝိုင်းလေးနှင့် မော့ကြည့်သည်။

"ဟုတ်တယ်လေ၊ ညီမက အစ်ကိုမသိအောင် အစ်ကို့ရင်ဘတ်ထဲက နှလုံးသားကို ခါးပိုက်နှိုက်ထားလိုက်တာလေ"

"အို"

မျက်နှာနီနီဖြင့် သူမက ခေါင်းငုံ့သွားသည်။ ထိုမျက်နှာနီနီလေးကို သူ တစိမ့်စိမ့်ကြည့်ပြီး –

"ညီမ အစ်ကို့ကို ဘာလို့ရှောင်နေတာလဲ"

"ဘယ်မှာရှောင်လို့လဲ"

သူမက မျက်နှာမော့မကြည့်ဘဲ မပွင့်တစ်ပွင့်ပြောသည်။

"အစ်ကိုက ရဲနော်၊ ညီမ လိမ်နေရင်တောင် လူကြည့်ပြီး လိမ်"

"အံမာ ... ရဲဆိုပြီး ပြည်သူကို လာနိုင်စားလို့ ရမလား ... ဟွန်း"

"ဟောချာ"

ပက်ခနဲ မော့၍ ရန်တွေ့လိုက်သဖြင့် သူမှာ သဘောကျပြီး တဟားဟားရယ်မိတော့သည်။

"ကိုယ်ကဖြင့် ဘာမှ မနိုင်စားရသေးပါဘူးနော်။ ညီမကသာ ပြည်သူ့ဝန်ထမ်းရဲ့ ပိုင်ဆိုင်မှုနှလုံးသားကို နိုးပြီး ကြောင်လိမ်ကြောင်စား လုပ်နေတာ။ အစ်ကိုကတောင် တရားပြန်ဆွဲလို့ ရသေးတယ်"

တစ်ယောက်နှင့်တစ်ယောက် ချစ်တယ်၊ ကြိုက်တယ် မပြော ဖြစ်ကြသေးဘဲ ကွေ့ဝိုက်နေကြသည်။

သူမက ကျောပိုးအိတ်ကြိုးကို လက်နှစ်ဖက်နှင့် တွန်းကိုင်ပြီး ခေါင်းငုံ့ကာ –

"ဝင့်ဝါအတွက် အစ်ကို ကူညီခဲ့တဲ့ကိစ္စအတွက် ဝင့်ဝါ အမြဲ တမ်း ကျေးဇူးတင်ပါတယ်ရှင်"

"အစ်ကိုလိုချင်တာ ကျေးဇူးမဟုတ်ဘူး ညီမ"





"ရှင်"

"ဟုတ်တယ်၊ အစ်ကိုလိုချင်တာ ညီမရဲ့အချစ်၊ ညီမရဲ့ နှလုံးသားကိုပဲ"

"ရှင်"

သူမက တရှင်ရှင်နှင့် သူ့ကိုမော့ကြည့်ရင်း မျက်ရည်ဝိုင်း လာသည်။

"ဝင့်ဝါ"

မိန်းမလှလေးတစ်ယောက်ရဲ့ မျက်ရည်စကိုမြင်တော့ သူ ဘာလုပ်၍ ဘာလုပ်ရမှန်းမသိတော့ပေ။ ခြေမကိုင်မိ လက်မကိုင်မိနှင့်။

"အစ်ကို့ရဲ့စကားထဲမှာ ဘာအမှားပါသွားလို့လဲ။ ပါသွားခဲ့ရင် တောင်းပန်ပါတယ် ညီမရယ်။ အစ်ကိုက စကားပြောမတတ်လို့ပါ"

"အစ်ကို မမှားပါဘူး အစ်ကို။ တကယ်တော့ ဝင့်ဝါက အစ်ကိုနဲ့မထိုက်တန်ပါဘူး"

"ဘယ်လို"

သူမှာ ဝင့်ဝါရဲ့စကားကြောင့် အံ့ဩသွားရသည်။ မျက်စိပျက် မျက်နှာပျက်ဖြစ်နေသော သူမကိုကြည့်ရင်း သူ တဖြည်းဖြည်း သဘောပေါက်လာသည်။

ဘာတဲ့ သူနှင့်သူမက မတန်ဘူး ဟုတ်လား။

သူမရဲ့အစ်မကိုစွာနှင့် ပတ်သက်ပြီး အရက်သည်းကာ သူ့ကို အတွေ့မခံတာလို့ သူ သဘောပေါက်လိုက်သည်

ပုံမှန်သွားနေသော ခြေလှမ်းတွေကို ရပ်တန့်ပစ်ကာ သူမကို လည်း ရှေ့ဆက်လှမ်းလို့ မရအောင် လက်ဖျားကို လှမ်းဆွဲထား ပြီး . .

"ဘာဆိုင်လို့ အဲဒီလိုပြောတာလဲ၊ ကြည့်စမ်းပါဦး၊ ချော်တော ငေါ့ပြီး လုပ်ချင်တာတွေ လျှောက်လုပ်နေတယ်။ ဒီလူကြီးတစ်ယောက် တည်း ထိုင်လိုက်ထလိုက်နဲ့ ပူလောင်နေရတာ မသိဘူးလား။ ညီမ ကိုယ်တိုင်ကော စားဝင်အိပ်ပျော်လို့လား"

"ဘာလို့ စားမဝင်အိပ်မပျော် ဖြစ်ရမှာလဲ။ အစ်ကိုနေ ရဲလို့မပြောရဘူး လက်ရဲဇက်ရဲနိုင်လိုက်တာ လွှတ်"

"မလွှတ်ပါဘူး"

သူ့ကို မျက်စောင်းထိုးပြီး လက်ကိုရုန်းတော့ သူက မျက်စိ တစ်ဖက်မှိတ်ပြကာ ခေါင်းယမ်းလိုက်သည်။

"တကယ်ပြောတာ။ အဖြေပြန်ပေးလိုက်တော့ လုံးဝ မလွှတ် ပေးဘူး။ ဒီတိုင်းဆွဲပြီး အိမ်ခေါ်သွားမှာ"





"ဟွန့် . . . နစ်နာနေဦးမယ်။ သူကဖြင့် အဖြေဘယ်တုန်းက တောင်းဖူးလို့လဲ"

"မလိုဘူးလေ သနေပြီးသားပဲဟာ"

"ညီမက အားငယ်ရသူပါ အစ်ကိုရယ်"

"ဘာဆိုင်လို့လဲကွာ။ မဆိုင်တာတွေ ဘာလို့ပြောနေမှန်းကို မသိဘူး။ ကြားချင်တာက အစ်ကို့ကို ချစ်တယ်ဆိုတဲ့ စကားတွေပဲ။ မဆိုင်တဲ့စကားတွေ လာလာမပြောနဲ့၊ အချစ်ခုံရုံးမှာ တရားစွဲတော့ မှာနော်"

အတည်ပေါက်ကြီးနှင့် ပြောနေသူကို မော့ကြည့်ပြီး ဝင့်ဝါ မျက်နှာတဖြည်းဖြည်း ပြုံးလာသည်။ သူနည်းတူ စနောက်ချင်သဖြင့်

"အဲဒီလိုတရားစွဲချင်တိုင်း စွဲလို့ရလား။ ဘာပြစ်မှုနဲ့ စွဲမှာလဲ ပြောပါဦး"

"အချစ်ခုံရုံးမှာ (၁၅၀၀) မပေးမှုနဲ့ တရားစွဲမှာလေ"

"အံမယ်"

"ဟုတ်တယ်ဗျာ၊ **တရားရုံးကလည်း (၁၅၀၀) မပေးရင် အိမ်ထောင်ချပစ်လိုက်တဲ့။ ပြစ်ဒဏ်ကာလကကော သိရဲ့လား။ ထောင်ဒဏ် တစ်သက်တစ်ကျွန်းတဲ့ဗျာ"**

''အစ်ကိုနော် . . . လူကြည့်တော့ ခပ်တည်တည်ကြီးနဲ့ စော်တော် ပေါက်တတ်ကရ ပျက်တတ်တယ် . . . ဟွန်း''

ဝင့်ဝါ အမျက်မပါတဲ့ မျက်စောင်းနှင့် ပြောလိုက်သည်။ မမကို ''ငါနဲ့ပတ်သက်တဲ့သူတိုင်းကို အသက်ပေးချစ်ရတဲ့သူနဲ့သာ ဆုံစေချင်တယ်လို့ ပြောခဲ့ဖူးသည် မမကိုယ်တိုင် အသက်ပေးလိုက်ရပြီး ထပ်တူညီတဲ့ အချစ်ကိုမရတဲ့အတွက် နှလုံးသားရဲ့တစ်ထောင့် တစ်နေရာမှာတော့ မမအတွက် စိတ်မကောင်းခြင်းကတော့ ထာဝရရှိနေမည်သာ။

ကိုယ့်အတွက်ကတော့ ကိုယ့်ကိုချစ်သော ကိုယ်ကလည်း ချစ်သောလက်တွဲဖော်နှင့် ဆုံဆည်းခဲ့ရသဖြင့် မမလည်း ဝမ်းသာနေလိမ့်မည်ဟု ဝင့်ဝါ ယုံကြည်ရင်း အစ်ကိုဆုပ်ကိုင်ထားသော လက်ချောင်းများကြားမှာ အစ်ကို့လက်ကို ပြန်ဆုပ်ကိုင်လိုက်မိတော့သည်။

**လေးစားစွာဖြင့်**

**လိုင်းကြာဖြူ (လားရှိုး)**



၂၀၁၇ ဇွန်လ

တွင် ဖတ်ရှုနိုင်ပါပြီ . . .

# မမသဒ္ဒါမောင်

ဒဏ်ရာနောက်က မျက်ရည်

# ကြယ်စင်မှူးဝေ

အမုန်းတံမ်ဆင့် လွမ်းနေရင့်

# မိုးစက်မှင့်

မငိုတတ်သူရဲ့ မျက်ရည်

# လိုင်းကြာဖြူ

အဆိပ်တက်အိပ်မက် အိပ်ပျက်ညပေါင်း

ကုဋေကုဋာ